www.dhammaransi.com



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ဘီအေ)

# ဆရာမြတ်ဂုဏ်ရည်

www.dhammaransi.com

'ဆွေသဟာ' စာပေ

အမှတ် ( ၅၅ ) ၊ (စ) ရပ်ကွက်

သုနန္ဒာ(၃)လမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

☎ - ၀၁-၉၆၉၀၃၂၄

- ၀၉၇၃-၀၈၆၉၃၂

www.dhammaransi.com

# ဖြန့်ချိရေး

**ဆွေသဟာ** စာပေ

အမှတ် (၅၅)၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၉၀၃၂၄ ၊ ၇၃၀၈၆၉၃၂

◆

**မြတ်ပန်းရဂုံ** စာပေ

အမှတ်(၁၉၄)၊ မြေညီထပ်၊ ၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁ ၃၉၄၅၀ ၊ ၀၉၅၁ ၅၅၇၄၃

www.dhammaransi.com

# ကမ္ဘာ့ဆရာများနေ့

## WORLD TEACHERS DAY

အောက်တိုဘာလ ၅ ရက်

လောကကို ပညာဖြင့် အလှဆင်သူ၊ သောကကို ကရုဏာဖြင့် ပြေပျောက်သူ၊
အများအကျိုးကို ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်တတ်သူ—ဆရာဟူ၏။

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို **နှောင့်ယှက်ဖျက်ဆီးသူများ**အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာရေး
- ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.dhammaransi.com

# ဆရာမြတ်ဂုဏ်ရည်

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ဆွေသဟာစာပေဖြန့်ချိရေး

၈/၅၅၊ သုနန္ဒာ ၃ လမ်း၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။ ဖုန်း - ၆၉၀၃၂၄

www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ် * ၄၀၀၁၂၄၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၄၀၀၃၆၆၀၅၀၆
ပထမအကြိမ် * ၂၀၀၅ - ခုနှစ်၊ ဩဂုတ်
အုပ်ရေ * ၁၀၀၀
အဖုံးဒီဇိုင်း * Conqueror အောင်လွင်
ကွန်ပျူတာစာစီ * ဆွေသဟာ

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြဲ - ၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြဲ - ၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.dhammaransi.com

# မာတိကာ

၁။ အမှာစာ

## အခန်း(၁)

၂။ ဆရာဆိုသည်မှာ

- ဆရာဟုခေါ်ဆိုရခြင်းအဓိပ္ပါယ်
- ကမ္ဘာပညာရှင်များအမြင် ဆရာဟူသည်
- မြတ်သောဆရာဘဝ ရရန်မလွယ်
- လောကလူသားတို့တွက် ဆရာလိုပါသည်
- ဆရာအလုပ် ခါးသွေးကျောက်
  ဖယောင်းတိုင်လို တို့မသွားကုန်မသွားပါ
- ဆရာ၏အဆုံးအမနှင့် တပည့်၏ အမြင်
  စိတ်ထား

## အခန်း(၂)

၃။ ဤလောက၌ ဆရာဖြစ်ပေါ်လာမှုအဆင့်ဆင့်

- ဗြဟ္မာဆရာ ဖြစ်ပေါ်လာခြင်း
- မဟာသမ္မတမင်းဆရာ ဖြစ်ပေါ်လာခြင်း
- မူနိဆရာ ဗြဟ္မဏဆရာဖြစ်ပေါ်လာခြင်း
- ဒိသာပါမောက္ခဆရာဖြစ်ပေါ်လာခြင်း

www.dhammaransi.com

- ပုဏ္ဏားဆရာ(ပရောဟိတ)နှင့်ရသေ့ဆရာ တို့ ဖြစ်ပေါ်လာခြင်း
- ရဟန်းဆရာများ ဖြစ်ပေါ်လာခြင်း
- ပညာရေးကို ရဟန်းဆရာများ ဦးဆောင် လာခြင်း
- လူဆရာ ဆရာမများ ဖြစ်ပေါ်လာခြင်း

**အခန်း(၃)**

၄။ ဆရာအမျိုးမျိုးနှင့်ဂုဏ်ရည်တာဝန်
- ဆရာအမျိုးအစားများ
- ဆရာ၏ဂုဏ်ရည်များ
- ဆရာတာဝန်နှင့်ကျင့်စဉ်များ
- မိလိန္ဒခေတ် ဆရာကျင့်ဝတ်နှင့်တာဝန်များ
- သိပ္ပံခေတ်ဆရာ ဆရာမတို့၏တာဝန်များ
- ဆရာနှင့်ကမ္ဘာ့ပညာရှင်များအမြင်

**အခန်း(၄)**

၅။ ဆရာမြတ်တို့၏ အနှိုင်းမဲ့ဂုဏ်ဇာတ်လမ်းစုံ
တပည့်အတွက် မိခင်ကိုစတေး၍
ပညာသင်ပေးခဲ့သော ဆရာမြတ်

www.dhammaransi.com

ဆရာသည် တပည့်ထက်လက်စောင်း
ထက်ရမည်

တပည့်၏ အနာဂါတ်နှင့်ဆရာ၏
မေတ္တာဓာတ်

တပည့်တွက်တာ နောင်ကျိုးငှာဆုံးမသည်
မြတ်ဆရာ

ဆရာမြတ်နှင့် ရှင်မဟာကဿပ

ဆရာမေတ္တာစေတနာ ဆီးဖြူသီးပမာ

လတစ်စင်းပမာ ဘဝအလင်းပေးသည်မှာ
မြတ်ဆရာ

ဆရာ၏ဝမ်းသာမျက်ရည်

ဆရာမြတ်၏အားမာန်

www.dhammaransi.com

# အမှာစာ

ယနေ့ခေတ်တွင် စာပေပညာသင်ကြားရာ၌ သူငယ်တန်းကလေးမှသည် အထက်တန်းအထိ ကျူရှင်ယူရသည်။ တက္ကသိုလ်အဆင့်မှာလည်း ကျူရှင်ယူရသည်။ ကျူရှင်ယူမှ အမှတ်ကောင်းကောင်းရသည်။ စာမေးပွဲကို ချောချောမွေ့မွေ့အောင်သည်ဟု ကျောင်းသားရော မိဘများကပါ လက်ခံယုံကြည်နေကြပါသည်။

စာရေးသူကိုယ်တိုင် ပညာရေးလောက၌ ကျောင်းဆရာအဖြစ်(၁၄)နှစ်ကျော်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ပညာရေးကို အလွန်တန်ဘိုးထားကြသော အသိုင်းအဝိုင်းမြို့နယ်ဖြစ်သည့် အထက(၁)

www.dhammaransi.com

လမ်းမတော်(စိန်ဂွန်း)၊ အလက(၁)လသာ၊ အထက(၂) ပန်းဘဲတန်းတို့၌ တာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းသား ကျောင်းသူရော၊ ဆရာဆရာမများပါ ကျူရှင်သင်ခြင်းကို စိတ်မဝင်စားကြပါ။ နိုင်ငံတော်က ထိုက်သင့်သော လစာ ရိုကွာယူထားသော ဆရာ/ဆရာမဟူသည် တပည့် ကျောင်းသား/ကျောင်းသူအပေါ်မှ ငွေကြေးယူပြီး ပညာ သင်ပေးရမည်ကို အလွန်ရှက်ကြပါသည်။ မိမိ၏မြင့်မြတ် သော ဆရာဘဝကို တပည့်နှင့် မိဘတို့က ငွေကြေးဖြင့် တန်ဘိုးဖြတ်မည်ကို အလွန်ကြောက်လန့်ရှက်ရွံ့မိကြသည်။ သို့အတွက် ကျူရှင်မပေး၊ ညံ့သောကျောင်းသား/ ကျောင်းသူ၊ စာမလိုက်နိုင်သောကျောင်းသား/သူ ရှိပါက အချိန်ပိုသင်ပေးလေ့ရှိပါသည်။ အိမ်ခေါ်ပြီး အခမဲ့ သင်ကြလေ့ ရှိပါသည်။

ကိုယ်တိုင်သည်ပင် အမက၊အလက၊ အထက တက္ကသိုလ်အဆင့်ဆင့် တက်ရောက်ပြီး ပညာသင်ကြားခဲ့ ရပါသည်။ ယခုခေတ်ကဲ့သို့ သူငယ်တန်းမှသည် တက္ကသိုလ် အထိကျူရှင်ယူရသော အခြေအနေ မရှိခဲ့ပါ။

ဆရာ ဆရာမကလည်း ကျောင်းမှာသာ အထူး အာရုံစိုက်ပြီး သင်ပေးသလို တပည့်များကလည်း ကျောင်းမှ

www.dhammaransi.com

ဆရာ့ဆရာမသင်ပေးသောစာကို အထူးကြိုးစား လေ့ကျင့်သင်ဒ်သည်သာ ရှိခဲ့ကြပါသည်။

ပညာနှင့် ပညာ၏တန်ဘိုး ငွေကြေးပူဇော်မှုသည် ယနေ့ခေတ်မှ ပေါ်လာသည်မဟုတ်ပါ။ ရှေးဒိသာပါမောက္ခ ခေတ်ကာလကပင် ဆရာကို ပညာသင်ငွေပူဇော်ပြီးမှ ပညာသင်ယူရသော အစဉ်အလာရှိခဲ့ပါသည်။

မည်သို့ပင်ငွေကြေးပေးရသည်ဖြစ်စေ ဆရာသည် ဆရာပင်ဖြစ်သလို ဆရာ၏မေတ္တာ စေတနာသည် တပည့်သားများအပေါ် ယုတ်လျော့သည် မရှိပါ။ ထိုမေတ္တာ စေတနာသည်ပင်လျှင် ဆရာ၏ကျေးဇူးဂုဏ် ဖြစ်ပါသည်။ ဆရာ၏ ပညာသင်ကြားပေးမှု ဖြန့်ဝေမှုသည် ရောင်းပစ္စည်းများ ရောင်းနင်းပြုသော အရောင်းအဝယ် သဘောမျိုးမဟုတ်ပါ။ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာ သဘောအရ ဆက်ဆံသင်ကြားသင်ယူရသော လုပ်ငန်းဖြစ်ပါသည်။

တပည့်တို့က ဆရာကို ဆရာ၏စားဝတ်နေရေး အဆင်ပြေစေရေးအတွက် စေတနာဖြင့် ညာလ်ပူဇော်ခ ပူဇော်ရသလို ဆရာကလည်း တပည့်အပေါ် မေတ္တာ သဒ္ဓါ တရားအပြည့်အဝဖြင့် ပညာပြန်လည် သင်ကြားပေးရပါသည်။

www.dhammaransi.com

ဆရာကလည်း ငွေကြေးဟူသော အကြောင်းဖြင့် တပည့်များအပေါ် မျက်နှာကြီးရာဟင်းဖတ်ပါ သဘောမျိုး အဂတိလေးပါး လိုက်စားသော သဘောမျိုးမထားဘဲ ပညာသင်ကြားရန် လိုအပ်ပါသည်။

မြတ်ဆရာများဟူသည် ပုခက်လွှဲသောမိခင်လက် ကဲ့သို့ပင် တိုင်းပြည်၏ကံကြမ္မာ လူသားများ၏ကံကြမ္မာ၊ ဘဝအသီးသီး၏ ကံကြမ္မာကို ဖန်တီးပေးစွမ်းနိုင်သောသူများ ဖြစ်၍ ဆရာ၏တာဝန်နှင့် ဂုဏ်သိက္ခာသည် အနှိုင်းမရှိ အတိုင်းမသိ ရှိနေပါသည်။

ထိုသည်ကို တပည့်များ သိစေလိုပါသည်။ ဆရာများကိုယ်တိုင်ကလည်း ငါသည် ဘယ်လိုလူ ဘယ်လို အဆင့်အတန်းမှာ ရှိနေသည်။ ငါ့မှာ ငွေရေးကြေးရေး မပြည့်စုံ တစ်ပြားမရှိလင့်ကစား ငါ၏စေတနာတန်ဘိုးသည် မည်မျှတန်ဘိုးရှိသည် အရေးပါသည်ကို သိစေလိုပါသည်။

သို့တွက် စာရေးသူသည် ဤ“မြင်ဆရာဟူသည်” ဟူသောစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကျူရှင်နှင့် ဆရာ့ကိစ္စဆွေးနွေးလာသော မိဘများ၊တပည့်များနှင့်

www.dhammaransi.com

ဤဆရာဂုဏ်ကျေးဇူးကို အထူးကျေးဇူးတင်ရှိအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)
ဦးကိုကိုမြိုင်
အမှတ်၊စ/၅၅၊သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

www.dhammaransi.com

# မြတ်ဆရာ

*　ချစ်ခင်သနား တပည့်များ၏
ကြီးပွားချမ်းသာ တိုးတက်လာအောင်
ကောင်းစွာမချွတ် ကျင့်ဆောင်တတ်
ထူးလတ်မြတ်ဆရာ။

*　သိလာစာသား တရားကျေးဇူး
စွမ်းရည်များကြောင့် ချိုးကျူးမကုန်
ဂုဏ်ပေါင်းစုံကို ပွားလုံအောက်မေ့
တရားမေတ္တာ ကောင်းစွာလေးမြတ်
ဆည်းကပ်အပ် ထူးလတ်မြတ်ဆရာ

*　သင်ပြတတ်ကြား မြင့်ကြားဆရာ
ဤသုံးဖြာကြောင့် ကောင်းစွာပွားတိုး
လူ့တန်ခိုး တန်ဘိုးတက်နိုင်ပါ။

(တိပိဋကယောဆရာတော်)

www.dhammaransi.com


# အခန်း(၁)
# ဆရာဆိုသည်မှာ

## ဆရာဟုခေါ်ဆိုရခြင်းအဓိပ္ပါယ်

ဆရာနှင့်ပတ်သက်၍ မြန်မာဗုဒ္ဓဘာသာဝင်တို့၌ မနှိုင်းယှဉ်အပ်သောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၍ မမေ့အပ် မမေ့ကောင်းသော ဆရာသမားဟူသည် ရတနာသုံးပါး မိဘများနှင့် တန်းတူအနန္တဂိုဏ်းဝင်ဟု သတ်မှတ်ယုံကြည် ထားကြပါသည်။

အနန္တဂုဏ်က အဆုံးအပိုင်းအခြားမရှိသော ဂုဏ် ကျေးဇူးရှိသူများဟု အဓိပ္ပါယ်ရပါသည်။

www.dhammaransi.com

## ၂ တတ္တသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ပါဠိဝေါဟာရ၌ သတ္ထာ,အာစရိယ,ဥပဇ္ဈာယ ဟူသောပုဒ်များသည် "ဆရာ"ဟူသော မြန်မာအနက် အဓိပ္ပါယ်ကို ဖော်ညွှန်းပြသော စကားများ ဖြစ်ကြပါသည်။

ပါဠိအဖွင့်၌ -

- သိဿာနံ ဟိတံကာရေ တီတိ အာစရိယော
- အာဒိတော ဓာရေတိ သိက္ခာပေတိ အာစရိယော

တပည့်တို့၏ အကျိုးစီးပွားကို ပြုကျင့်တတ်သူသည် ဆရာ၊

- ရှေးဦးစွာ အတတ်ပညာကို သင်ပေးတတ်သူသည် ဆရာ၊

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာစာအဘိဓာန်၌-

"ဆရာဟူသည် သွန်သင်လမ်းပြ ဆုံးမတတ်သော ပုဂ္ဂိုလ်၊ ပညာသင်ကြားပို့ချပေးသောပုဂ္ဂိုလ်၊အတတ်ပညာ တစ်ခုခု၊လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သောပုဂ္ဂိုလ်ကို ဆရာ" ဟူ၍ ခေါ်ကြောင်းပြ ထားသည်။

ဆရာသခင်ကျေးဇူးရှင်သည်-

မိမိတို့၏တပည့်များကို မသိသည်ကို
သိအောင် ဆိုတတ်၏၊

www.dhammaransi.com



- မရှိသည်ကို ရှိအောင်ဖြည့်ဆည်းပေးကြ၏။
- မတတ်သည်ကို တတ်အောင်သင်ပေးကြ၏။
- တပည့်ဖြစ်သူတို့အား လူ့ဘဝခရီးလမ်းကို ဖြောင့်တန်းအောင် သွားလာတတ်စေရန် ညွှန်ကြားပေးတတ်သော မီးရှူးတိုင်ကြီးသဖွယ် ဖြစ်ကြ၏။

သို့ပင် သို့ဖတ် သို့မှတ်သို့ရေး သို့မေး သို့ဖြေ သို့နေ သို့ထိုင် ပဲ့ကိုင်ဆုံးမ သွန်သင်ပေးတတ်ကြသဖြင့် တပည့်တို့၏ လမ်းညွှန်လှေသူကြီးသဖွယ်လည်း ဖြစ်ကြ၏။

မည်သို့မဆို အထက်တန်းကျ၍ လှပသော ဘဝတစ်ခုကို တည်ဆောက်နိုင်ရန်အတွက် ဆရာနှင့်ကင်း၍မရ။

"ပညာကိုလိုသောသူသည် ဆရာကိုချဉ်းကပ်ရာ၏" ဆိုသည့်အတိုင်း ဆရာသမားကို ချဉ်းကပ်၍ ဘဝပညာရှာဖွေကြရသည်။ မေတ္တာ စေတနာအရင်းခံသော ထိုဆရာသည် လောကတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်၍ ပူဇော်ထိုက်သောသူ ဖြစ်ရပါသည်။

www.dhammaransi.com



နီတိကျမ်း၌-

- တပည့်ကို အကျိုးသင့်အကြောင်းသင့် ဆုံးမတတ်သူ။
- တပည့်ကြီးပွားတိုးတက်ရေး နည်းလမ်းကို အမြဲကြံဆောင် ညွှန်ပြတတ်သူ။
- မည်သည့်အခါမှ တပည့်များ ပျက်စီးစေရန် အကျိုးဆုတ်ယုတ်စေရန် ညွှန်ပြလေ့ မရှိသူ။
- တပည့်အကျိုးစီးပွားကိုသာ အလိုရှိသူ။

ဤသူသည်သာ တပည့်များအတွက် ဆရာကောင်းဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။

ကဝိသာရမဉ္ဇူကျမ်းတွင် -

"ချစ်ခင်သနား၊ တပည့်များ၏၊ ကြီးပွားချမ်းသာ၊ တိုးတက်လာအောင်၊ ကောင်းစွာမပြတ်၊ကျင့်ဆောင်တတ်၊ထူးလတ်မြတ်ဆရာ"။

"သီလစသား၊ တရားကျေးဇူး၊ စွမ်းရည်ထူးကြောင့်၊ ချီးကျူးမကုန်၊ ဂုဏ်ပေါင်းစုံကို၊ ပွားထုံအောက်မေ့၊

www.dhammaransi.com



တရားမွေကား၊ ကောင်းစွာလေးမြတ်၊ ဆည်းကပ်
အပ်၊ ထူးမြတ်ဆရာ"ဟု ဖွင့်ဆိုထားပါသည်။

မဃဒေဝလင်္ကာ၌-

"ရှေ့ရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊အခြပြစ်
မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်
က၊ ဆုံးမတတ်သူဆရာဟူလော့"ဟူ၍ ဆိုထားပါ
သည်။

ဆရာဟူသည်-

"လောကကို ပညာဖြင့် အလှဆင်သူ"

"လောကကို ကရုဏာဖြင့် ဖြေဖျောက်ပေးသူ"

"အများအကျိုးအတွက် ကိုယ်ကျိုးကိုစွန့်၍
ဆောင်ရွက် ပေးတတ်သူ ဆရာဟူ၏"
ဟု ပညာရှင်များက မိန့်ဆိုထားပါသည်။

ဆရာဟူသည်-

မိမိတတ်သိကျွမ်းကျင်သောပညာကို မေတ္တာ
အရင်းခံ စေတနာအရင်းခံ အကြင်နာနှင့် စာနာတရားများ

www.dhammaransi.com



ပဓာနထားပြီး ဝါသနာအလျှောက် ထာဝရ မဆုတ်မနစ် ကြိုးပမ်းအားထုတ် ဆောင်ရွက်သူ၊ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ နောက်တန်းမှာထားပြီး ဆောင်ရွက်သူ။

ထိုသူမျိုးကို လူ့အဖွဲ့အစည်းတွင် အသပြာဆရာဟု မသတ်မှတ်ဘဲ စေတနာရှင် စေတနာဆရာဟူ၍ သတ်မှတ် အားထားကြလေ့ရှိ၏။
ဟူ၍ ပညာရှင်တို့က မိန့်ကြားထားပါသည်။

ဆရာဟူသည်-

-တပည့်များအား အသိပညာ၊ အတတ်ပညာ သင်ပေးသည်။

-အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက် တတ်ရန် လမ်းညွှန်ပဲ့ကိုင်ပေးတတ်သည်။

-လိမ္မာယဉ်ကျေးသိမ်မွေ့စေရန် ဆုံးမပေးသည်။

-လမ်းကောင်းလမ်းမှန်သို့ ဦးတည်ပေးသည်။

-နိုင်ငံသားကောင်း အသိစိတ်ဓာတ် ပြည့်ဝစေရန် အတွေးအခေါ် မှန်ကန်စေရန် နည်းလမ်းပြသ ပေး သည်။

www.dhammaransi.com

-နိမ့်ရာမပို့ မြင့်ရာသို့ ပို့ဆောင်ပေးတတ်သည်။

-တပည့်များ ကောင်းစားရေးတိုးတက်ဖြစ်ထွန်းရေး အတွက် **ထကြွနိုးကြား** သနား,သည်းခံ ဝေဘန် **ထောက်ရှု**မှုဖြင့် ရေအဟုန်နှင့်တူသော မေတ္တာ ကရုဏာကို ရင်နှင့်အမျှပွားပြီး ပြုစုပျိုးထောင် ပေးလေ့ရှိသည်။

ထိုသူသည် မြတ်သောဆရာမည်ပေ၏ ဟူ၍ ပညာရှင်တို့က မိန့်ကြားထားပါသည်။

ဆရာသည် အရာရာကြည့်ရှုသုံးသပ် ဆုံးဖြတ် နိုင်အောင် လောကအသိ,ဘဝအသိ,ဓမ္မအသိကို တပည့်များ ၏ မျက်စိနှင့်နားမှတစ်ဆင့် တန်းစေ့လမ်းစေ့ ထည့်သွင်း ပေးသည်။ တပည့်များ၏ ဉာဏ်မျက်စိနှင့် ဉာဏ်နားကို ပွင့်လင်းသွားအောင် ဖွင့်ပေးသည်။

အနီးကပ်သင်ကြားပြသ ဆိုဆုံးမသော ဆရာသည် တပည့်အပေါ်၌-

မေတ္တာဖြင့် အရိပ်ပေးသည်။

(ဆရာအရိပ်အေးမြကြောင်းကို-

www.dhammaransi.com



"သုခံ့စုက္ခဿ သာယာယ တတော ဉာတိ
မာတာပိတု တတော အစရိယော ရည္ဆော
တတော ဗုဒ္ဓဿ သာသနံ"

ဟု ဟောထားရာ မိဘဆွေမျိုး အရိပ်ပြီးက ဆရာ့အရိပ်က အေးမြကြောင်း ဟောထားပါသည်။

- စည်းကမ်းဖြင့် အလှဆင်သည်။
- ပညာဖြင့် ထယ်ဝါအောင် ဂုဏ်ကျက်သရေ အဆင့်ဆင့်တင်ပေးသည်။
- မတိမ်း မစောင်းအောင် ထိန်းကျောင်းပေး သည်။
- မဆုတ်မရပ် မချော်ရအောင် အချိန်မီပြီးစီး အောင် ပန်းတိုင်မရောက်မချင်း တွန်းပေး သည်။
- လမ်းမမှားရအောင် ညွှန်ကြားပေးသည်။

ဆရာကောင်းသည် တပည့်ကောင်း၏ အထိန်း တွန်းအား လမ်းညွှန်ကောင်းဖြစ်သည်။

ဆရာကောင်းသည် တပည့်များကို-

- မေတ္တာတရားဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ

www.dhammaransi.com


မိသားစုစိတ်ဓာတ်ထားကာ အတူလက်တွဲ နေထိုင်နိုင်ရေးအတွက် ဦးဆောင်ပေးသည်။ မေတ္တာလွှမ်းခြုံ ပေးသည်။ မေတ္တာဓာတ် ကူးစက် စိမ့်ဝင် စေသည်။

အဆင့်မမီသေးသော တပည့်များ အခက် အခဲ ကြုံနေရသူတပည့်များကို ကရုဏာဖြင့် ကြင်နာသနား စာနာစိတ် ထားကာ ဖေးမ ကူညီ စောင့်ရှောက်ပေးသည်။

တကယ်ကြိုးစား၍ တကယ်တော်သူ ကောင်းသူများကို လက်မနှေးဘဲ မုဒိတာ ဖြင့်ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင်ချီးမြှောက် ပေးသည်။

မတော်မကောင်း တိမ်းစောင်းသွားသူ အပြစ် ရှိသူများကို စိတ်ဆိုးမှု ပူလောင် မုန်းတီးမှုမပါဝင်စေဘဲ ဥပေက္ခာဖြင့် အေးမြ စွာ ပြစ်ဒဏ်ပေးသင့်သည်။

အပြစ်ရှိသူများကို ဒဏ်ခတ်ရာ၌ပင် ဒေါသ အပူကို မပါဝင်စေရပါ။

www.dhammaransi.com



- ကိုယ်က အကောင်းဆုံးဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်း သွန်သင်ပေးပါလျက် မလိုက်နာနိုင်လျှင် သူ့ကံနှင့် သူသာဖြစ်၍ အေးမြကြည်လင်စွာ လက်လွှတ်ပေးလိုက်ရမည်။

အကျင့်သိက္ခာ ပြည့်ဝ၍ ဗြဟ္မဝိဟာရတရားဖြင့် စောင့်ရှောက်ထိန်းသိမ်း သွန်သင်ပေးတတ်သော ဆရာမြတ်သည် တပည့်များ၏ အခါခပ်သိမ်း မမေ့အပ်သော ချစ်မြတ်နိုးအပ် အားထားအပ် လေးစားဂုဏ်ယူအပ်သော ဆရာထူး ပုဂ္ဂိုလ်ထူး ဖြစ်ပေသည်။" ဟူ၍ ဝိနယာလင်္ကာရဆရာက ဖွင့်ဆိုထား ပါသည်။

လောက၌ မျိုးစေ့ကောင်း၍ အပင်ကောင်းသည်။ အပင်ကောင်းမှ အသီးအပွင့်ကောင်းနိုင်သည်။ အသီးအပွင့်ကောင်းမှလည်း မျိုးစေ့ကောင်းကို အဆက်မပြတ်ရရှိနိုင်မည်ဖြစ်သလို ဆရာကောင်းမှ တပည့်ကောင်းများ အဆက်မပြတ်ပေါ်ထွက်နိုင်သည်။ သို့တွက် ဆရာသည် ဆရာကောင်းဖြစ်ရန် မိမိကိုယ်ကိုမိမိ ခါးပမာ အမြဲလေ့လာဖတ်ရှုမှတ်သား၍ ထက်မြက်နေစေရန် စီမံဆောင်ရွက်နေရမည်။

www.dhammaransi.com


တပည့်များ ပညာရှာမှီးရာတွင် ဆရာသည် အဓိက ဖြစ်သည်။ ဘုရားရှင်က အင်္ဂုတ္တိုရ်တွင် ဆရာကောင်းကို ရှာဖွေ ဆည်းကပ်သင့်ကြောင်းဟူ၍ တပည့်၏ ပညာရှာနည်း (၇)နည်းတွင် လမ်းညွှန်ဟောကြားခဲ့ပါသည်-

၁။ နည်းနာအမျိုးမျိုးကို မေးမြန်းရှာမှီးရခြင်း

၂။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ သန့်ရှင်းစွာထားရခြင်း

၃။ သဒ္ဓါ,ပညာ,ဝိရိယနှင့် သမာဓိကို အညီအမျှထားရခြင်း

၄။ လိမ္မာပါးနပ်ပြီး ပညာရမှုကို အမြဲလိုလားတောင့်တနေရခြင်း

၅။ ဉာဏ်နည်းသူကို ဆရာအရာမထားဘဲ ရှောင်ကြဉ်ရခြင်း

၆။ ပညာရှိသော ဆရာကို မှီဝဲရခြင်း

၇။ အရာဌာနတိုင်း၌ နက်နဲသောပညာဖြင့် အမြဲဆင်ခြင်နေရခြင်း

www.dhammaransi.com



ဟူ၍ရှိရာ ဉာဏ်နည်းသူဆရာကို ရှောင်ကြဉ်ရခြင်း အင်္ဂါတစ်ချက် နှင့် ပညာရှိသော ဆရာကို မှီဝဲရခြင်း အင်္ဂါတစ်ချက် ပါရာ ဆရာဟူသည် တပည့်တို့ အသိအလိမ္မာ ဉာဏ်ပညာရရေး ကြီးပွားတိုးတက်ရေးအတွက် မည်မျှအရေးပါ၍ ဆရာက မည်မျှဂုဏ်အရည်အချင်းပြည့်ဝရန် လိုအပ်ကြောင်း ဖော်ပြနေပါသည်။

အင်္ဂလိပ်ဘာသာစကားတွင် ဆရာဟူသောစကားကို TEACHER ဟူသော ဝေါဟာရဖြင့် ခေါ်ထားသည်။ ထိုTeacherဟူသောစကားသည် လက်တင်စကားဟောင်းဟု ဆိုပါသည်။ Trea ဟူသောစကားလုံး Church မှ ch ဟူသော စကားလုံးကိုယူပြီး ပေါင်းထားသည်ဟု ဆိုပါသည်။ မူလစကား၏အနက်မှာ ဘုရားကျောင်း၌ရှိသော ယုံကြည်လေးစား အားထားရာဆရာ(၃)ပါးဟု ဆိုလိုသည်။ ခရစ်ယာန်ဘာသာဝင် တို့အနေဖြင့် ဘုရားကျောင်း၌ ရှိသေသမှုပြုရပြီး ထိုဘုရား ကျောင်းမှ သင်ကြားပြသ၍ လူကြီးလူကောင်းဖြစ်လာရသည်။ ထိုဘုရားကျောင်းမှ သင်ကြားပြသပေးပြီး အလေးအမြတ် ထားရသူမှာ အဘဘုရား+သားဘုရားနှင့် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သည်။ ဗုဒ္ဓဘာသာတို့အနေနှင့်မူ ဘုရား တရား သံဃာ

www.dhammaransi.com


ရတနာသုံးပါးဟုယူက ရနိုင်ပါသည်။ ထို(၃)ပါးကို ရည်ရွယ်ပြီး Teacher ဟူသောစကားလုံးကို သုံးခဲ့သည်ဟု ဆိုပါသည်။ ထိုစကားလုံးတွင် တစ်လုံးစီ၏ အဓိပ္ပါယ်သည် လေးနက်သော အဓိပ္ပါယ်သဘောပါရှိသည်ဟု ဆိုပါသည်။

Teacher - ဟူသောစကားလုံးတွင်-

T=TALENTED - လုပ်ရည်ကိုင်ရည် ရှိရမည်။

E=EXPERT - မိမိသင်ကြားပေးရမည့် ဘာသာရပ်အတွက် အထူးတတ်ကျွမ်း ရမည်။

A= ACTION - တပည့်တို့အတွက် အမြဲတက်ကြွစွာလုပ်ကိုင် ဆောင်ရွက် နေရမည်။

C=CLEVER - လိမ္မာပါးနပ်ပြီး တော်ရ တတ်ရမည်။

H=HONEST - ဖြူစင်ရိုးသားဖြောင့်မတ်ရမည်။

E=EXPERINCE - အတွေ့အကြုံ ဗဟုသုတ ရှိရမည်။

www.dhammaransi.com



R=RESEARCH - သေချာစွာ စူးစမ်းရှာဖွေပြီး သုတေသနမှတ်တမ်း ပြုထားတတ်ရမည်။

ဟူ၍ Teacherနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ဖွင့်ဆိုရေးပြ ထားသည်ကို တွေ့ရပါသည်။

လောကကို ပညာဖြင့်အလှဆင်သူ၊ လောကကို ကရုဏာဖြင့် ဖြေဖျောက်သူ၊ ကိုယ်ကျိုးစွန့်၍ အများအကျိုးကို ဆောင်ရွက်တတ်သူမျိုးကို ဆရာဟူ၍ ခေါ်ဆိုကြောင်းကို အင်္ဂလိပ်စာပေတွင် A Teacher is the embellisher of the world with knowledge, the dinimisher of worries with compassion, the self-sacrifier for the weal of all ဟူ၍ ဖော်ပြထားပါသည်။

ထို့ကြောင့် ဤလောကဝယ် ဆရာဟူသည် လောကအကျိုး လူသားအကျိုး ကောင်းကျိုးအထွေထွေ ရရှိရန် ဆောင်ရွက်ပေးတတ်သူဖြစ်၍ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မြတ်ဆရာဟူ၍ ဆိုလိုပါသည်။

www.dhammaransi.com



# ကမ္ဘာ့ပညာရှင်များအမြင် ဆရာဟူသည်

"တိုင်းပြည်တစ်ပြည်၏ အနာဂါတ်ဟာ ဆရာတွေရဲ့ လက်ထဲမှာရှိတယ်လို့ ပြောရင်ရပါတယ်"

ဝိလျံဂျိမ်း(စ်)

ဆရာဆိုသည်မှာ အနန္တကျေးဇူးရှင်ဖြစ်သည်။ သူ၏ ဩဇာသက်ရောက်မှုသည် မည်သည့်အခါမှ အဆုံးသတ်သွားမည် မဟုတ်ပေ။

ဟင်နရီဘရုတ်(စ်)ဘဒမ်

သက်မွေးဝမ်းကျောင်းမှုပညာရပ် အားလုံးထဲတွင် ဆရာအတတ်သည် အကြီးမြတ်ဆုံးဟု ယူဆရမည်။

သီယိုဒိုဘရမ်မဲ(လ်)

တိုင်းပြည်ရဲ့အနာဂါတ်ဟာ ဆရာများရဲ့ပခုံးပေါ်မှာ ကျရောက်နေပါတယ်။

ဆရာတွေက တပည့်တွေကို ဘယ်လိုသင်ကြားပေးနေသလဲဆိုတာအပေါ်မှာ တည်နေတယ်။

www.dhammaransi.com

## ၁၆ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

ကမ္ဘာကြီးရဲ့အနာဂါတ်ကတော့ ဆရာတွေသင်ပြနေတဲ့ စာသင်ခန်းထဲမှာ ရှိနေတာပေါ့။

ဒီကနေ့ ကလေးသူငယ်တွေ စာသင်ခန်းထဲမှာ ဘယ်လို သင်ကြားပေးနေသလဲဆိုတာတွေဟာ ၂၁ရာစုမှာ ကောင်းသော အကျိုးသက်ရောက်မှုတွေကို အာမခံချက်ပေးနေမှာပါ။

ရစ်ချတ်ရယ်ဂျီနယ်(လ်)ဂရင်

ဆရာဆိုတာ သိပ်ထူးခြားတဲ့ပုဂ္ဂိုလ်ပါ၊

သူရဲ့ဖန်တီးနိုင်မှုစွမ်းအားနှင့်

သူ့ရဲ့ချစ်ကြင်နာတတ် စူးစမ်းတတ် စိတ်ကူးတွေကို ပေါင်းစပ်အသုံးပြုပြီး သူရဲ့ရှားပါးလှတဲ့ ပင်ကိုယ်စွမ်းရည်ကို အစွမ်းကုန်မြှင့်တင်ကာ-

- တစ်ခြားသူတွေ တပည့်တွေကို
- စဉ်းစားတတ်ဘို့အားပေးတယ်
- မြင်မက်တတ်ဖို့ အားပေးတယ်
- သင်ယူတတ်ဖို့ အားပေးတယ်
- ကြိုးစားတတ်ဖို့ အားပေးတယ်

www.dhammaransi.com



- လုပ်ဆောင်တတ်ဖို့ အားပေးတယ်

ဘီဗာလီကွန်ကလင်း

ဆရာတွေဆိုတာ ပန်းပင်ကလေးတွေလိုပါပဲ၊

သူတို့ရဲ့လုပ်မှုတွေဟာ ကမ္ဘာအနှံ့ပြန့်ကျဲနေတယ်၊

သူတို့ရဲ့သင်ကြားခြင်းအပေါ် ချစ်မြတ်နိုးမှုဟာ ကပည့်တွေရဲ့ နှလုံးအိမ်ထဲအထိ ထိုးဖောက် ဝင်ရောက်သွားတယ်၊

ဒီကောင်းခြင်းလက္ခဏာတွေကို ကလေးတွေက သူတို့ သွားလေရာ ဆက်လက်သယ်ဆောင် သွားကြတယ်။

ဆရာတွေရဲ့ပညာပြည့်ဝတဲ့ စကားတွေဟာ ကျွန်တော်တို့ အားလုံးကို လှုပ်နိုးစေပြီး ဘဝလမ်းခရီး အသွယ်သွယ်ကို တက်တက်ကြွကြွနဲ့ လျှောက်လှမ်းသွားစေနိုင်ပါတယ်။

ဘင်နာဘစ်ဆာ

ဆရာဆိုသည်မှာ အမှန်တော့ တပည့်ပင် ဖြစ်ပါသည်။

သင်ကြားခြင်းသည် တပည့်ဆီမှ သင်ယူခြင်းမှ စတင်ပါသည်။

www.dhammaransi.com

## ၁၈ တက္ကသိုလ်သျှင်သီရိ (မဟာစရိယ၊ ဘီအေ)

ဆရာသည် တပည့်၏နေရာမှနေပြီး အမြဲကြည့်တတ်ရမည်။

သို့မှသာ တပည့်သိရှိနားလည်သည်ကို နားလည်မည်ဖြစ်ပြီး သူဘယ်လိုနည်းနှင့် နားလည်သည်ဆိုသည် ကိုလည်း သိလာပါမည်။

ဆိုရန်ကိုင်ယာကီဂတ်(ဒ်)

ဆရာများရဲ့ကောင်းမွန်တဲ့ လုပ်ရပ်တွေအတွက် လေးစားဂုဏ်ယူပါတယ်။

ဆရာတို့ရဲ့ကောင်းမွန်တဲ့ ဩဇာလွှမ်းမိုးမှုအတွက်လည်း ကျေးဇူးတင်ပါတယ်။

ဆရာတို့ရဲ့အဖိုးမဖြတ်နိုင်တဲ့ လမ်းညွှန်မှုတွေ ပေးဝေတဲ့ ပညာဗဟုသုတတွေကို သင်ကြားမှုနှင့် ဆက်စပ်ပြီး ပျော်ရွှင်စရာအချိန်တွေကို ဖန်တီးပေးခြင်းတွေ အဲဒါတွေအားလုံးဟာ ရင်ထဲမှာ ထင်ကျန်ရစ်နေမှာ အမှန်ပင် ဖြစ်ပါသည်။

ဆရာတို့ကြောင့် ကမ္ဘာကြီးဟာ ပိုမိုတိုးတက်လာပါတယ်။ ဆရာတို့ရဲ့ အခန်းကဏ္ဍဟာ အလွန်ပဲအရေးကြီးလှပါတယ်။ ဆရာတို့ရဲ့ ပေးဆပ်မှုတွေဟာ ပြောမပြနိုင်လောက်

www.dhammaransi.com



အောင်ပါဘဲ။ ဆရာတို့ပေးတဲ့ ပညာတွေဟာလဲ အမြဲယာငေရ အတွက်ပါ။

ဒွန်နာဘဟာကို

ဆရာစစ်ဆိုတာ တပည့်တွေအပေါ် မိမိရဲ့ပုဂ္ဂိုလ်ရေး ဩဇာလွှမ်းမိုးမှုကို အတတ်နိုင်ဆုံး ရှောင်ရှားကြရတယ်။

တပည့်တွေကိုယ်ကိုယ်ကို ယုံကြည်မှု ရှိလာအောင် အားပေးရမည်။

ရှင်သန်မှုစိတ်ဓာတ်ရှိလာအောင် လမ်းညွှန်ရမယ် သူမှာ သီးခြားတပည့်နောက်လိုက်ရယ်လို့ မရှိဘူး။

အေဖို့(စ်)ဘရွန်ဆင်ဘလ်ကော့

ဆရာဆိုတာ သိပ်ထူးခြားတဲ့ ပုဂ္ဂိုလ်ပါ။ သူ့ရဲ့ဖန်တီး စွမ်းအားနဲ့ သူ့ရဲ့ချစ်ကြင်နာတတ်၊ စူးစမ်းတတ်တဲ့ စိတ်ကူး တွေကို ပေါင်းစပ်အသုံးပြုပြီး သူ့ရဲ့ရှားပါးတဲ့ ပင်ကိုယ် စွမ်းရည်ကို အစွမ်းကုန် မြှင့်တင်ကာ အခြားသူတွေကို စဉ်းစား တတ်ဖို့ အားပေးတယ်၊ မြင်မက်တတ်ဖို့ အားပေးတယ်၊ သင်ယူတတ်ဖို့ အားပေးတယ်၊ ကြိုးစားတတ်ဖို့ အားပေးတယ်၊ လုပ်ဆောင် တတ်ဖို့အားပေးတယ်။

ဘီဗာလီကွန်ကလပ်

www.dhammaransi.com



## အောင်မြင်သောဆရာ

အောင်မြင်သောဆရာတို့ အမြင့်နေရာကနေပြီး အောက်ကနေ နို့သက်ခံစို့နေတဲ့ တပည့်တွေကို ပညာရည် လောင်းချပေးနေတာ မဟုတ်ဘူး။

## နိုင်ငံတော်နှင့်ဆရာစွမ်းအင်

"ငါ့မှာ အာဏာပါဝါမျှမရှိ၊ ငါ့လက်ထဲမှာ အသပြာ ငွေ ဘာမျှမရှိ၊ ဒါပေမဲ့-

ငါ့လက်ထဲမှာ နိုင်ငံတော်က ရှိနေတယ်၊

ငါဒီနေ့ပျက်ရင် မနက်ဖြန် တိုင်းပြည်ပျက်မယ်၊

ငါဒီနေ့တက်ရင် မနက်ဖြန် တိုင်းပြည်တက်မယ်၊

ငါဒီနေ့နောက်ချန်ရင် မနက်ဖြန် တိုင်းပြည်
နောက်ကျန်မယ်၊

ငါဒီနေ့ ရှေ့လွန်ရင် မနက်ဖြန် တိုင်းပြည်ရှေ့လွန်မယ်၊

ငါဒီနေ့ တွေဝေရင် အနက်ဖြန် တိုင်းပြည်တွေဝေမယ်၊

အာဏာမဲ့တဲ့ငါ၊ ကျောင်းဆရာဖြစ်တဲ့ငါ

www.dhammaransi.com



ငါ့လက်ထဲမှာ၊ တိုင်းပြည်ရတနာ လူငယ်တွေ ရှိနေတယ်။

ဒီလူငယ်တွေ နက်ဖြန်မှာ တိုင်းပြည်ကို ခေါင်းဆောင်မယ်၊

ကျောင်းဆရာဖြစ်နေသမျှ လူငယ်တွေ ရှိနေသမျှ ငါ့လက်ထဲမှာ နိုင်ငံတော် ရှိနေမယ်။

(ဖောင်ကြီးသင်တန်းကျောင်း လက်ကမ်းစာစောင်)

## ကလေးမြတ်နိုးသောဆရာ

"ကလေးတွေရဲ့လိုအပ်ချက်ကို အမြဲဖြည့်ဆည်းပေးမယ် အခက်အခဲတွေကို ကျော်လွှားနိုင်အောင် နာရီနှင့်အမျှ အားပေးမယ်။ အောင်မြင်မှုတွေအတွက် ဝမ်းသာပီတိကို မျှဝေခံစားမယ်၊ ဤလိုဆရာမျိုးကို ကလေးတွေအားလုံးက နှစ်သက်ကြတယ်။ ဤလိုစိတ်ထားမျိုး တသမတ်တည်းထားနိုင်တဲ့ဆရာများကို ကလေးများက နှစ်သက်ရုံတွင်မက ချစ်မြတ်နိုးကြပါတယ်။"

ဟားဗတ်စပင်လာ

www.dhammaransi.com

## ၂၂ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

### လမ်းပြပေးနိုင်ရမယ်

ဆရာသင်ကြားခြင်းဆိုတာ ကျောင်းသားတွေကို ကျွန်တော်တို့ ဖြစ်စေချင်တာတွေကို အတင်းအဓမ္မ ရိုက်သွင်းတာမျိုး မဖြစ်သင့်ဘူး။

ကျွန်တော်တို့ လက်ရှိကျင်လည်နေတဲ့ လူ့ဘောင်လောကရဲ့ အမွေအနှစ်အခန်းကဏ္ဍအမျိုးမျိုးနှင့် ထိတွေ့မိတ်ဆက်ပေးရမယ်။

ကျွန်တော်တို့ မျှော်လင့်နေတဲ့ တိုးတက်မှုတွေ ရရှိအောင် ဆောင်ရွက်နိုင်ဘို့လည်း လမ်းပြပေးနိုင်ရမယ်။

အစ္စရေး(လ်)ရှက်ဖာ

ဆရာကျောင်းမှာ ကောင်းစွာသင်ကြားပေးခြင်းဆိုတာ လေးပုံတစ်ပုံ ပြင်ဆင်မှုဖြစ်ပြီး ကျန်လေးပုံသုံးပုံမှာ မီးစင်ကြည့်၍ သရုပ်ဆောင်ကပြရခြင်း ဖြစ်ပါသည်။

သော့(လ်)ဂေါ့ဒွင်

ကျွန်တော်တို့ရဲ့မှတ်ဉာဏ်ထဲကို သဘာဝပစ္စည်းတွေရဲ့ အမည်နာမ ပုံပန်းသဏ္ဌာန်တွေကို တစ်ခုပြီးတစ်ခု ထည့်သွင်းပေးနေသူထက်စာရင်-

နှစ်လိုဖွယ်လုပ်ငန်းတစ်ခု(သို့မဟုတ်)

www.dhammaransi.com



နှစ်လိုဖွယ် ကဗျာတစ်ပုဒ်ကို ခံစားကြည့်နူးလာနိုင်အောင် လှုံ့ဆော်စွမ်းဆောင်ပေးနိုင်တဲ့သူကို ပိုပြီး ပီပြင်တဲ့ ဆရာလို့ သတ်မှတ်ရမှာပါ။

ဂျိုဂန်စု(ဖ်)ဂန့်ဗွန်ကိုတဲ

ကျွန်တော်တို့ဟာ ပြောဆိုသူသက်သက် မဖြစ်သင့်ဘူး၊ ပြန်ပြီးနားထောင်တတ်သူလည်း ဖြစ်ရမယ်၊ ဒါဆရာကောင်းတို့ရဲ့ ဒုတိယသဘာဝပဲ။

နီအမ်မျမ်စကီး

သင်ယူခြင်းဟာ စည်းစိမ်ချမ်းသာတစ်ခုလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သင်ယူခြင်းရဲ့ စည်းစိမ်ချမ်းသာကို သင်ကြားခြင်းရဲ့ စည်းစိမ်ချမ်းသာနှင့်တော့ မနှိုင်းယှဉ်အပ်ဘူး။

ဘာဒီဟစ်(ချ)ကော့

ဆရာနှင့်တပည့်ဆိုတာ အပြန်အလှန်ဆက်သွယ်မှုရှိနေကြတယ်။ တစ်ဦးမရှိတဲ့နောက် တစ်ဦးလဲ မရှိနိုင်ဘူး။

ဂျိုနာသန်ဘက်(ဒ်)ဝပ်(ဒ်)

ပညာရေးဟာ လူတစ်ယောက်(အကယ်၍ ဒီလူဟာ ဖိနပ်ချုပ်တဲ့ လူတစ်ယောက် ဆိုကြပါစို့)ကို ပိုပြီး လိမ္မာပါးနပ်တဲ့ ဖိနပ်ချုပ်သမားတစ်ယောက် ဖြစ်လာစေတယ်။

www.dhammaransi.com



သူကိုဘိနပ်ဘယ်လိုချုပ်ရမယ်ဆိုတာကို သင်ပေးလိုက်လို့မဟုတ်ဘူး။

သူ့ရဲ့စိတ်ကူးဉာဏ်ကို ဘယ်လိုသုံးရမလဲ ဆိုတာကို ကောင်းကောင်းသိသွားလို့ပါ။

ဂျွန်စကူးဝပ်ဖီး(လ်)

သင့်ဆီမှာ ပညာဗဟုသုတရှိရင် တခြားသူတွေဆီကို လည်း ဖယောင်းတိုင်မီးကူးညှိသလို ဖြန့်ဝေပေးလိုက်ပါ။

မာဂရက်ဖူလာ

ဆရာဆိုတာ ပြင်ပသွင်ပြင်သဏ္ဌာန်ကို ပြုပြင် ပြောင်းလဲပေးတဲ့သူ မဟုတ်ဘူး။

သူ့တာဝန်က လူတွေရဲ့ဘဝကို ထဲထဲဝင်ဝင်သိမြင်ပြီး မိမိကိုယ်တိုင်မျှဝေခံစားနိုင်တဲ့ လျှော်ကန်သင့်မြတ်တဲ့ဘဝကို ဖန်တီးပေးနိုင်ဖို့ဘဲ။

ရစ်ချတ်(ဒ်)ပီတာ

www.dhammaransi.com



ဆရာဆိုသည်မှာ-

ဝါသနာ, စေတနာ, အကြောင်နာ, အနစ်နာ တည်းဟူသော ရေခံမြေခံတွင် အမြစ်တည်ရင်း သီလ,သမာဓိ, ပညာပင်စည်ကြီးနှင့်အတူ ခွင့်လွှတ်သည်းခံ ခြိုးခြံတည်းဟူသော အခက်အရွက်များ ဇွဲ,လုံ့လ,ဝီရိယ,အားမန်တည်းဟူသော အသီးအပွင့်များဖြင့် ဝေဆာမြိုင်ဆိုင်လျက် မညှိုးသောပန်း မခန်းသောရေ၊ မဝင်နေသောနေပမာ ခေတ်အဆက်ဆက်တွင် ထက်မြက်ရဲရင့်တင့်တယ်ခမ်းနားသော ကျေးဇူးတော်အနန္တဖြင့် ထင်ရှားကဗ္ဗည်းဝင် မှတ်ကျောက်တင်ခံသူ ဖြစ်ပါသည်။

××××××××

www.dhammaransi.com



## ဥယျာဉ်မှူးကောင်း မြတ်ဆရာ

**ဆရာဆိုတာ** အသပြာမကြည့်
စေတနာရှိ တပည့်အပေါင်း
မေတ္တာလောင်း၊ ဥယျာဉ်မှူးကောင်း မြတ်ဆရာ

**ဆရာသည်ကား**
အမှားမသင် အမှန်ပြင်
ဆင်ခြင်စွမ်းအား အသိတရား
သင်ကြားပြသ ဆုံးမသူ

**ဆရာဟူသည်**
တည်ကြည်စွမ်းအင် ပညာအသိ
သမာဓိ သိက္ခာလည်းရှိ
ဖြောင့်မတ်ဘိ

**ဆရာကြောင့်သာ**
ဝေဆာပန်းသွင် ကြယ်စင်ပွင့်ဖူး
ဂုဏ်ထူးအောင်ပန်း၊ ဆင်မြန်းပိုင်ပိုင်
ပွဲတိုင်းနိုင်

**ဆရာ့ကျေးဇူး မြင့်မိုရ်ဦးကို**
ရိုသေလေးစား ဂါရဝထား၍

www.dhammaransi.com



နေ့များစဉ်ဆက် မပျက်တိုင်သား
လက်ဆယ်ဖြာမိုး ရှိခိုးမာန်လျော့
ကန်တော့ဦးခိုက် ပူဇော်ထိုက်စွ
အနန္တဂိုဏ်းဝင် ကျေးဇူးရှင်

ဒေါ်ပြုံးပြုံး(မြန်မာစာ)
အထက(၂)လသာ

www.dhammaransi.com



# မြတ်သောဆရာဘဝ ရရန်မလွယ်

လူ့ဘဝ လူ့လောက လူ့တာဝန်ကို ထမ်းဆောင်ရမည့် လူတစ်ယောက်အဖို့ ငယ်ရွယ်စဉ်က ပညာသင်ယူခဲ့ပြီး ဒုတိယ အရွယ်တွင် အသက်မွေးဝမ်းကြောင်းအတွက် အလုပ် တစ်ခုခုကို လုပ်ကိုင်ကြရမည်မှာ မွေတာဖြစ်ပါသည်။

မိမိအလုပ် လုပ်ရသောအခါ ဝါသနာအရ ဖြစ်ချင်မှ ဖြစ်မည့်အကြောင်းအမျိုးမျိုးကြောင့် ဝါသနာနှင့်သွေဖီပြီး လုပ်ဆောင်ရသော အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုရသော သူများလည်း ဒုနှင့်ဒေးရှိပါသည်။

ဝါသနာနှင့်မိမိအလုပ် တစ်ထပ်တည်းကျ အလုပ် လုပ်ရသူများအဖို့ကား ကျေနပ်နှစ်သက်စရာပင် ဖြစ်ပါသည်။

မည်သို့ဆိုစေ ဝါသနာအရ အသက်မွေးဝမ်းကျောင်း အလုပ်ကို လုပ်ရသည်ဖြစ်စေ၊ မလုပ်ရသည်ဖြစ်စေ၊ မိမိဘဝ စားဝတ်နေရေးအတွက် အလုပ်တစ်ခုကိုမူ လုပ်ရပါမည်။

ဘဝအတွက် လုပ်ရသောအလုပ်ကို ပီပြင်အောင် လုပ်နိုင်ဖို့သည် လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။

ထိုကဲ့သို့ ဘဝပေးတာဝန်ကို တည်ဆောက်ရာမှာ ဘဝတိုးတက်ရေး တည်တံ့ရေးအတွက် တာဝန်ထမ်းဆောင် ရင်း သိက္ခာပိုင်းထိန်းသိမ်းသွားကြရပါသည်။

www.dhammaransi.com



သို့ပါ၍ အလုပ်အားလုံးထဲတွင် အသက်မွေးဝမ်းကျောင်းပြုရသူ အချင်းချင်း၊ ဆရာ ဖြစ်လာသူများသည် မွန်မြတ်သည် ထူးကဲသည်ဟု ဆိုရပါမည်။

ဆရာသည် လူတိုင်းမဖြစ်ပါ၊ ဖြစ်ထိုက်သူမှ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအလိုရ ဆရာသည် ဘုရားနှင့် တစ်ဂိုဏ်းထဲ ပြခဲ့ရသော အနန္တော အနန္တငါးပါးဝင် ဖြစ်သည်။ အပူဇော်ခံ အကြည်ညိုခံ လူတန်းစား ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါသည်။ မိဘ-တပည့်တို့၏ အားကိုးခံရာ ကြည်ညိုမြတ်နိုးခံရာ လူတန်းစားဖြစ်၍ ရခဲလှသော ဘဝအကျိုးပေးရှိသူများဟု ဆိုရပါမည်။

လူသားများက ဆရာဆိုသောပုဂ္ဂိုလ်ကို လူတန်းစားတစ်မျိုးအဖြစ် ရိုသေလေးစားချစ်ခင် ကြည်ညိုမြတ်နိုးခံရသူများဖြစ်ကြပါသည်။

## လောကလူသားများအတွက် ဆရာလိုအပ်ပါသည်

သက်ရှိသတ္တဝါမှန်သမျှ အသိဉာဏ်မြင့်မားသော လူသားဖြစ်စေ၊ အသိဉာဏ်နည်းပါးသော တိရစ္ဆာန်ဖြစ်စေ

- မိမိတို့၏ဘဝတာဝန်ကို ထမ်းဆောင်နိုင်ရန်
- မိမိတို့၏ အသက်စည်းစိမ်ခန္ဓာတို့ကို ထမ်းဆောင်

www.dhammaransi.com



နိုင်ရန်၊

- မိမိတို့၏ အသက်စည်းစိမ်ခန္ဓာတို့ကို ကိုယ်စွမ်းကိုယ်စဖြင့်ကာကွယ်၍ လုံခြုံနွေးထွေးစွာ အသက်ရှင်သန်စေရန်၊
- ကိုယ်ဘဝတိုးတက်ရာ တိုးတက်ကြောင်း ဖြစ်စေရန်၊

အသီးသီး ဆိုင်ရာ ဆိုင်ရာ အတတ်ပညာများကို သင်ယူကြရသည်။

တိရစ္ဆာန်တို့သည် သူတို့နားလည်သောပုံစံဖြင့် သင်ယူကြ၍ လူသားတို့ပုံစံ၊ လူသားတို့ နားလည်သော နည်းလမ်းများဖြင့် သင်ယူကြရသည်။ သင်ယူပုံစနစ်ကွဲပြားသော်လည်း မတတ်သေးသည်ကို တတ်ရန်၊ မလုပ်တတ် မလုပ်နိုင်သည်ကို လုပ်တတ် လုပ်နိုင်ရန် သင်ယူရသည်။

ထိုသို့သင်ယူရာ၌ သင်ယူသူရှိသလို သင်ကြားသူဆရာက မလွဲမသွေ ရှိနေသည်။ ဆရာမရှိလျှင် ငါးပိဖုတ်သော်မှ မတတ်ဟု မြန်မာဆိုရိုးစကား ရှိခဲ့ပါသည်။

လူသားများအနေနှင့် မိမိတို့အား အတတ်ပညာတစ်စုံတစ်ရာသင်ပေးသူ လိုအပ်လှပါသည်။ ထိုသူကို ချစ်ခင်လေးစားမြတ်နိုးသောအားဖြင့် ဆရာဟူ၍ခေါ်ဝေါ်

www.dhammaransi.com



ကြပါသည်။

ဆရာဟူသည် အိုးထိန်းသည်နှင့် တူသည်ဟု ဆိုပါသည်။ အိုးတစ်လုံး အကောင်းအဆိုး အယုတ်အညံ့ တို့သည် အိုးပြုလုပ်သူ အိုးထိန်းသည်တွင် တာဝန်အရှိဆုံး ဖြစ်သလို တပည့်တစ်ယောက် လမ်းမှန်လမ်းကောင်း ရောက်ပြီး လူတစ်လုံး သူတစ်လုံးအဖြစ် ရောက်ရှိရန်မှာ ဆရာတွင် တာဝန်အရှိဆုံး ဖြစ်ပါသည်။

ပတ္တမြားတွင်းထွက် မှန်သော်လည်း ကျောက်သွေး ဆရာက အကာကုန်သွေးပေးမှ အရောင်တောက်ပသလို ဆရာက အတတ်ပညာကို မချွင်းမချန်သင်ပေးပြီး နည်းပေး လမ်းပြလုပ်မှသာ တပည့်၏ဘဝ အစွမ်းကုန် ဂုဏ်ထွန်းလင်း တက်ပါမည်။

ကျောက်ဆစ်ဆရာ ထုဆစ်နိုင်မှ ကျောက်ဆင်းတု အနေကဇာတင်ခံဘဝ ရောက်ရသလို ဆရာ၏ သွန်သင် ဆုံးမမှု ကွပ်ကဲမှုကောင်းမှ တပည့်ဘဝတိုးတက်လှပမည်။

ပန်းပဲဆရာ မီးပေးကောင်း အထုကောင်းမှ ဓားကောင်းရသလို ဆရာကောင်းက ကြီးကြပ်ဆုံးမမှ လူတော် လူကောင်းတပည့်ပေါ်ထွက်နိုင်ပါသည်။

ပုထုဇဉ်လူသားသည် လောဘ,ဒေါသ,မောဟ

www.dhammaransi.com

## ၃၂ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

အောက်မှာ ပြားပြားဝပ်နေရသဖြင့် ကိုယ်ဟာကိုယ် မရှုန်းတတ်ပါ။ ကိုယ်စွမ်းအားဖြင့် လှုပ်ရှားခြင်းထက် လောဘ ဒေါသ မောဟ အရှိန်အဝါဖြင့် လှုပ်ရှားနေရခြင်းကသာ များပြားပါသည်။

ကိုယ်သဘောအတိုင်း ရှေ့ကိုလည်းမသွားနိုင်၊ အထက်ကိုလည်း မတက်နိုင်၊ လူသည်ပတ်ဝန်းကျင်ဖြင့်သာ ကြီးပွားတိုးတက်ရသည်။

အသင်, အမြင်, အကြားမပါဘဲ မည်သည့် ပုထုဇဉ်မျှ အသိတရား မတိုးတက်နိုင်၊ လူဟူသည် မသင်ကြားရဘဲ ဘာမျှမတတ်ပါ-

- အနီးကပ် သင်ပြပေးသူသော်လည်း ရှိနေမှ
- တိုးတက်ကြောင်း ကောင်းတာလုပ်သည်ကို မြင်စရာ,ကြုံစရာ,အတုယူစရာ ပုဂ္ဂိုလ်သော်လည်း ရှိနေမှ
- သို့မဟုတ် တိုးတက်ကြောင်းပြောကြားသူ၏စကား ကောင်းတာလုပ်နေသောသူတစ်ပါး၏ ကောင်းသတင်းများ၊ ကြားစရာ နားထောင်စရာ အတုနမူနာယူစရာသော်လည်း ရှိနေမှ လူသည် တိုးတက်ကြီးပွားသည်။

www.dhammaransi.com



- သင်ပြပေးသူသည် သင်ဆရာဖြစ်သည်။
- မြင်ရသဖြင့် အသိဉာဏ် တိုးပွားသွားလျှင် မြင်လိုက်ရသော ထိုသူသည် မြင်ဆရာဖြစ်သည်။
- ကြားရသဖြင့် အသိဉာဏ်တိုးပွားသွားလျှင်ကား တစ်ဆင့်ကြားလိုက်ရသော ထိုသူသည် ကြားဆရာ ဖြစ်သည်။

လူသည် မည်သည့်အရာမဆို ဆရာဖြင့်သာ အသိပညာကို ရရှိနိုင်ကြသည်။

အသိပညာရရှိရေးအတွက် ဆရာထံနည်းခံသင်ယူကြရသည်။ အနည်းဆုံး နည်းယူစရာ အတုမြင်အတတ်သင် သင်ဆရာ မြင်ဆရာ ကြားဆရာ လောက်တော့ ရှိနေရပါသည်။

**"အသိပညာ၊ဟူသည်မှာကား၊ဆရာတို့ထံ၊ နည်းခံ တိုးဝင်၊မသင်မပေး၊အရေးမထား၊ မတတ်ငြားဘူး။"**

ဟူ၍ မဃဒေဝလင်္ကာဆရာတော်က ဆိုထားသည့်အတိုင်း မိမိထက် ပညာတစ်ရပ်ရပ် တတ်ကျွမ်းသူတို့ထံတွင် နည်းခံ၍ အလေးထားသင်ယူမှ ပညာကိုတတ်မြောက်နိုင်သည်ဟု ဆိုထားပါသည်။ သို့တွက် မိမိထက်အားသာချက် ပညာ တစ်ရပ်ရပ်ရှိသော ပုဂ္ဂိုလ်ကို ဆရာ-ဟူ၍ သတ်မှတ်၍ မိမိလိုသောပညာကို သင်ယူကြရသည်။

www.dhammaransi.com



# ဆရာ့ဘ၀

ကျောက်ကလေးနဲ့ခဲ
သွေးပါများ
ခဲသွားထက်မြက်
အရောင်လက်။

ခဲသွေးကျောက်မှာ
ပါးပါးလာ
ကြာကြာနေတော့
ကျိုးရပေါ့။

တပည့်နဲ့ဆရာ
ခဲကျောက်ပမာ
အနစ်နာခံရ
ဆရာ့ဘ၀။

(ဖွားနု)

www.dhammaransi.com



# ဆရာအလုပ် ခါးသွေးကျောက်နှင့် ဖယောင်းတိုင်လို ပါးမသွား

ဤလောကတွင် ဆရာနှင့်ပတ်သက်၍ ခါးသွေး ကျောက်, ဖယောင်းတိုင်တို့နှင့် တင်စားပြောကြား ကြလေ့ ရှိပါသည်။

ခါးသွေးကျောက်သည် သွေးသောခါးသာ ထက်မြက်သွားသည်။ အသွေးခံရသော ကျောက်ကား တဖြည်းဖြည်း လုံးပါးသွားသည်ဟု ဆိုကြပါသည်။ အလားတူ ဆရာနှင့်တပည့်တို့တွင် တပည့်သည် ခါးနှင့် တူ၍ ဆရာသည် ကျောက်နှင့်တူသည်ဟု ဆိုစမှတ် ပြုကြ ပါသည်။

ဖယောင်းတိုင်သည် မိမိကိုယ်ကို လောင်ကျွမ်းခံပြီး သူတစ်ပါးအား အလင်းရောင်ပေးသလို ဆရာများသည် မိမိကိုယ်ကို အနစ်နာခံပြီး သူတစ်ပါးတို့အား ပညာပေးသည် ဟု ဆိုကြပါသည်။

ထိုအဆိုများအရ ဆရာအလုပ်သည် အနစ်နာ ခံသောအလုပ်၊ အရှုံးပေါ်သောအလုပ်ဟူ၍ဆိုရာ ရောက်နေ ပါသည်။

ဆရာတို့ဟူသည် တပည့်များအား ပညာသင်ကြား

www.dhammaransi.com



ပေးခြင်းဖြင့် မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်စေသူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် ဆရာတို့မည်သည် အမှောင်ခွင်း၍ အလင်းဆောင်သူများ ဖြစ်ကြပါသည်။

ဆရာဆိုသည်မှာ မြန်မာလူမှုရေးနယ်ပယ်တွင် ဘုရား တရား သံဃာ မိဘတို့နှင့်တန်းတူထားပြီး အနန္တော အနန္တငါးပါးတွင် တစ်ပါးအပါအဝင်အဖြစ် အသိမှတ်ပြုခံထားရသူတစ်ဦးဖြစ်ပြီး လက်တွေ့တွင်လည်း ရပ်ထဲရွာထဲ၌ လေးလေးစားစား ဆက်ဆံခံရသူများ ဖြစ်ကြပါသည်။

ဤသည်မှာ ဆရာလုပ်ရခြင်း၏ အနည်းငယ်သော အကျိုးကျေးဇူးပင် ဖြစ်ပါသည်။

ဆရာများသည် မိမိတို့၏တပည့်များအား ပညာသင်ကြားပို့ချရာတွင် တပည့်များတတ်သိနားလည်အောင် နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် သင်ကြားပေးရသည်။

တပည့်များကို တတ်စေလိုသော စေတနာကြောင့် စာသင်ခန်းမဝင်မီ ကြိုတင်ပြင်ဆင်ရသည်။ လေ့လာမှတ်သားရသည်။ တွေးဆေတာကြံဆရသည်။ ဖတ်ရသည်၊မှတ်ရသည်။

ဤနည်းအားဖြင့် ဆရာသည် ပညာဗဟုသုတများ ထပ်မံ တိုးပွားလာရပါသည်။ ဆရာလုပ်သူအတွက် အကျိုး

www.dhammaransi.com



များခြင်း ရှိလှပါသည်။ ဆရာမှာ အသိပညာ အတတ်ပညာ အလင်းရောင်များ ပိုမိုထွန်းတောက် ရပါသည်။

ဤလောကတွင် သဗ္ဗညုတဘုရားရှင်မှတစ်ပါး မည်သူမျှ ဆရာမရှိဘဲ ,မိမိအလိုလိုတတ်သောသူ မရှိပါ။ ဆရာသင်ပေး၍သာ သိလာတတ်လာ ကြရပါသည်။

ကျောင်းပညာဖြစ်စေ နှုတ်မှုပညာ လက်မှုပညာ ဖြစ်စေ အသက်မွေးဝမ်းကျောင်းဖြစ်စေ ဆရာသင်ကြား ပေးမှသာ တတ်ရပါသည်။ အတတ်ပညာ သင်ယူတတ် မြောက်ရာ၌ သင်ဆရာ မြင်ဆရာ ကြားဆရာ တစ်ဦးဦးတော့ ရှိရစမြဲဖြစ်ပါသည်။

မြင်ဆရာတွင် ငါးရာငါးဆယ်ဇာတ်၌ နွားကျောင်း သားတစ်ဦးသည် ဗျိုင်းတစ်ကောင်၏ငါးကို မြှောက်၍ မြှောက်၍စားသည်ကို အတုယူလေ့ကျင့်ပြီး တုတ်လုံးတို့ကို လေထဲမြှောက်ပြီး ပါးစပ်ဖြင့် လိုက်ဖမ်းတတ်အောင် တတ်သွား၍ မင်း၏ပူဇော်မှုကို ခံရသည်။

ကြားဆရာတွင် သဗ္ဗဒါဌ်ဇာတ်တော်၌ ပုဏ္ဏား၏ ပထဝီဇယမန္တန် ရွတ်သံကို တစ်ဘက်နေရာမှ ကြားရသော မြေခွေးသည် ထိုမန္တန်ကို တတ်ကျွမ်းပြီး သတ္တဝါများကို ထိုမန္တန်အစွမ်းဖြင့် စုဆောင်းကာ ဗာရဏသီကို တိုက်ခိုက်

www.dhammaransi.com



ခဲ့သည်။

ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့တွင် ဆရာ၏သင်ကြားပေးမှုအစွမ်းကြောင့် အထွဋ်အထိပ်သို့ ရောက်ကြသော တပည့်များ၏ သာဓကဝတ္ထုများ ရှိပါသည်။

ထင်ရှားသောဇာတ်မှာ သံဝရမင်းသားဇာတ်ဖြစ်သည်။ ဆရာ၏ သင်ကြားမှုကို ရိုသေစွာလိုက်နာကျင့်သုံးခဲ့သဖြင့် သားတော်များတွင် အငယ်ဆုံးဖြစ်ခဲ့သော်လည်း ရဟန်းရှင်လူပြည်သူများ လိုလားသောမင်းအဖြစ်သို့ ရောက်ခဲ့ရသည်။

ကြီးကျယ်သော ဆရာသခင်များသည် တပည့်တို့အား သင်ကြားပေးခြင်းဖြင့် သမိုင်းကြောင်းများကို ဖန်တီးမှုများဖြစ်ခဲ့ရသည်။

မြတ်စွာဘုရားဟူသော ဆရာကြောင့် လူနတ် ဗြဟ္မာတို့ မြတ်သောကျင့်စဉ်ကို သိရှိနားလည်ကျင့်နိုင်ပြီး သံသရာမှ မလွတ်မြောက်ခင် လူနတ်ချမ်းသာသုခကို ပြည့်ဝစွာ ခံစားစံစားနိုင်ကြသည်။

ထင်ရှားသောသမိုင်း အနေနှင့်ကြည့်လျှင် မြန်မာနိုင်ငံ၌ ပုဂံခေတ်ဦး၌ နတ်ကိုးကွယ်မှု တန္တရ မန္တရ အယူများ လွှမ်းမိုးနေရာမှ ရှင်အရဟံဟူသော ဆရာသည် တပည့်

www.dhammaransi.com



အနော်ရထာမင်းကို တရားစစ် တရားမှန် လမ်းပြခဲ့သဖြင့် မြန်မာနိုင်ငံသည် ထင်ရှားကျော်ကြားသော ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး ဖြစ်လာခဲ့ရသည်။

အိန္ဒိယသမိုင်းတွင် ဇာနက္ကပုဏ္ဏား(စာဏက္ကျ ပုဏ္ဏား) ဆရာကြီးက မိမိ၏တပည့်စန္ဒဂုတ်ကို ရာဇနီတိကျမ်းကို သင်ပေးခဲ့သဖြင့် စန္ဒဂုတ်သည် မောရိယမင်းဆက်ကို တည်ထောင်နိုင်ခဲ့ပြီး ကမ္ဘာ့သမိုင်း၌လည်းကောင်း၊ ဗုဒ္ဓ ဘာသာ သမိုင်း၌လည်းကောင်း ထင်ရှားကျော်ကြားခဲ့သော အာသောကခေါ် သီရိဓမ္မာသောကမင်းကြီးပေါ်ထွက်လာခဲ့ ရသည်။

ကမ္ဘာ့သမိုင်းတွင်လည်း ဆရာအရစ္စတော်တယ်(လ်) သည် မိမိ၏တပည့် အလက်ဇန္ဒားအား လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် ဂရိအင်ပါယာကြီးကို ကျယ်ပြန့်စေခဲ့သည်။

အလားတူ သာဓကများစွာရှိပါသည်။ သို့အတွက် ဆရာအလုပ်သည် ရှုံးနိမ့်သောအလုပ် နိမ့်ကျသောအလုပ် ဓားသွေးကျောက်ကဲ့သို့ ပါးသွားသောအလုပ်၊ ဖယောင်းတိုင် ကဲ့သို့ကုန်ခမ်းသွားသောအလုပ် မဟုတ်ကြောင်း သိရ ပါမည်။

ပုခက်လွှဲသောမိခင်လက်သည် ကမ္ဘာကိုအုပ်စိုး

www.dhammaransi.com



သလို ဆရာ၏နှုတ်ဖျားစကားသည်လည်း ကမ္ဘာကို တုံလှုပ် စိုးမိုးစေနိုင်ပါသည်။

## ဆရာ၏ အဆုံးအမနှင့် တပည့်အမြင်စိတ်ထား

ဆရာဟူသည် တပည့်များအပေါ် ကောင်းစား စေလိုသောစေတနာ တတ်မြောက်စေလိုသော စေတနာ နာကြားလိုက်နာပြီး လူတော်လူကောင်း ဖြစ်စေလိုသော စေတနာတို့ဖြင့် တပည့်များအပေါ် အော်ငေါက်ခြင်း ဆူခြင်း စသည့်တို့ကို ပြုလုပ်ကြလေ့ ရှိကြပါသည်။

ထိုသို့ အော်ငေါက်ဆူပူခြင်းနှင့် ပတ်သက်၍ တပည့် ပရိသတ်(၃)မျိုး ရှိပါသည်-

၁။ သဒ္ဒတ္ထုပဓာနသိဿ - ဆရာပြောဆိုသောအသံကို နားလည်ပြီး အသံအပေါ်မှာ အကောင်းအဆိုး ခွဲခြားမယူတတ်သော တပည့်မျိုး ယင်းအမည် မျိုးကို အနိမ့်စား တပည့်မျိုးဟု သတ်မှတ်သည်။

www.dhammaransi.com



| | |
|---|---|
| ၂။ အဓိပ္ပါယတ္ထုပခါန - သိသာ | အသံကို အဓိကမထား၊ စာသံ၏နောက်ကွယ်မှာ ရှိသော ဆရာသမား၏ စေတနာနှင့် ရည်ရွယ်ချက် ကိုနားလည်မှတ်ယူ တတ်သော တပည့်မျိုး ယင်း တပည့်မျိုးကို အလယ် အလတ် တပည့်မျိုး ဟု သတ်မှတ်သည်။ |
| ၃။ ဘာဝတ္ထုပခါန - သိသာ | ဆရာသမား၏ ရည်ရွယ် ချက်ကို နားလည်ရုံ နှင့် မက ယင်း စေတနာနှင့် လိုက်လျော် ညီထွေဖြစ် အောင် ဘယ်လိုလိုက်နာ ကျင့်သုံးရမည် ဆိုသည် အထိ နားလည်လက်ခံပြီး လိုက်နာကျင့်သုံး နေထိုင် သော တပည့်မျိုး- ယင်း တပည့်မျိုးကို အထက် |

www.dhammaransi.com

၄၂ တက္ကသိုလ်သျှင်သီရိ (မွှာစရိယ၊ ဘီအေ)

တန်းစားတပည့်မျိုး ဟု
သတ်မှတ်သည်။

ပုဂ္ဂိုလ်တစ်ယောက်ကို အကောင်းအဆိုးဆုံးဖြတ် မှတ်ယူရမှာ အသံကိုအဓိကမထားဘဲ ရည်ရွယ်ချက်နှင့် စေတနာကို အဓိကထားပြီး ဆုံးဖြတ်မှသာ မှန်ကန်မှုရှိ ကြောင်း အဋ္ဌသာလိနီအဋ္ဌကထာဆရာက ဥပမာနှစ်ခုနှင့် ရှင်းပြထားပါသည်။

ပထမဥပမာမှာ- တရားရုံးမှ တရားသူကြီးတစ်ဦး သည် သေဒဏ်အပြစ် ချမှတ်ခံရမည့် တရားခံကို-

" မောင်မင်း ထာဝရချမ်းချမ်းသာသာ အိပ်စေ"

ဟူ၍ ပြောဆိုရာမှာ အသံအရကြည့်လျှင် ချမ်းချမ်းသာသာ အိပ်စေဆိုသော မေတ္တာသံပေါက်နေပေမဲ့ ရည်ရွယ်ချက်က "သေစေ" ဆိုသောအဓိပ္ပါယ်ပေါက်နေသည့်အတွက် ဒေါသ ပြဋ္ဌာန်းတဲ့ ဖရုသဝါစာဖြစ်တယ်ဟူ၍ ဆုံးဖြတ်ရပါမည်။

ဒုတိယဥပမာမှာ- မိခင်က သားကိုအန္တရာယ်ရှိတဲ့ အတွက် တောထဲကို မသွားဖို့တားမြစ်ဘယ်၊ သားက ပြောမရ လို့ ဇွတ်တိုးပြီးသွားတယ်၊ အဲဒီအခါမှာ မိခင်က တောထဲ ရောက်လျှင် ကျွဲရိုင်းမကြီးနဲ့ တိုးထိပြီး အခတ်ခံရပါစေတော်။ ဟူ၍ ပြောဆိုရာမှာ" အခတ်ခံရပါစေ"ဆိုတဲ့ အသံသည်

www.dhammaransi.com



ဒေါသသံပါနေသည်ဟု ထင်ရပေမဲ့ မိခင်ရဲ့ စေတနာက သားကို ဒီလိုအန္တရာယ်ရှိတဲ့ တောထဲမသွားစေလိုသော စေတနာသာဖြစ်သည့်အတွက် ဤစကားသည် ဒေါသ ပြဋ္ဌာန်းသော ဖရုသဝါစာ မဟုတ်ဟူ၍ ဆုံးဖြတ်ရမည့်-ဟု ဆိုပါသည်။

ဆရာက တပည့်တို့ကို ဆိုဆုံးမရာဝယ် ထားရမည့် စိတ်ဓာတ်နှင့်ပတ်သက်၍ ဝိ၊ ၃-၇၆ ၌ ဟောကြားထားသည် မှာ-

- ဆရာကတပည့်အပေါ် သားဟူသောစိတ်မျိုးထား ရမည်၊ တပည့်ဖြစ်သူသည် ဆရာ့အပေါ် အဖ ဟူသောစိတ် မျိုးထားရမည်၊
- ဆရာတပည့်အချင်း တစ်ဦး၏ ဝေယျာဝစ္စအမှု ကြီးငယ်တို့ကို တစ်ဦးကပြုလုပ်ဆောင်ရွက်ပေးရ မည်၊

ဝေယျာဝစ္စဟူရာဝယ် ဆရာကပြုလုပ်ရမည့်တာဝန် ကို ဆရာကပြုလုပ်ပေးရခြင်းဖြစ်ပါသည်။

တပည့်သည်ဆရာထက်ပညာတတ် ပညာတော် သော်လည်း တပည့်သည်တပည့်သာဖြစ်သည်။ တပည့် ပညာတတ် ပညာတော်ဖြစ်လာရခြင်းသည် ဆရာကြောင့်ပင်

www.dhammaransi.com



ဖြစ်ပါသည်။ မည်သည့်တပည့်မဆို ဆရာကို အမှီပြုရသည်ချည်းသာဖြစ်သည်။

"ဆရာကောင်းတပည့် ပန်းကောင်းပန်" ဆိုသည့်အတိုင်း တပည့်ကောင်းမွေးသော ဆရာကောင်း ဆရာမြတ်တို့၏အရိပ်ကို ခိုကြသော တပည့်တို့သည် ဆရာတို့၏ဆိုဆုံးမမှုကို အမျက်အာဃာတ,ဒေါသစသည် မထားရပါချေ။

ဆရာ၏ ဆိုဆုံးမသည် ပထမအချိန်တွင် ရိုက်နှက်ဒဏ်ပေးခြင်း ဆူပူခြင်း စသည်ပြုသဖြင့် မကြေမနပ် ဖြစ်ခဲ့ရသည်။ နောင်တွင် ဆရာဆုံးမမှုကို လိုက်နာသဖြင့် အကျိုးရလာသောအခါချမ်းသာသုခ ခံစားကြရသည်။ လောကဥပမာ၌ ဇီးဖြူသီး,ဖန်ခါးသီးစားရသော အရသာကဲ့သို့ရှိသည်ဟု ဆိုပါသည်။ ဇီးဖြူသီး ဖန်ခါးသီးတို့သည် စားကာစ၌ဖန်တန်တန်နှင့် ချင်သောသဘောရှိသော်လည်း ဝမ်းထဲရောက်သောခါ ချိုမြသောအရသာကို ခံစားရသည်။ အလားတူ ဆရာ၏ဆိုဆုံးမြသည် တပည့်အတွက်အသိမကြွယ်ခင်က ဖန်တန်တန်ချဉ်တင်တင်ရှိမည်ဖြစ်သော်လည်း ပညာတတ်ဖြစ်လာသောအခါ ချိုသောအရသာကို ခံစားရသည်။

www.dhammaransi.com



သို့တွက် ဆရာတို့၏ ဆိုဆုံးမမှု ပြစ်ဒဏ်ပေးမှုသည် မိမိတို့၏ ကောင်းကျိုးအတွက် ဆရာတို့က ရှေးကိုမျှော်မြင်ပြီး ဆုံးမဒဏ်ပေးသည်ဟု သတိစွဲဝင်ကြရပါမည်။

www.dhammaransi.com



## စာချဆရာ၏အကျိုး

စာချစာသင် အလုပ်ခွင်ဝယ်
နေ့စဉ်မွေ့လျော် များသူတော်တို့
ရွှင်ပျော်လို့လ သဒ္ဓါကြွ၍
ဉာဏဖြူစင် သင်ချမှုကား
ထိုသူစီးပွား သုတများသဖြင့်
စင်းစားဉာဏ်ကြွယ် အမြင်ကျယ်၏
မကွယ်စေကာ ကိလေသာလည်း
သူငါရန့်ကြမ်း ဖြစ်စတမ်းသို့
ဗရမ်းပတာ မဖြစ်လာဘဲ
ဣဿာမစ္ဆေရ မထကြွဘူး
ရာဂဒေါသာ မာနသောတို့
အပြောမကျယ် သေးငယ်ငယ်မှ
စ၍ပဟာန် တဒင်္ဂနှင့်
ဝိက္ခမ္ဘန ပယ်နိုင်ကြသည့်
သင်ချအကျိုး စာတန်ခိုး

နာယကချုပ်(နပသ-ရန်ကုန်)

www.dhammaransi.com

# အခန်း(၂)
# ဤလောက၌ ဆရာဖြစ်ပေါ်လာမှုအဆင့်ဆင့်

## မဟာဗြဟ္မာဆရာပေါ်လာခြင်း

ဤစကြာဝဠာကြီးငယ်တို့သည် ပျက်ချိန်တန်သော အခါ မီးဖြင့်ဦးစွာဖျက်သည်။ နေခုနှစ်စင်းတို့ ထွက်ပေါ်လာပြီး ထိုနေတို့၏ အာနုဘော်ကြောင့် အခိုးအလျှံထွက်၍ ပထမဈာန်သုံးဘုံတိုင်အောင် မုန့်ညှင်းလုံးမျှ အကြွင်းမရှိ လောင်၍စဲလေသည်။

www.dhammaransi.com



ရေဖျက်သောကမ္ဘာ၌ ဒုတိယစျာန်သုံးဘုံတိုင်အောင် ဆားခဲကို ရေတွင်ချ၍ ကျေသကဲ့သို့ ကျေပျောက်သည်။

လေဖျက်သောကမ္ဘာ၌ တတိယစျာန်သုံးဘုံ တိုင်အောင် စကြာဝဠာကုဋေတစ်သိန်းလုံး မှုန့်မှုန့်ညက်ညက် ကြေ၍ ပျက်လေသည်။

ကမ္ဘာပျက်ပြီး ခပ်သိမ်းသော သတ္တဝါတို့၏ နေရာဌာဖြစ်သော ဩကာသလောက ပြန်ပေါ်လိုသည်ရှိသော် ကမ္ဘာပြုမိုးရွာသောရေသည် ရွေ့လျှောခန်းခြောက်လာသည်။ ပျက်လေပြီးသော ဗြဟ္မာဘုံ အထက်နတ်ပြည်လေးဘုံတို့သည် အစဉ်အတိုင်းပေါ်လာသည်။

ထို့နောက် ပံသုပထဝီတည်ရာအရပ်သို့ရောက်လျှင် ရေစစ်ကရိဏ်၏အဝကို ပိတ်သောကာလ တည်သောရေကဲ့သို့ ထိုရေသည် လေဖြင့်ချုပ်၍ ရပ်တည်လေသည်။

ထိုရေပေါ်၌ ကောင်းသောအနံ့အရသာနှင့်ပြည့်စုံသော နတ်ဩဇာကဲ့သို့ ရေမရောသော "ယဏာ"အပေါ် အပြင်ကဲ့သို့ မြေဩဇာသည် ကြာရွက်သဏ္ဍာန်ကဲ့သို့ ဝ၂ည်လာသည်။

ထိုမြေပေါ်လာသောအခါ ဘုရားသခင်တို့ ပွင့်တော်မူရာဖြစ်သော မဟာဗောဓိပလ္လင်တည်ရာ မြေအရပ်သည်

www.dhammaransi.com



ရှေးဦးစွာဖြစ်၏။ (ထိုနေရာသည် ကမ္ဘာပျက်သော အခါ၌လည်း နောက်ဆုံးမှပျက်လေ့ရှိပါသည်။)

ထိုမြေ၌ ပုဗ္ဗနိမိတ်ဖြစ်သော ပဒုမ္မာပင်ပေါက်လာသည်။ ထိုကြာပင်သည် ဘုရားမပွင့်သောကမ္ဘာ ဖြစ်ပါက အပွင့်မရှိ၊ ဘုရားပွင့်အံ့သော ကမ္ဘာဖြစ်အံ့၊ ပွင့်မည့်ဘုရား အရေအတွက်အညီ အပွင့်ပါ၏။

ထိုကြာပွင့်ကိုမြင်၍ ဗြဟ္မာတို့သည် ကြာပွင့်အရေအတွက်အတိုင်း ဘုရားပွင့်အံ့သည်ကို သိကုန်၏။

ကမ္ဘာပျက်စဉ်က မပါခဲ့သော အထက်ဗြဟ္မာပြည်မှ ဗြဟ္မာတို့သည် သက်တမ်းကုန်သဖြင့်လည်းကောင်း၊ ကံကုန်သဖြင့်လည်းကောင်း သေလွန်ကြ၍ ဩကာသလောကထဲသို့ ဥပပတ်ကိုယ်ထင်ဖြင့် ဖြစ်လာကြကုန်သည်။

ထိုသူများသည် ဩကာသလောက အမိုက်မှောင်ထဲဝယ် မိမိတို့၏ ကိုယ်ရောင်ဖြင့်ပင် ထွန်းပကုန်လျက် ဗြဟ္မာကဲ့သို့ ပီတိလျှင် အစာရှိကုန်လျက် ကောင်းကင်၌ ငှက်ကဲ့သို့ ပျံဝဲမွေ့လျော်နေကြသည်။

ယောက်ျား-မိန်းမဟူ၍ မရှိ။ သတ္တဝါဟူ၍သာ ခေါ်ကြသည်။ ထိုသတ္တဝါတို့သည် မြေဆီမြေဩဇာ ဟူသော ရသပထဝီကို စားရန်အားထုတ်လာသည်။ ထိုအခါ

www.dhammaransi.com



ကိုယ်ရောင် ကွယ်ခဲ့၍ ဩကာသအမိုက်တိုက်ကြီးဝယ် ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်ကြသည်။

လောကဖြစ်မြဲ ဓမ္မတာအရလည်းကောင်း၊ ထိုသူတို့၏ ဘုန်းကံကြောင့်လည်းကောင်း နေမင်းသည် ပေါ်ထွက်ပြီး အလင်းကို ဖြစ်စေသည်။

ကမ္ဘာဦးလူတို့သည် ကြောက်ခြင်းကင်း၍ ရဲရင့်ခြင်း ဖြစ်ကုန်သောကြောင့် "သူရိယ"ဟုခေါ် ဆိုကြသည်။

ထိုနေသည် နာဍီ(၃၀)ခန့်လည်ပြီးနောက် ယုဂန္ဓိုရ်တောင်ကွယ်ခဲ့သော် အမိုက်ဘိဖြစ်ပြန်၍ ကမ္ဘာဦးလူတို့အလင်းကို တောင့်တကြရာမှ လ,ထွက်လာသည်။

"ငါတို့၏ဆန္ဒအတိုင်း ရပေသည်"ဟူ၍ "ဆန္ဒ"ဟု ခေါ်ကြသည်။

ထို နေ,လတို့သည် ထင်ရှားစွာ ဖြစ်ပေါ်သည့် နေ့၌ ပင် မြင်းမိုရ်၊ သတ္တရဘ္ဘာန်၊ သီဒါ၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီးကျွန်းငယ်နှစ်ထောင်၊ ဟိမဝန္တာတော၊ မြစ်ကြီး၊ အိုင်ကြီး၊ စကြာဝဠာတောင်တို့သည် လောကဓမ္မတာ သဘာဝတရားအရ တပေါင်းလပြည့်နေ့တွင် တပြိုင်နက်ထဲ ပေါ်ထွန်းလာသည်။ ထိုအချိန်မှစ၍ နေ,လ,နှစ်ဥတုတို့သည် ထင်ရှားဖြစ်ကုန်၏။

www.dhammaransi.com



ကမ္ဘာဦးသူတို့သည် မိမိတို့၏ ရှေးရှေးအတိတ်ဘဝ များစွာက ပြုခဲ့သော ကုသိုလ်,အကုသိုလ်ကံတို့ကြောင့် အချို့ အဆင်းလှကုန်သည်။ အချို့က အဆင်းမလှကုန် ဖြစ်လာကြသည်။

အဆင်းလှသူတို့ကို အဆင်းမလှသူတို့က မထေမဲ့မြင် ပြုကုန်သည်ရှိသော် ရသပထဝီမြေဆီမြေသြဇာ ကွယ်ခဲ့သည်။ လူတို့သည် မြေလွှာကို စားကြရသည်။

ရှည်လျားသဖြင့် လောဘရမ္မက်ထူပြောလာ၍ မြေလွှာကွယ်ပြန်သောအခါ- သဒါလတာအမည်ရှိသော အနံ့အရသာနှင့်ပြည့်စုံသော "နွယ်"ပေါ်လာပြီး ထိုနွယ်ကို စားသုံးကြသည်။ \

လူသားတို့၏ လောဘကြောင့် ထိုနွယ်ချိုကွယ်ပြန်သော် အနံ့အရသာနှင့်ပြည့်စုံပြီး ဖွဲ့မကပ်သော "သလေးဆန်" ပေါ်လာသည်။

ထိုအခါ ကမ္ဘာဦးလူတို့သည် သလေးပင်မှ ညစာ စားရန်အလို့ငှာ ညအခါမှ ယူ၏။ နံနက်စာအတွက် နံနက်ကျမှ ယူကြသည်။

ထိုသို့ယူကြသော်လည်း ယူရာမထင် မူလအတိုင်းပင် ပြန်ဖြစ်၏။ ထိုသလေးဆန်ကို ကျောက်ခွက်၌ထည့်ထား

www.dhammaransi.com



သော် အလိုလိုကျက်သည်။

ကမ္ဘာလူတို့ မြေဆီမြေလွှာနှင့် နွယ်ချိုစားသုံးစဉ်က ထိုအစာများသည် နတ်မြေဩဇာကဲ့သို့ မွတ်သိပ်ခြင်းကို ဖျောက်၍ အဟာရကိုဆောင်၏။ ဝတ္ထုသိမ်မွေ့သဖြင့် ကျင်ကြီးကျင်ငယ် မဖြစ်ကြပေ။

သလေးဆန်ကိုစားသောအခါ ဝတ္ထုရုန့်ရင်းသောကြောင့် ကျင်ကြီးကျင်ငယ်၊ ဝစ္စမဂ်၊ပဿာဝမဂ်၊ ပုရိသနိမိတ်၊ ဣတ္ထိနိမိတ်အသွင်များ ဖြစ်လာကြသည်။

ထိုအခါ မိန်းမသည် ယောက်ကျားကို တပ်မက်သောအားဖြင့် အပြန်အလှန်ကြည့်ကြရာမှ ကာမရာဂ ပူပန်ခြင်းဖြစ်လာပြီး မေထုန်မှီဝဲခြင်းဟူသော ကာယသံသဂ္ဂဖြစ်ကုန်ကြသည်။

ထိုအကျင့်ကို မှီဝဲသောကြောင့် မကျင့်သူက ကဲ့ရဲ့ပြစ်တင်သည်။ ခဲနှင့်ပစ်ကာ နှင်ထုတ်သည်။

ထိုသူကို အိမ်ထောင်ပြုသူတို့က တောင်းပန်ကြပြီး မိမိတို့အား မသင့်တော်တာမြင်လျှင် ဆုံးမပါ၊ အပ်နှင်းပြီး အကြီးအကဲဆရာအဖြစ်ထားကြသည်။ ထိုအချိန်မှစ၍ ပြဟ္မာဆရာ စတင်ပေါ်လာသည်။

ထိုဆရာမှ မကောင်းသောအကျင့်ကို ဖုံးလွှမ်းခြင်းနှင့်

www.dhammaransi.com



အကာအကွယ်ရှိသော အိမ်ရာတဲကိုဆောက်လုပ်နေရန် လမ်းညွှန်ဆုံးမမှုပေးခဲ့သည်။(မင်္ဂလာဆောင် ခဲဘိုးတောင်း သောဝလေ့မှာ ထိုအရာကိုအကြောင်းပြု၍ ပေါ်လာခြင်း ဖြစ်သည်။)

## မဟာသမ္မတမင်းဆရာ

ထိုသို့နေကုန်သော ပျင်းရိသောသူတို့သည် အစာ သိုမှီးခြင်းကို ပြုလာကြသဖြင့် သလေးဆန်တို့သည် ဖွဲနု ဖွဲကြမ်း မြေးယှက်ကုန်သည်။ ရိတ်ယူရာ အရပ်၌ တစ်ဖန်ပြန်မပေါက် ကြတော့ချေ။

လူတို့သည် ထိုသလေးစပါးတို့ကို ပိုင်းခြားသတ်မှတ် ၍ ဝေပေးရန်တိုင်ပင်ပြီး သလေးစပါးကို အပိုင်းအခြားထား၍ ဝေပေးထားကြသည်။

လျှပ်ပေါ်သောသူတစ်ယောက်သည် မိမိအဖို့ ကုန်အံ့ စိုး၍ တစ်ပါးသူ၏အဖို့အစုကို ခိုးယူလေသည်။

ထိုခိုးသူကို တစ်ကြိမ် နှစ်ကြိမ်ဆဲရေးလွှတ် လိုက်သည်၊ သုံးကြိမ်မြောက်သော် ရိုက်ပုတ်ပစ်ခတ် လွှတ်သည်။

(ထိုအချိန်မှစ၍ သူ့ဥစ္စာခိုးခြင်း၊ မုသားဆိုခြင်း၊ ဒဏ် ပေးခြင်းတို့သည် ဖြစ်ပေါ်လာကုန်သည်။)

www.dhammaransi.com



ထိုသို့ဖြစ်လာသော် ကမ္ဘာဦးလူတို့သည် စည်းဝေး၍ "ယခုယုတ်မာသောအမှုအရာတို့သည် ဖြစ်ကုန်ပြီး၊ သီလ, သမာဓိ, ပညာနှင့်ပြည့်စုံသော သူတစ်ယောက်ကို အုပ်ချုပ်သူမင်းအဖြစ် သမုတ်၍ ကဲ့ရဲ့ရှုတ်ချစေအံ့၊ နှင်ထုတ်အပ်သူကို နှင်ထုတ်စေအံ့၊ ငါတို့အဖို့ဖြစ်သော သလေးစပါးကို ဆယ်ဖို့ တစ်ဖို့ပေးကုန်အံ့ဟူ၍ တိုင်ပင်ပြီး အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံပြီး ဘုန်းတန်ခိုးအာဏာရှိ၍ နှိမ်နင်းချိုးမြှောက်ခြင်းငှာ စွမ်းနိုင်သော အားရှိသောသူကို တောင်းပန်၍ မင်းမြှောက်ကြသည်။

(ထိုပုဂ္ဂိုလ်သည် ယခုဂေါတမဘုရားလောင်း ဖြစ်သည်ဟု ဆိုပါသည်။)

-ကမ္ဘာဦးလူတို့သမုတ်သောကြောင့်မဟာသမ္မတမင်း

-သလေးစပါးပေါက်ရာ လယ်တို့၏အရှင်ခတ္တိယ

-တရားနှင့်အညီစီရင်တတ်သောသူ ရာဇ

ဟူသော အမည်(၃)ပါးဖြင့် ထင်ရှားခဲ့သည်။

ထိုသို့ အုပ်ချုပ်သူပေါ်လာသောအခါ လူတို့သည် ခိုးမှု လိမ်ညာပြောဆိုမှုတို့ကို မပြုဝံ့ကြတော့ချေ။

ထိုမဟာသမ္မတမင်းသည် လူတို့အား တရားနှင့်အညီ

www.dhammaransi.com



နေထိုင်ကျင့်ကြံပြောဆိုခြင်း၊ သင်ကြားပြသခြင်း၊ ဆုံးမခြင်းတို့ကိုပြုသဖြင့် ထိုမဟာသမ္မတမင်းပုဂ္ဂိုလ်သည် လူသားတို့၏ ကမ္ဘာဦးမင်းဖြစ်သလို ကမ္ဘာဦးဆရာလည်း ဖြစ်ပါသည်။

## မုနိဆရာ ဗြဟ္မဏဆရာ ဖြစ်ပေါ်လာခြင်း

နောက်မကြာခင် အချို့သောသူတို့သည် လူသားတို့တွင် ဖြစ်ပေါ်လာသော ခိုးမှု လိမ်ညာပြောဆိုမှု ဒဏ်ပေးမှုစသောအကုသိုလ်တရားတို့ကို ကြောက်ရွံ့ပြီး တောထွက်ကာ သစ်ခက်တဲကျောင်း၌ နေကြပြီး လူတို့ရွာ၌ ဆွမ်းခံစားကြသည်။

ထိုသူများကို မူလက အကုသိုလ်ရှောင်ကွင်းသူများဖြစ်၍ ဗြဟ္မဏဟူ၍လည်းကောင်း "မုနိ"ဟူ၍လည်းကောင်း ခေါ်ကြသည်။

ကမ္ဘာဦး မဟာသမ္မတမင်းတို့သည် မုနိအစရှိသော သူတော်ကောင်းများနှင့် တိုင်ပင်၍ တရားနှင့်အညီအုပ်ချုပ်မှု စီမံမှုတို့ကို တရားနှင့်အညီ ဖြစ်စေရန်၊ လင့်ကျင့်တရားများ၊ သင်္ဂဟတရားများ၊ အခြားလူမှုရေးဆိုင်ရာ ကျင့်ဝတ်များကို ရေးသားပြုစုစေသည်။ ထိုပြုစုသောကျမ်းကို "မနုဓမ္မသတ်" ဟုခေါ်သည်။

www.dhammaransi.com



ထိုဓမ္မသတ်တို့ကို လူတို့အား ပို့ချစေခြင်း၊သင်ပေးခြင်း အမှုတို့ကို မဟာသမ္မတမင်းမှ ပြဟ္မဏမုနိတို့အား တာဝန် အပ်နှင်းခဲ့ပါသည်။

ထိုအချိန်မှစ၍ လူတို့တွင် လူကျင့်ဝတ်များကိုသင် ပေးသော ပြဟ္မဏဆရာ မုနိဆရာများပေါ်ပေါက်လာ ခဲ့ပါသည်။

နောက်ပိုင်းတွင် မုနိဆရာတို့က လူတို့၏အမှုကိစ္စ တွင် မပါဝင်လိုသောကြောင့် တောတောင်ထဲမှာပင် သစ်ခေါက်ဆိုး အဝတ်ကိုဝတ်၍ ပြဟ္မာပြန်ဖြစ်ရေး ကျင့်စဉ်ကို ကျင့်ကြသည်။ ထိုသူများကိုနောင်တွင် မုနိမှရသေ့, ပရိဗိုဇ် ဟူ၍ခေါ်ခဲ့ကြသည်။

## ဒိသာပါမောက္ခဖြစ်ပေါ်လာခြင်း

လူတို့ကို ဆက်လက်ပညာသင်ပေးကြသော လူတို့နှင့် အတူတူနေပြီး ပညာသင်ပေးကြသော ပြဟ္မဏဆရာတို့က အစဉ်အဆက် လူတို့၏ဆရာဖြစ်ခဲ့သည်။

လူတို့သက်တမ်းဆုတ်ယုတ်လာသောအခါ လူတို့သည် လောဘ,ဒေါသ စသောအကုသိုလ် အညစ် အကြေးများ များလာ၍ သလေးစပါးတို့သည် ကွယ်ပျောက်

www.dhammaransi.com



ခဲ့ပြီး စပါးကြမ်း၊ဆန်ကြမ်းတို့ပေါ်လာသလို ထိုစပါးဆန်တို့ကို လူတို့ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်လာရသည်။

ထွန်ယက်ခြင်း၊စိုက်ပျိုးခြင်း၊ရောင်းဝယ်ခြင်း၊ အိမ်ရာတည်ဆောက်ခြင်း၊ အထည်ချုပ်လုပ်ခြင်း စသည်များကို လူတို့သည် ကိုယ်တိုင်ဆောင်ရွက်လုပ်ကိုင်လာကြရသည်။

ထို့နောက် သက်တမ်းဆုတ်သထက် ဆုတ်လာသောအခါ လောဘ, ဒေါသ,မာန,ဣဿ,မစ္ဆရိယတရားများ ပေါ်ထွန်းလာပြီး တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ ပေါ်လာသည်။ ထိုတိုက်ခိုက်မှု အတတ်ပညာများ သင်ကြားမှုလိုလာသည်။

ကိုးကွယ်အားထားမှုများပေါ်လာသောအခါ ထိုကိုးကွယ်မှုတွက် ရွတ်ဆိုမှု စီမံမှုပညာများလိုလာသည်။

ထိုသို့သက်တမ်းဆုတ်လာသည့်အလျောက် ပေါ်လာသော လုပ်ကိုင်ဆောင်ရွက်မှုများအတွက် အတတ်ပညာများ ပေါ်ပေါက်လာရသည်။ မိမိတို့၏ သားငယ်များကို ထိုအတတ်ပညာမျိုးစုံကို သင်ပေးရန် ဆရာလိုလာသည်။

မိမိတို့က တစ်ဘက်က စားဝတ်နေရေးအတွက် အလုပ်လုပ်နေရ၍ မိမိတို့၏သားသမီးများကို ကိုယ်တိုင် မသင်ပေးနိုင်ကြ။

www.dhammaransi.com



ထိုအခါ အတတ်သညာမျိုးစုံကို သင်ကြားပေးနိုင်သောသူကို ရှာဖွေကြပြီး မဟာသမ္မတမင်းတင်မြှောက်သကဲ့သို့ မိမိအရပ်ဒေသ၏ အကြီးအကဲ(ဒိသာပါမောက္ခ)ကို ရွေးချယ်တင်မြှောက်ကြပြီး မိမိတို့၏သားသမီးများကို ပညာသင်ပေးစေသည်။ မဟာသမ္မတမင်းကို အုပ်ချုပ်စီမံခဆယ်ဘိုးတစ်ဘိုးပေးသလို ဒေသအကြီးအမှူး ပညာသင်ပေးသူကိုလည်း ပညာသင်ခ အဖို့စုကို ပညာရပ်အလိုက် ပူဇော်မှုပေးကြသည်။

ထိုအချိန်မှစ၍ ဒိသာပါမောက္ခဆိုသော ဆရာများသည် အရပ်ဒေသအလိုက် တိုင်းနိုင်ငံအလိုက် ပေါ်ပေါက်ခဲ့လေသည်။

ဒိသာပါမောက္ခ၏ ပါဠိစကားအဖွင့်မှာ-

- အရပ်မျက်နှာတို့၌ အမြတ်ဆုံးဖြစ်သော
- အရပ်မျက်နှာတို့၌ ထင်ရှားသော
- အရပ်မျက်နှာတို့၌ အကြီးအမှူးဦးစီးခေါင်းဆောင်ဖြစ်သောဟူ၍ အဓိပ္ပါယ်ရပါသည်။

www.dhammaransi.com

## အတတ်ပညာများအလိုက် ဆရာများ ဖြစ်ပေါ်လာခြင်း

လူတို့၏သက်တမ်းဆုတ်ကပ်ကာလဝယ် လူတို့ သက်တမ်း တစ်သိန်းကာလ၌ လူတို့သည် မိမိတို့ဘဝ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နှုတ်မှုလက်မှု အတတ်ပညာများကို အမျိုးမျိုးတီထွင်ကြံဆလာကြသည်။ ဖန်တီး တည်ဆောက်လာကြသည်။

ထိုသို့ တည်ဆောက်ရာမှ အတတ်ပညာအလိုက် ဒေသအတွင်း၌ အတတ်ပညာအလိုက် ဆရာများပေါ်ပေါက် လာရသည်။ ဥပမာ-ဆေးဆရာ၊ လက်သမားဆရာ၊ ဆင်ကြပ်ဆရာ၊ မြင်းကြပ်ဆရာ၊ ပိသုကာဆရာ စသည် တို့ဖြစ်သည်။

ထိုဆရာတို့သည် အတတ်ပညာကျောင်းဟူ၍ သီးသန့်ဖွင့်လှစ်မှုမရှိဘဲ သင်ယူလိုသော တပည့်တို့က ဆရာထံ သွားရောက်တပည့်ခံပြီး ဆရာနှင့်အတူနေပြီး လက်ထပ်သင်ယူကြရသည်။

www.dhammaransi.com



## ပုဏ္ဏားဆရာ(ပုရောဟိတ)ရသေ့တို့ ပေါ်လာခြင်း

ဤဘဒ္ဒကမ္ဘာတွင် ကမ္ဘာတည်စကထဲက ဘုရား (၅)ဆူပွင့်မည်ဟု ပုဗ္ဗနိမိတ်ပေါ်လာခဲ့သည်။ ပထမဦးဆုံး ဘုရားပွင့်တော်မူကာနီး လူတို့သက်တမ်းအနှစ်(၈)သောင်း၌ ဘဒ္ဒကမ္ဘာ၏ပထမဦးဆုံးဘုရားပွင့်ခါနီးကာလ၌ ဗြဟ္မာတို့သည် ဘုရားလောင်းတို့၏ လက္ခဏာ,အင်္ဂါတို့ကို သိစေရန် မုနိခေါ်ဗြဟ္မဏတို့အား ထိုအတတ်ပညာများ သင်လာပေးကြသည်။

လူလောက လူအရှုပ်အထွေးကို မနှစ်သက်ကြသော ပုဂ္ဂိုလ်တို့က တောထွက်သွားသောအခါ လူလောကတွင် ကျန်ရစ်ခဲ့သော ဗြဟ္မဏတို့က ထိုပညာကို အမှီပြု၍ ဗြဟ္မဏဆရာ ဖြစ်လာကြသည်။ နောက်တွင် မဟာသမ္မတ၊ ခတ္တိယ၊ရာဇဟု အမည်(၃)မျိုးရသော အုပ်ချုပ်သူပုဂ္ဂိုလ်၏ အကြံပေးဆရာဖြစ်လာပြီး မင်းဆရာဖြစ်လာသည်။ မင်းတို့ကို နောက်ပိုင်းတွင် ဗြဟ္မဏဟူ၍ မခေါ်တော့ဘဲ ပြည်ရွာ အကျိုးဆောင်(ပုရာ=ပြည်၊ ဟိတ=အကျိုးစီးပွား)ပုရောဟိတ ဆရာ ဟူ၍ အမည်ခေါ်ခဲ့ကြသည်။

လူလောကတွင် အရှုပ်အထွေးကို အလိုမရှိကြသော ပုဂ္ဂိုလ်များက တောထွက်ပြီး သစ်ခေါက်ဆိုးဝတ်ကာ ရသေ့

www.dhammaransi.com



ပုရဗိုဇ်ပြုလုပ်ကြသည်။ ထိုပုဂ္ဂိုလ်များသည် မိမိတို့နည်းတူ တောထွက်တရားကျင့်ကြံကြသောသူများကို နည်းပေးလမ်းပြ ညွှန်ကြားဟောပြောပြ၍ သူတို့ကို ဣသိဆရာ(ရသေ့ဆရာ) ပရိဗ္ဗာဇကဆရာ ဟူ၍ခေါ်လာကြသည်။

ထိုသို့သောဆရာများသည် ဘဒ္ဒကမ္ဘာပွင့်တော်မူခဲ့ကြသော ဘုရားရှင်အဆက်ဆက် ကာလမှသည် ဂေါတမဘုရားရှင်ပွင့်တော်မူလာသည့်ကာလအထိ ဖြစ်ခဲ့ပါသည်။

ဂေါတမဘုရားရှင် မပွင့်ခင်နှင့် ပွင့်တော်မူလာသော အခါတွင်လည်း လောကီအတတ်ပညာဆရာများ၊ လောကုတ္တရာအနွယ်ရသေ့ဆရာများ၊ တိတ္ထိအယူဆရာများ ဗေဒင်ပညာသင်ပုဏ္ဏားဆရာများဟူ၍ ဆရာမျိုးစုံ ရှိခဲ့ပါသည်။

## ရဟန်းဆရာများ ပေါ်လာခြင်း

ဂေါတမဘုရားရှင် ပွင့်တော်မူလာသောအခါ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့အတွက် "သတ္ထာဒေဝ မနုဿာနံ"ဟူသော ဂုဏ်တော်နှင့်အညီ ဂေါတမဘုရားရှင်သည် ဆရာဖြစ်ခဲ့ပါသည်။

ထို့နောက် ဘုရားရှင်၏တပည့်သား သံဃာတော်

www.dhammaransi.com



များသည် လူတို့အား ဘုရားရှင်၏တရားစစ် တရားမှန်များကို ဘုရားရှင်ကိုယ်စား ဟောကြားပြသဆိုဆုံးမပေးလာသဖြင့် ထိုရဟန်းတော်များသည် လူသားတို့၏ လောကုတ္တရာ ဆရာများ ဖြစ်လာကြပါသည်။

ဂေါတမဘုရားရှင် သာသနာတော်ပေါ်ပေါက်လာခြင်းနှင့်အတူ ဆရာအမျိုးအစားလည်း အမျိုးမျိုးကွဲပြားခြားနားပေါ်ပေါက်လာခဲ့ပါသည်-

- ရှင်သာမဏေပြုပေးသော ဥပသမ္ပဒါဆရာ
- ရဟန်းခံပေးသော ကမ္မဝါစာဆရာ
- အနီးကပ်ပြုစုပေးသော ဥပဇ္ဈာယ်ဆရာ
- အနီးကပ်သင်ကြားပေးသော နိဿရည်းဆရာ
- တရားဟောပြောပြသော ဓမ္မကထိကဆရာ
- ကမ္မဋ္ဌာန်း ဝိပဿနည်းပြသော ကမ္မဋ္ဌာနာစရိယ ဆရာ
- နည်းလမ်းညွှန်ပြဆိုဆုံးမမှုပြုသော သြဝါဒါစရိယ ဆရာ
- အုပ်ချုပ်စီမံပေးသော ဥဒ္ဒေသာစရိယဆရာ
- ပိဋကတ်သုံးပုံကို သင်ကြားပို့ချပေးသော ဂဏဝါစကဆရာ

www.dhammaransi.com



- သင်ကြားနည်းပြသော နယဒေသကဆရာ

ဟူ၍ ဆရာအမျိုးမျိုး ဖြစ်ပေါ်လာခဲ့ပါသည်။

လူသားတို့အတွက် အဋ္ဌာရသပညာကို သင်ကြားပေးသော တက္ကသိုလမှ ဒိသာပါမောက္ခဆရာ၊ အခြားသင်ဆရာ၊ မြင်ဆရာ၊ နက္ခတ်ဆရာ၊ ဆေးဆရာ၊ ဗေဒင်ဆရာစသည်တို့လည်း ရှိပါသည်။

ထိုဆရာများသည် ဂေါတမဘုရားရှင်လက်ထက်နှင့် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် အစဉ်မပြတ် ရှိခဲ့ပါသည်။

## ပညာရေးကို ရဟန်းဆရာများ ဦးစီးလာခြင်း

စတုတ္ထသံဂါယနာတင်ပြီးနောက် သီဟိုဠ်နိုင်ငံ (ယခု သီရိလင်္ကာနိုင်ငံ)တွင် ဝဋ္ဋဂါမဏိမင်းကြီး ထီးနန်းစိုးစံချိန်ဖြစ်သည်။

မင်းကြီးသည် ရွာထိပ်ရွာထိပ်တို့တွင် ဇရပ်တန်ဆောင်းဆောက်လုပ်စေပြီး ရပ်ရွာရှိကလေးများကို ထိုဇရပ်၌ ပညာသင်စေသည်။ ရဟန်းတော်များက ကလေးများကို ပညာသင်ကြားပေးခြင်း အကျင့်စာရိတ္တ ကောင်းမွန်အောင် ဆိုဆုံးမခြင်း သာမဏေပြုပေးခြင်းတို့ကို ဆောင်ရွက်စေရသည်။

www.dhammaransi.com

၆၄ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

နောက်တွင် ထိုရွာထိပ်ဇရပ်ကို ဘုန်းကြီးကျောင်းအဖြစ် သတ်မှတ်ကာ ရဟန်းတော်များ ကျောင်းထိုင်စေပြီး ကလေးများကို အခမဲ့ပညာသင်စေခဲ့သည်။ ထိုကျောင်းထိုင် ရဟန်း၏ စားဝတ်နေရေးကို ရွာသူရွာသားများက ပစ္စည်းလေးပါးဒါယကာခံ၍ ပြန်လည်စောင့်ရှောက်ပေးသည်။

ရွာဦးကျောင်း ရဟန်းသံဃာများသည် တစ်ဘက်က ကလေးများကို ပညာသင်ပေးစောင့်ရှောက်သလို ပစ္စည်းလေးပါးဒါယကာ ဒါယိကာမများကို အသိအလိမ္မာ ဖွံ့ဖြိုးတိုးတက် ရရှိစေရန် တရားဟောပြောပြခြင်းများကို ပြုလုပ်ပေးကြသည်။

ဤသို့ဖြင့် ဗုဒ္ဓသာသနာထွန်းကားသောဒေသတို့တွင် ရဟန်းတော်များက ဦးဆောင်၍ အခမဲ့ပညာသင်ပေးသောစနစ်ပေါ်လာပြီး ရဟန်းဆရာများ စတင်ပေါ်လာခဲ့သည်။

ထိုရွာထိပ်၌ ကျောင်းဇရပ်ထားပြီး ရဟန်းတော်များက ပညာသင်ကြားပေးသော နည်းစနစ်ယဉ်ကျေးမှုသည် သီဟိုဠ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး အနော်ရထာမင်း သာသနာပြုဆောင်ရွက်သောအခါ အထက်အောက်မြန်မာတစ်ပြည်လုံး ပျံ့နှံ့ခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံအဝှမ်းတွင် ဘုန်းတော်

www.dhammaransi.com



ကြီးသင်ပညာရေးကျောင်းနှင့် ရဟန်းဆရာစနစ် စတင်ပေါ် လာခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

ဤသည်မှာ ဝိဇ္ဇာပညာရပ်ဟူသော စာပေသင်ကြားခြင်း၊ ဆရာများပေါ်လာခြင်းကို ဆိုလိုသည်။ အခြားသက်မွေးဝမ်းကျောင်းဖြစ်သော ဆေးပညာဆရာ၊ ဗေဒင်နက္ခတ်ဆရာ၊ လက်မှုပညာသင်ဆရာတို့သည် များစွာရှိပါသည်။ ထိုပညာရေးသင်ကြားမှုမှာ ဆရာထံတွင် တပည့်ခံပြီး လက်တွေ့နည်းခံပြီး သင်ယူရခြင်းစနစ်များ ဖြစ်ပါသည်။

## လူဆရာ၊ဆရာမတို့ ပေါ်လာခြင်း

မြန်မာနိုင်ငံတွင် မြန်မာသမိုင်းတစ်လျှောက်၌ ဘုရားရှင်၏သားတော် ရဟန်းသံဃာတော်များသည် မြို့ဦးရွာထိပ်တို့၌ ကျောင်းတည်ဆောက်ပြီး မြန်မာကလေးသူငယ်များအား လောကီလောကုတ္တရာရေးရာများကို သင်ကြားပေးခဲ့သလို လူလတ် လူကြီးတို့အား ဗုဒ္ဓဓမ္မတို့ကို ဟောပြောညွှန်ပြဆိုဆုံးမခဲ့ကြသော ဆရာများဖြစ်ခဲ့ကြပါသည်။

မြန်မာဘုရင်ခေတ်တလျှောက် စာသင်ကျောင်းဟူ၍ မရှိခဲ့ပါ။ မိမိတို့၏ မြို့ဦး ရွာဦးကျောင်းသည်ပင် စာသင်ကျောင်း ဖြစ်ခဲ့ကြပါသည်။

www.dhammaransi.com

# ၆၆ တက္ကသိုလ်သျှင်သီရိ (မွှာစရိယ၊ ဘိအေ)

ရဟန်းသံဃာတော်တို့သည် မြန်မာကလေးငယ်များအား လောကီရေးရာ မြန်မာစာရေးတတ်မှု စပါးတွက်သစ်တွက် သချ်ာ နေ့နံရွေးနည်းစသော လောကီရေးရာအတတ်၊ ဗေဒင်အတတ်၊ ဆေးကျမ်းအတတ်၊ ထုတ်စီးတိုးထုပ်တိုး၊ ကျီသားရိုက်ဟူသော (စစ်ပညာပရိယာယ်)အတတ်တို့ကို သင်ပေးသလို လောကုတ္တရာရေးရာ ဓမ္မတို့ကိုလည်း သင်ကြားပြသပေးသည်။ ထိုဘုန်းကြီးကျောင်းပညာရေးအတတ်သညာဖြင့်ပင် ဤနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရပ်တည်ခဲ့သည်။ ဂုဏ်ယူဝင့်ကြွားခဲ့ကြသည်။

ရဟန်းသံဃာတော်များသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးဆရာ အမျိုးသားခေါင်းဆောင်များ ဖြစ်ကြပါသည်။

၁၈၈၅ ခုသူ့ကျွန်လက်အောက်သို့ ကျရောက်သောအချိန်ဝယ် အမျိုးဘာသာ သာသနာနှင့် ပညာသည်အနှိမ်ခံရပြီး ညှိုးနွမ်းခဲ့ရသည်။ ဘုန်းကြီးကျောင်းပညာရေးတစတစပျောက်ခဲ့ရသည်။

နယ်ချဲ့တို့က သူတို့သာသနာကျောင်းနှင့် ခေတ်မီပညာရေးစနစ်ကို သွတ်သွင်းခဲ့ပြီး သူတို့အကျိုးပြု ကျွန်ပညာရေး စနစ်ကိုသာ ချမှတ်ကျင့်သုံးခဲ့ကြပါသည်။

www.dhammaransi.com



နယ်ခဲ့တို့သည် နယ်ချဲ့ကျွန်ပညာရေးစနစ် နယ်ချဲ့ သာသနာရေးလုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ထိုကျောင်းများအတွက် သူတို့၏ သာသနာပြုများသည် ဆရာများ ဖြစ်ခဲ့ကြသည်။ နောက်ပိုင်းတွင် လူဆရာ ဆရာမ များကို မွေးထုတ်ပြီး ဆရာဆရာမအဖြစ် တာဝန်ပေးခဲ့ရာမှ လူဆရာ ဆရာမများ အခန်းကဏ္ဍပေါ် ထွန်းလာခဲ့သည်။

ထိုနယ်ချဲ့လုပ်ရပ်တို့ကို မကြေနပ်ကြသော ဝံသာနု မျိုးချစ်ပုဂ္ဂိုလ်များ၊ အမျိုးသားခေါင်းဆောင်ပညာရှင်များ၊ ခေတ်ပညာတတ်များသည်-

- အမျိုးဘာသာ သာသနာနယ်ချဲ့မှု ခုခံကာကွယ်ရန် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)ကို တည်ထောင်၍ အမျိုးဘာသာသာသနာ ထိန်းသိမ်း စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်လုပ်ကိုင်ကြ သည်။ နည်းပေးလမ်းပြကြသည်။
- ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ်ကိစ္စ၊ ကျောင်းသား များသပိတ်မှောက်ပြီးနောက် နေရှင်နယ်ကျောင်း ခေါ် အမျိုးသားကျောင်းများတည်ထောင်ခဲ့ကြပြီး အမျိုးသားဆရာ ဆရာမများကို ခန့်အပ်ခဲ့သည်။ ထိုဆရာ ဆရာမများက မြန်မာလူငယ်များအား

www.dhammaransi.com

## ၆၈ တက္ကသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

မျိုးချစ်စိတ်နှင့်စာပေပညာများကို သင်ကြားပေးကြပါသည်။

ထိုအချိန်မှစ၍ စာသင်ကျောင်းဟူ၍ သီးခြားပေါ်လာပြီး ကျောင်းဆရာ ဆရာမများဟူ၍လည်း သီးခြားဝေါဟာရသစ်များ ပေါ်ပေါက်ခဲ့ရပါသည်။

နောက်ပိုင်းတွင် ရဟန်းဆရာများသည် လောကုတ္တရာ အတတ်ပညာကို သင်ပေးသောဆရာအဖြစ်သာ ရပ်တည်ခဲ့ကြပြီး စာသင်ကျောင်းများတွင် လူဆရာ ဆရာမများကသာ သင်ကြားပေးသော ပညာရေးစနစ် စတင်ပေါ်ထွန်း လာခဲ့သည်။

+++++++++

www.dhammaransi.com



# ထာဝရမွေး

ပဲ့ပြင်ထိန်းကျောင်း မတိမ်းစောင်းအောင်
ကြိမ်းမောင်းချော့လှန့် မေတ္တာပန်းဖြင့်
ဝေဖြန့်ပညာ ဒို့ဆရာ
ကြင်နာနှလုံး ခမာထုံးဖြင့်
တစ်လုံးတစ်ဂါထာ ကျမ်းများစွာနှင့်
ဘာသာဗေဒ ဒဿနမှန် အတန်တန်ကို
ကျင့်ကြံဖြောင့်မတ် ပေးငှတတ်ပါ
မြတ်သည့်စေတနာ ဒို့ဆရာ။

အို မြတ်ဆရာ
အချိန်မကုန် ဆရာဂုဏ်ကြောင့်
လေစုံရာမွှေး ပန်းကလေးသို့
အဝေးနေရာ ရောက်ခဲ့ပါလည်း
ဆရာပေးဝေ ပညာမွေကြောင့်
တပည့်တို့မှာ ဂုဏ်ပေါင်းဖြာသည်
မပြယ်လေသော ရနံ့များ
တိုင်းလုံးပြည်ရွာ နံ့တကား။

စိုးမြတ်ဦး(ရိုးမ)

www.dhammaransi.com

# အခန်း(၃)

# ဆရာအမျိုးမျိုးနှင့် ဂုဏ်ရည်တာဝန်များ

## ဆရာအမျိုးအစားများ

ဤလောကတွင် ဆရာဟုဆိုရာဝယ် ဆရာအမျိုးအစားကို ခွဲခြား၍ သိရပါသည်။

မြန်မာလူ့ဘောင် လူနေမှုစနစ်တွင် အနန္တောအနန္တ ငါးပါးဟူသော ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ဟူသည် အနှိုင်းမရှိ၊ အတိုင်းမသိသော ကျေးဇူးရှင်ဆရာများ ဖြစ်ကြသည်ဟု လက်ခံယုံကြည်ထားကြပါသည်။

www.dhammaransi.com



၁။ ဗုဒ္ဓဆရာ- လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလတို့ ပတ်လုံး သတ္တဝါများအားလုံးအတွက် ကောင်းကျိုးကိုလိုလားပြီး ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သော ဗုဒ္ဓသည် လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို-

- အမှန်တရားသိမြင်ရေး၊
- အသိမှန် အမြင်မှန် အလုပ်မှန် အကျင့်မှန်ရရှိရေး၊
- လူသားများ၏ လူ့ဘဝ လူ့အဖွဲ့ အစည်းအေးချမ်းသာယာဖွံ့ဖြိုး တိုးတက်ရေး၊
- လောကသံသရာမှ လွတ်မြောက် ပြီး ပကတိငြိမ်းချမ်းသော နိဗ္ဗာန်သို့ ရောက်ရှိရေး၊

တို့အတွက် လမ်းညွှန်ပြသ သွန်သင်ဆုံးမခဲ့သော ဆရာတစ်ဆူဖြစ်ပြီး လူ နတ် ဗြဟ္မာတို့၏ မှီခိုအားထားရာ ဆရာတစ်ဆူ ဖြစ်ခဲ့ပါသည်။

၂။ ဓမ္မဆရာ- ထိုဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ထို ဘုရားဟောကြား လမ်းညွှန်ဆုံးမခဲ့သော

www.dhammaransi.com



ဓမ္မက္ခန္ဓာ - ၈၄၀၀၀ ဟူသော တရားများသည် ယနေ့အထိတည်ရှိနေပြီး ထိုတရားများကို သင်ပေးခြင်း၊ သင်ယူခြင်း၊ ဟောပြောပြခြင်း၊ ရေးသားထုတ်ဝေခြင်း၊ လေ့လာဖတ်ရှုခြင်း၊ ကျင့်ကြံအားထုတ်ခြင်းတို့ရှိနေကြ၍ ထိုဓမ္မဟူသော တရားသည် ယနေ့ထက်တိုင်း လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်နေပါသည်။

၃။ သံဃဆရာ- ယနေ့ ဗုဒ္ဓသာသနာတော်ဝယ် ဘုရားရှင်ချမှတ်ထားသော ဝိနည်းဒေသနာနှင့်အညီ ကျင့်ကြံနေထိုင်ကြပြီး ပရိယတ် ပဋိပတ်တို့ သင်ယူမှတ်သား လေ့လာကျင့်ကြံ အားထုတ် နေကြပြီး မိမိတို့သိသောပရိယတ် မိမိတို့ကျင့်ကြံအားထုတ်သော ပဋိပတ်ကျင့်စဉ်တို့ကို လူတို့အားသိရှိနားလည်ပြီး လိမ္မာယဉ်ကျေးသူ ကျင့်ကြံအားထုတ်သူများ ဖြစ်အောင် ပြောဆိုဆုံးမလမ်းညွှန် ပြတတ်ကြ၍ သံဃာတော်များသည် လူသားတို့အတွက် ဆရာတစ်ဆူဖြစ်ပါသည်။

www.dhammaransi.com



၄။ မိဘဆရာ-ပုဗ္ဗာစရိယမိနှင့်ဘဆိုသည့်အတိုင်းမကောင်း မြစ်တာ၊ ကောင်းရာညွှန်လတ်၊ အဘတ် သင်စေခြင်း၊ ဘယ်လိုနေ ဘယ်လိုပြော ဘယ်လိုထိုင် ဘယ်လိုဝတ် ဘယ်လိုစား စသည်ဖြင့် ငယ်စဉ်ဘဝကလေးက အသက် ကြီးသည့်အထိ အစစအရာရာ မေတ္တာ ဓာတ်အပြည့်အဝတို့ဖြင့် လမ်းညွှန်ပြသ သွန်သင်ဆုံးမပေးခဲ့ကြသောကြောင့် မိဘ သည်လည်း လူသားတို့အတွက် ဆရာ တစ်ဆူ ဖြစ်ပါသည်။

၅။ ဆရာ - သင်ဆရာ, မြင်ဆရာ, ကြားဆရာဟူသော ဆရာတို့သည် လူသားတို့အတွက် ပစ္စုပ္ပန် ချမ်းသာရေးဟူသော လက်မှုနှုတ်မှုအတတ် ပညာများကို သင်ကြားပေးခြင်း၊ တမလွန် ဘဝ ချမ်းသာရေးအတွက် အကျင့်စာရိတ္တ ကောင်းမွန်ဖို့ရေးတို့ကို သွန်သင်ဆုံးမ လမ်း ညွှန်ပြသကြသဖြင့် ဆရာတစ်ဆူဖြစ်ကြရ ပါသည်။

ထိုဆရာများနှင့်ပတ်သက်၍ ထပ်မံခွဲခြားပြသရလျှင်

www.dhammaransi.com

## ၇၄ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ ဆရာအမျိုးအစားကို အောက်ပါအတိုင်း ခွဲခြားထားသည်ကို တွေ့ရပါသည်။

၁။ပဗ္ဗဇ္ဇာစရိယ ရှင်သာမဏေပြုပေးသောဆရာ၊

၂။ဥပသမ္ပဒါစရိယ- ရဟန်းပြုပေးရာ၌ ကမ္မဝါစာ ရွတ်ဖတ်ပေးသောဆရာ၊

၃။ဥဒ္ဒေသာစရိယ- စာပေပညာရပ်များကို သင်ကြား ပို့ချပေးသောဆရာ၊

၄။ကမ္မဋ္ဌာနာစရိယ- သမထ, ဝိပဿနာတို့ကို လမ်းညွှန် ဟောကြားပြသပေးသောဆရာ၊

၅။နိဿယာစရိယ- ကျောင်းတိုက်စသည်ကို မှီခို အားကိုးနေပြီး စာသင်ကြားပေး သောဆရာ၊

၆။ဥပဇ္ဈာယာစရိယ- မိဘတို့ကဲ့သို့ အနီးကပ်နေပြီး မျက်ခြေမပြတ် ကြည့်ရှုစောင့် ရှောက်ပေးသောဆရာ၊

၇။ဩဝါဒါစရိယ- နည်းပေးလမ်းပြ ဆိုဆုံးမပြသော ဆရာ၊

ဟူ၍ ဆရာ(၇)မျိုးခွဲခြားပြသထားပါသည်။

www.dhammaransi.com



လောကဌ် မည်သည့်ပညာရပ်မျိုးကိုမဆို တတ်မြောက်စေသော ဆရာများကို(၃)မျိုး ခွဲခြားပြထားသည်ကို တွေ့ရပါသည်။

၁။ဒိဋ္ဌာစရိယ(မြင်ဆရာ)- မိမိထက်တတ်ကျွမ်းသူတစ်ဦးဦး၏ လုပ်ပုံ၊ ကိုင်ပုံ၊ ပြောပုံ၊ ဆိုပုံများကို မျက်လုံးဖြင့်ကြည့်ပြီး အတုယူ၍ တတ်မြောက်အောင်သင်ယူသည် ထိုမျက်စိဖြင့် မြင်ရသော အတတ်ရှိသောဆရာသည် မြင်ဆရာ၊

၂။သုတာစရိယ (ကြားဆရာ) - မိမိထက် တတ်ကျွမ်းသောသူ၏ အတတ်ပညာကို နားဖြင့်ကြား၍ တတ်မြောက်ပါလျှင် ထိုတတ်ကျွမ်းသူသည် ကြားဆရာဖြစ်ပါသည်၊

၃။မုတာစရိယ (သင်ဆရာ) - ပညာရပ်တစ်ခုခုကို ကိုယ်တိုင်ကိုယ်ကျတတ်မြောက်အောင် သင်ကြားပေးသော ဆရာသည် သင်ဆရာဖြစ်ပါသည်၊

ယနေ့ခေတ်မြန်မာလူ့ဘောင်တွင် မြန်မာယဉ်ကျေးမှုအရ ရှိသေလေးမြတ်ထားမှု ဂါရဝအရ အတတ်ပညာတစ်ခုခု

www.dhammaransi.com



ဘတ်ပြီး ထိုအတတ်ဖြင့် အသက်မွေးကြောင်းဆောင်ရွက်နေသူ လုပ်ကိုင်နေသူများကို အလုပ်အပေါ်မူတည်၍(ဝါ) အလုပ်ကိုဝိသေသနပြု၍ နောက်မှ "ဆရာ" ဟူသောစကားကို ထည့်သွင်းအသုံးပြုခေါ်ဝေါ်ကြလေ့ရှိကြပါသည်။

| | |
|---|---|
| ဥပမာ- ကားမောင်းတတ်သူကို | ကားဆရာ |
| ဆိုက္ကားနင်းသူကို | ဆိုက္ကားဆရာ |
| ပန်းရံပြုလုပ်တတ်သူကို | ပန်းရံဆရာ |
| လက်သမားအတတ်ကို | လက်သမား |
| တတ်သူကို | ဆရာ |

စသည့်ဖြင့် ခေါ်ဝေါ်သုံးစွဲကြလေ့ရှိကြပါသည်။

ထိုသို့ခေါ်ကြသော အတတ်ပညာ ဝိသေသနအရ မြန်မာဝေါဟာရဟွင် အသုံးအနှုံးများပြီး ထင်ရှားသော "ဆရာ"ခေါ်ဝေါ်မှုများမှာ-

- မူလတန်းဆရာ
- အလယ်တန်းဆရာ
- အထက်တန်းဆရာ

www.dhammaransi.com



- တက္ကသိုလ်ဆရာ
- ကထိကဆရာ
- ပါမောက္ခဆရာ
- ဆရာဝန်
- အင်ဂျင်နီယာဆရာ
- သိပ္ပံဆရာ
- ဗိသုကာဆရာ
- တိုင်းရင်းဆေးဆရာ
- စာရေးဆရာ

ဟူ၍ အတတ်ပညာပေါ်မူတည်၍ ဆရာဝေါဟာရကို အမျိုးမျိုးသုံးစွဲခေါ်ဝေါ်ကြလေ့ရှိပါသည်။

ဆရာတို့တတ်ထားသောအတတ်ပညာအသီးသီးသည် တစ်ဦးနှင့်တစ်ဦး မတူညီကြသော်လည်း "ဆရာ"ဟူ၍ အခေါ်ခံရသည့်နှင့်တစ်ပြိုင်နက် ထိုဆရာဟုခေါ်ခံရသော ပုဂ္ဂိုလ်များသည် မိမိတို့တတ်ထားသော အတတ်ပညာနှင့် ဂုဏ်သိက္ခာနှင့်အညီ ကျင့်ဆောင်ဆောင်ရွက်ကြလေ့ရှိကြပါသည်။

**ဆရာ၏ ဂုဏ်ရည်များ**

www.dhammaransi.com

## ၇၈ တဏှာသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

မြန်မာနိုင်ငံမြန်မာလူမျိုးတို့၏ ထေရဝါဒဗုဒ္ဓဘာသာတွင် ဘုရား တရား သံဃာဟူသော ရတနာမြတ်သုံးပါးနှင့် တစ်ဂိုဏ်းတည်းပြုထားခြင်းခံရသူများမှာ- မိဘနှင့် ဆရာသမား ဖြစ်ကြပါသည်။

အနန္တောအနန္တငါးပါးကို အစဉ်မပြတ်ပူဇော်ရမည်၊ ရှိခိုးရမည်ဟုဆိုထားသည့်အတိုင်း ဆရာသည် ပူဇော်ထိုက်သော မင်္ဂလာတရားတွင် ပါဝင်သူတစ်ဦးဖြစ်ပါသည်။

ဘုရားရှင်နှင့် တစ်ဂိုဏ်းတည်းထားသောဆရာတို့၏ ဂုဏ်ရည်သည်ကား-

- စကြာဝဠာ ကောင်းကင်ထက် ကြီးမား၍ တောင်မြင့်မိုရ်ထက်မြင့်မားကား သမုဒ္ဒရာထက် နက်ရှိုင်းလှပါသည်။

ဆရာဟူသောဝေါဟာရကို အချို့ပညာရှင်တို့က-

- ဆာယာဟူသော ပါဠိစကားမှ ဆင်းသက်လာသည်။ အဓိပ္ပါယ်မှာ အရိပ်ဟူ၍ ဖြစ်ပါသည်။

လောကတွင် အေးမြချမ်းသာမှုကို ဆောင်ပြုသော သစ်ရိပ်, ဝါးရိပ်, ညာတကာဆွေမျိုးရိပ်တို့ထက် သာလွန်ပိုကဲ အေးမြစေသည်မှာ မှား-မှန်၊ ကောင်းဆိုး ကျိုးကြောင်း

www.dhammaransi.com



ဆင်ခြင်မှု ပညာဟူသော နဝရတ်ရေစင်ကို သွန်းလောင်း ပေးနေသော မြတ်ဆရာ၏အရိပ်သည် ပစ္စုပ္ပန်သံသရာ ကောင်းကျိုးအဖြာဖြာရံပြီး တပည့်တို့၏ဘဝကို အလွန် အေးမြစေပါသည်။

ငှက်တို့၏အားကား ကောင်းကင်

ငါးတို့၏အားကား ရေ

တပည့်တို့၏အားကား ဆရာ

## သုတမဥ္ဇူဆုံးမစာတွင်

"ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်
စာပေတတ်ကြောင်း၊ အချောင်းချောင်းလျှင်၊
ဆဲမောင်းသည်းခံ၊ ဆရာ့ထံဝယ်၊ သင်အံ့ကျက်လေ၊
တစ်နေ့တစ်ပါး၊ မှတ်သားလေ့လေ့၊ ဝတ်လဲခွေ၍၊
အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးတတ်သေး၊
ဆုံးမပေးသည့် နောင်ရေးမြင်မြင်မြော်မြော်တည်း။"

မြတ်ဆရာထံ ဆည်းကပ်ခြင်းဖြင့် တပည့်များ ပစ္စုပ္ပန် သာမက နောင်အနာဂါတ်တိုင်း အကျိုးရှိနိုင်ပုံ ဆရာဂုဏ်ရည် ကို ရေးဖွဲ့ထားပါသည်။

www.dhammaransi.com

## ၈၀ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ၊ ဒုတိယမိတ္တသုတ်တွင်- ဆရာတို့ရှိသင့် ရှိထိုက်သော ဂုဏ်အရည်အချင်း ခုနစ်ပါးကို ဘုရားရှင်က ဟောကြားလမ်းညွှန်ခဲ့ပါသည်။

"ပိယောဂရု ဘာဝနိယော၊ ဝတ္တာစဝစနက္ခမော၊
ဂမ္ဘီရဉ္စကထံကတ္တာ၊ နောစဋ္ဌာနေနိယောဇယော၊
တံမိတ္တံ မိတ္တကာမေန၊ ယာဝဇီဝမ္ပိသေဝိယံ။

(အံ-၂-၄၂၂)

ရှိသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်
ဓမ္မနက်နဲ ဟောနိုင်မြဲ၍
ကျိုးနဲ့မတွန့်၊ ခုနစ်ခွန်နှင့်
ပြည့်လျှမ်းညီညာ ဤဆရာ။

(မဃဒေဝလင်္ကာ)

၁။ ရှိသေထိုက်သောဆရာ-ဆိုသည်မှာ သီလ,သမာဓိ, ပညာ,သိက္ခာသုံးရပ်နှင့် ပြည့်စုံသောဆရာကို ဆိုလိုပါသည်။ ရှိသေထိုက်သော ဆရာဖြစ်ဘို့အတွက် ကိုယ်ကျင့်တရားကောင်းမွန်ဘို့ လိုအပ်လှပါသည်။ အခြေခံသီလလေးမှ မကျင့်သုံးမစောင့်ထိန်းနိုင်လျှင် ရှိသေထိုက်သော ဆရာဟူ၍ မခေါ်ထိုက်ပါ။ ဆရာကလည်း ကိုယ်ကျင့်တရား ကောင်းအောင်နေ၊ မိမိ

www.dhammaransi.com



တပည့်များကိုလည်း ကိုယ်ကျင့် တရားကောင်းဘို့ ဆုံးမ၏။

ထိုဆရာသည် ရှိသေထိုက်သောဆရာ ဖြစ်ပေ၏။

၂။ ချစ်ခင်ထိုက်သောဆရာ- ဆိုသည်မှာ တပည့်တို့ ချစ်ခင်ထိုက်အောင် ကျင့်သုံးတတ်မှ ချစ်ခင်ထိုက်သော ဆရာဖြစ်ပေမည်။ ချစ်ခင်ထိုက်အောင် ကျင့်သုံး ရမည်မှာ ချီးမြှောက်မှု(သင်္ဂဟ)တရားလေးပါး ပြည့်စုံရန် လိုအပ်ပါသည်-

- ပေးကမ်းစွန့်ကြဲမှုရှိရမည်၊
- ချစ်ဘွယ်နားဝင်လွယ်သော စကားရှိရမည်၊
- အများအကျိုးကို ဆောင်ရွက်တတ်ရမည်၊
- ရုပ်ဆိုးရုပ်လှ ချမ်းသာဆင်းရဲ မခွဲခြားဘဲ ကိုယ်နှင့်တန်းတူထားတတ်ရမည်၊

ဤချီးမြှောက်မှုတရားနှင့်ပြည့်စုံလျှင် တပည့်များ သာမက လူအားလုံးက ချစ်ခင်လာပါမည်။ တပည့်များကို ဆုံးမရာ၌ ဒေါသနှင့်ဆက်ဆံနေလျှင် တပည့်များက ဝေးဝေး ရှောင်တတ်ပါသည်။ မေတ္တာကို ရှေ့ထားမှသာလျှင် ချစ်ခင်ထိုက်သော ဆရာဖြစ်ပါမည်။

www.dhammaransi.com



၃။ ချီးမွမ်းထိုက်သော - ဆရာဖြစ်လာဘို့ ကိုယ်ကျင့်တရား အထူးကောင်းအောင် ကြိုးစားရပါမည်။ ချီးမြှောက်မှု တရားလေးပါးနှင့် ပြည့်စုံအောင် နေတတ်ရပြီး တပည့်များ၏ ကောင်းကွက်ကိုရှာပြီး ချီးမွမ်းပေးတတ်ရပါမည်။

၄။ လွဲမိုက်ဆုံးမဆိုသော - ကျင့်ဝတ်သည် ဆရာများအတွက် အထူးပင်အရေးကြီးလှပါသည်။ မိမိ၏ တပည့်များ မသိတာကိုသိအောင်၊ မလိမ္မာသည်ကို လိမ္မာအောင် ဆုံးမ တတ်ရမည်။ ဆုံးမရဲရမည်၊ ဆုံးမသည့်အခါတွင်လည်း နည်းလမ်းတကျ ဆုံးမတတ်ရမည်၊ ဆရာဖြစ်သူက ကိုယ်ကျင့်တရား မကောင်းဘဲ တပည့်ကို လိမ္မာအောင် ဆုံးမဘို့ဆိုသည်မှာ အလွန်ခက်ခဲပါသည်။ ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နှင့်ဟူသော ဆရာမျိုးမဖြစ်ရန် လိုအပ်ပါသည်။ ဆုံးမ သည့်နေရာတွင် အရေးယူအပြစ်ပေးသည့် သဘော မသက်ရောက်စေဘဲ မိမိ၏မလိမ္မာမိုက်မဲမှုကြောင့် အပြစ်ဒါဏ်ခံရသည့်သဘောဆောင်၍ ဆုံးမ တတ်ရမည်။ မေတ္တာရှေ့ထား ဆုံးမတတ်ရမည်။

www.dhammaransi.com



၅။ မေးသမျှခံ - ဆိုသောဆရာ၏ဂုဏ်အင်္ဂါမှာ တပည့်များက နားမလည်မသိ၍ မေးမြန်းလာသမျှကိုအမေးမြန်းခံနိုင်ရပြီး ဂရုဏာသေချာစွာ ရှင်းလင်းပြသ နိုင်ရပါမည်။ မေးလာသည်ကို စာသင်တုန်းက ဂရုမစိုက်ဘဲ ယခုမှလာပြီး လျှာရှည်သည် ဘာညာ စသည် ငေါက်ငန်း ပြောဆိုခြင်းမပြုရပါ၊ စေတနာထား၍ ဖြေကြားပေးတတ်ရပါမည်။

၆။ ဓမ္မနက်နဲဟောနိုင်မြဲ-ဆိုသည်မှာ ကျောင်းပညာရပ်စာပေတွင်သာမက လောကုတ် လောကီပညာစုံ တပည့်များကို ပို့ချပေးတတ်ရပါမည်။ တပည့်များ နက်နဲ ခက်ခဲသည်ဆိုသော အရာများကို လွယ်ကူစွာပင် သိမြင်နိုင်အောင် ရှင်းလင်းသင်ပြ တတ်ရပါမည်။

၇။ ကျိုးနဲမတွန့်-ဆိုသော ဆရာဂုဏ်အင်္ဂါမှာ တပည့်များ၏ဘဝ အကျိုးစီးပွားမဲ့ပြီး ပျက်စီးမည့် အလုပ်ကိစ္စများကို မတိုက်တွန်းရပါ။ တပည့်များဆုတ်ယုတ်မည့် အကြောင်းကို အထူးမသင်ရန် လိုအပ်လှပါသည်။ ဥပမာ - ဆရာကတပည့်ကို စာခိုးချနည်း စာမေးပွဲခိုးဖြေနည်း မသင်ရန်မျိုးဖြစ်သည်။ တပည့်

www.dhammaransi.com



များအကျိုးရှိမည့်နည်းလမ်းကိုသာ အတတ်နိုင်ဆုံး
ကြိုးစားသင်ပေးရမည်။

ဤဆရာသည် ဂုဏ်အင်္ဂါ(၇)ပါး ပြည့်စုံရန် အရည်အချင်းပြည့်ဝအောင် ကြိုးစားကြရပါမည်။

ဆရာဆိုသည်မှာ နိုင်ငံခေါင်းဆောင်၊ ဘာသာရေး၊ လူမှုရေးခေါင်းဆောင်ဟူ၍ ပြော၍ရပါသည်။ မိမိ၏ တပည့်များ နောင်အနာဂါတ် ထူးချွန်ပြောင်မြောက်သူများ ဖြစ်လာနိုင်သည်ကို အထူးသတိရှိရပါမည်။ ဆရာ ခေါင်းဆောင် လမ်းလွဲသည်နှင့် တပည့်များပါ လွဲခဲ့ရသည့် အဖြစ်အပျက်များသည် ရှေးခေတ်များက ရှိခဲ့သလို ယခုခေတ်မှာလည်း အများအပြား ရှိနေသည်ကို သတိရှိကြရပါမည်။

ဟုတ်သောအကြံ မှန်သောအကျင့် သင့်သောအယူ
ဖြူသောနှလုံး သူတော်ထုံးကို စွဲသုံးတတ်ရန်
သွန်သင်ညွှန်ပြပေးသူမှာ မြတ်ဆရာပင် ဖြစ်ပါသည်။

- တောင်ဇလပ်ပန်းကို ထုပ်သောဖက်သည် ပန်း၏ ရနံ့ကြောင့် မွှေးကြိုင်ရသကဲ့သို့ ဆရာကောင်းကို မှီဝဲဆည်းကပ်သူသည် ယဉ်ကျေးလိမ္မာ၍ ပညာတတ် ဖြစ်ရသည်။

မြန်မာပညာရေးနယ်ပယ်သည် ဘုန်းတော်ကြီး

www.dhammaransi.com



ကျောင်းပညာရေးဖြင့် နိဒါန်းဖွင့်ခဲ့ပြီး ဆရာတော်ဘုန်းတော်ကြီးများက ကျမ်းဂန်စာပေများကို သင်ကြားပို့ချခဲ့ကြသည်။

စာသင်ပျိုနု၊ အခြေပြုတို့ကို၊ စာပေသင်ကြားပို့ချရာတွင် **"ကြောင်ပုဇွန်စား ကွပ်ကွပ်ဝါးသို့"** ကြေညက်စွာ အာဂုံဆောင်နိုင်အောင် ပညာသင်ကြားပေးခဲ့ကြသည်။

အိုးကောင်းရစိမ့်သော်ငှာ အိုးကိုနာနာပုတ်သည့် အိုးထိန်းသည်၏ ထုံးနည်းအတိုင်း တပည့်တို့ကို ချော့တခါ ခြောက်တလှည့် ဝေါက်တလှည့်၊ လျော့တခါ နည်းဗျူဟာများစွာဖြင့် ညံ့သူကိုတော်စေ၍ တော်သူကို ထူးချွန်စေရန် ဆန်ရင်းနာနာဖွပ်ခဲ့ကြသည်။

တပည့်အကျိုးကို လိုလားစွာ ဆုံးမသင်ကြားတတ်သော ဆရာ၏သဘောကို-

**"ရှေ့ရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်လည်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆိုသည်။ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူ၏"**

ဟု မဃဒေဝလင်္ကာဆရာက ဆရာဆိုသည်ကို ရှင်းပြထားပါသည်။ တပည့်များက ဆရာကို ချစ်ကြောက်ရိုသေခြင်းသည် ဆရာ၏ကောင်းသော ဂုဏ်ဟူ၍ ဖြစ်ပါသည်။

www.dhammaransi.com

## ၈၆ တက္ကသိုလ်သျှင်သိရီ (ဓမ္မာစရိယ၊ ဘီအေ)

ဆရာသည် တပည့်ကိုပြုစုပျိုးထောင် ပညာသင်ကြားရာတွင် စိတ်ရှည်သည်းခံ ဖွဲ့သန့်မှုဖြင့် စည်းကမ်းကို မဏ္ဍိုင်ပြုရင်း အဖိုးတန်အမျိုးမှန်လေးများ ဖြစ်လာကြစေရန် ပျိုးထောင်ပေးရမည်မှာ ဆရာ၏တာဝန်ဖြစ်သည်။

**"တစ်တိုင်ဆီမီး ထိန်ထိန်ညီးက ဆီမီးတစ်ရာ လင်းရောင်ဖြာ၏။ အသီးတစ်ရာ အညှာတစ်ခု ပမာပြု၏"**
ဟု ဆိုသည့်အတိုင်း ဆရာ၏စေတနာမိုး မေတ္တာမိုးသည် တပည့်တစ်ဦးတစ်ယောက်အပေါ်၌သာ ရွာသွန်းချသော ပေါက္ခရဝဿမိုးမျိုးမဟုတ်။ မ,တစ်ရာသားအပေါ်ဝယ် ရင်ဝယ်သားသို့မခြားတူစွာ တစ်ရောင်တည်းခြယ်သော စေတနာမေတ္တာမျိုးဖြစ်ပြီး ဆရာတစ်ဦးတည်းသော ဆီမီးတိုင်ဖြင့် တပည့်များတည်းဟူသော ဆီမီးတစ်ရာကို ကူးပြီး အလင်းရောင်ဖြာနိုင်ပါသည်။

တပည့်အပေါင်းဟူသော အသီးတစ်ရာတွင် အညှာတစ်ခုဟူသောဆရာသည် အလွန်ပင်တန်ဘိုးကြီးမားလှပါသည်။

ဆရာသည် နုပျိုသည်မှ-အိုမင်းရင့်ရော်သည့်တိုင်အောင် တပည့်များကို စာပေသင်ကြား ဆုံးမဩဝါဒပေး ပြုစုပျိုးထောင်ရင်း မိမိကိုယ်တိုင် ထာဝရကျောင်းသားကြီး

www.dhammaransi.com



အဖြစ်ခံယူ၍ စာပေဗဟုသုတတို့ကို ဖြည့်ကျင့်ဆည်းပူးသည်။

အရွယ်နုပျိုစဉ်က ဂျင်ကလေးပမာ သွက်လက်ဖျတ်လတ်မှုများဖြင့် ဆရာတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သကဲ့သို့ ဇရာထောင်း၍ အရွယ်ညောင်းသည့်တိုင်-

- မကောင်းသောစိတ်ဓာတ်
- လတ်ဆတ်သည့်စွမ်းရည်
- သစ်လွင်သောအတွေး
- နွေးထွေးသောမေတ္တာ

များဖြင့် ဓားသွေးကျောက်ထုံး နှလုံးမူလျက် တပည့်များ၏ လိုလားချက်များကို အစဉ်ထာဝရ ဖြည့်ဆည်းပေးသည်။

ဓားသွေးကျောက်၏ဂုဏ်ရည်သည် ဓားများကို ထက်မြက်စေခြင်းဖြစ်စေသကဲ့သို့ မြတ်ဆရာတို့၏ ဂုဏ်ရည်သည်- အကျင့်စာရိတ္တကောင်းစွာ အရည်အသွေး ထက်မြက်သော တပည့်များပေါ် ထွန်းစေခြင်းပင် ဖြစ်ပါသည်။

လက်ငါးချောင်းသည်ပင် အရွယ်အစားအတိုင်း အရှည်မတူညီသကဲ့သို့ မြတ်ဆရာများက ပြုစုပျိုးထောင်ပေးလိုက်သော တပည့်များသည်လည်း ဆရာဝန်၊ အင်ဂျင်နီယာ၊

www.dhammaransi.com

## ၈၈ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

တပ်မတော်သား၊ ကျောင်းဆရာ၊ ရှေ့နေ၊ ကုန်သည် စသည်ဖြင့် ကွဲပြားခြားနားစွာ ဖြစ်ထွန်းလာခဲ့ကြသည်။

ဘုရားရှင်က ဆရာတပည့် ကျင့်စဉ်နှင့်ပတ်သက်၍ ဟောကြားထားသည်မှာ-

၁။ မိမိကိုယ်တိုင်ကလည်း ပစ္စည်းအပေါ်၌ လိုချင်မှု နည်းပါး၏။ မိမိ၏ တပည့်များကို အလိုနည်းအောင် ပြုတတ်၏။ လိုချင်မှု နည်းပါးခြင်းနှင့်စပ်သော စကားကိုလည်း အမြဲဆုံးမတိုက်တွန်း ပြောကြား၏။

၂။ မိမိကိုယ်တိုင်ကလဲ ရလာသောပစ္စည်းဥစ္စာဖြင့် ရောင့်ရဲ၍ တပည့်များကို သင်အံပို့ချပေး၏။ တပည့်များကိုလည်း ရလာသော ဥစ္စာပစ္စည်းဖြင့် ရောင့်ရဲအောင် ဆုံးမ၏ တိုက်တွန်း၏။

၃။ မိမိကိုယ်တိုင်ကလဲ တပည့်များနှင့် မရောမနှော ရောနှောစွာမနေ၊ တပည့်များကိုလည်း မရောနှောခြင်းနှင့်စပ်သော အကျိုးအပြစ်ကို အမြဲဆုံးမ တိုက်တွန်း၏။

၄။ မိမိကိုယ်တိုင်ကလဲ ပညာကိုကြိုးစားသင်ယူ

www.dhammaransi.com



စေရန် အားထုတ်၏။ တပည့်များကိုလည်း အားထုတ်ခြင်းနှင့်စပ်၍ တိုက်တွန်းဆုံးမ၏။

၅။ မိမိကိုယ်တိုင်သီလနှင့် ပြည့်စုံအောင်ကျင့်၏ တပည့်များကိုလည်း သီလနှင့်ပြည့်စုံအောင် ကျင့်စေ၏။

၆။ မိမိကိုယ်တိုင်လည်း စိတ်တည်ကြည်မှု သမာဓိနှင့်ပြည့်စုံအောင်နေ၏။ တပည့်များကိုလည်း သမာဓိနှင့်ပြည့်စုံရန် အဆုံးအမ ပြု၏။

ဤဂုဏ်ရည်များသည် ဘုရားရှင်ချီးကျူးသော ဆရာ ရဟန်းတို့ ရှိအပ်သော ဂုဏ်ရည်ဖြစ်ပါသည်။

## ဆရာ

ဆရာဟူ၍ခေါ်ဝေါ်ပညတ်သတ်မှတ်ခြင်းသည် ထိုဆရာ၏သန္တာန်၌ ရှိသင့်ရှိထိုက်သော နှိုင်းဆ၍မရနိုင်သော ဂုဏ်အရည်အချင်းတို့ကြောင့်သာ ဖြစ်ပါ၏။ ပမာပုံခိုင်း၍ နှိုင်းပြရမည်ဆိုသော်-

၁။ ဆရာဟူသည် တပည့်တို့၏ သန္တာန်ဝယ် တတ်သိပညာ ပန်းနွယ်ကဲ့သို့ ငွါးငွါးစွင့်စွင့်

www.dhammaransi.com



ဖူးပွင့်ဝေဆာအောင် ရေလောင်းပေါင်းသင်၍ စိုက်ပျိုးယုယ မျိုးစေ့ချပေးသော ဥယျာဉ်မှူးလည်းဖြစ်ပါ၏။

၂။ ဆရာဟူသည် တပည့်များစွာတို့ ပျော်ရွှင်ချမ်းမြေ့စွာသောက်သုံးနိုင်သော ကြည်လင်အေးမြသော စမ်းရေအိုင်လည်း ဖြစ်ပါ၏။

၃။ ဆရာဟူသည် တပည့်တို့၏ ရှေ့ဆောင်လမ်းပြကြယ်သဖွယ်ဖြစ်၍ ထိုတပည့်တို့အား ပညာတည်းဟူသောအရောင်အလင်းတို့ဖြင့် လင်းလက်တောက်ပစေနိုင်သော မီးပြတိုက်ကြီးသဖွယ်လည်း ဖြစ်ပါ၏။

သို့ကြောင့် ဆရာကောင်း၏ဂုဏ်ရည်တစ်မျိုးမှာ-

- တပည့်အပေါ် ဖခင်ကဲ့သို့ စိတ်ထားရှိတတ်ရပါမည်။
- တပည့်နှင့်ပတ်သက်၍ အဆင်းရဲခံနိုင်ရပါမည်။
- ပေးကမ်းစွန့်ကြဲတတ်ရပါမည်။
- အဂတိလိုက်စားမှုကင်းရပါမည်။
- ကိုယ့်မျက်မှောက် ရောက်လာကြသော

www.dhammaransi.com



တပည့်လေးတွေကို လူတော်လူကောင်း
လေးတွေ ဖြစ်စေချင်သောဆန္ဒရှိနေရမည်။
စန္ဒကူးပင်သည် သွေ့ခြောက်သော်လည်း
မွှေးသောရနံ့ကို မစွန့်သကဲ့သို့ ဆရာ၏ဂုဏ်
ကျေးဇူးများသည် သေတပန်သက်တစ်ဆုံး
မွှေးကြိုင်နေပါသည်။

ဝိနည်းတော်၌ ပမာနကျသော ဆရာဂုဏ်ရည် (၅)မျိုးကို ဖော်ပြထားပါသည်-

(၁) ဆရာလုပ်သူသည် မိမိကိုယ်တိုင်သီလနှင့် ပြည့်စုံပြီးလျှင် တပည့်တို့ကိုလည်း သီလနှင့် ပြည့်စုံအောင် သွန်သင်ဆုံးမနိုင်ရမည်။

(၂) မိမိကိုယ်တိုင် အကျင့်သီလနှင့်ပြည့်စုံပြီးလျှင် တပည့်တို့ကိုလည်း အကျင့်နှင့်ပြည့်စုံ အောင် သွန်သင်ဆုံးမရမည်။

(၃) မိမိကိုယ်တိုင်ကောင်းမြတ်သော အယူနှင့် ပြည့်စုံပြီးလျှင် တပည့်တို့ကိုလည်း ကောင်း မြတ်သော အယူနှင့်ပြည့်စုံအောင် သွန်သင် ဆုံးမနိုင်ရမည်။

(၄) မိမိကိုယ်တိုင် အကြားအမြင်ဗဟုသုတနှင့်

www.dhammaransi.com



ပြည့်စုံပြီးလျှင် တပည့်တို့ကိုလည်း အကြား
အမြင် ဗဟုသုတနှင့်ပြည့်စုံအောင် သွန်သင်
ဆုံးမနိုင်ရမည်။

(၅) မိမိကိုယ်တိုင် ဉာဏ်ပညာနှင့်ပြည့်စုံပြီးလျှင်
တပည့်တို့ကိုလည်း ဉာဏ်ပညာနှင့် ပြည့်စုံ
အောင် သွန်သင်ဆုံးမတတ်ရမည်။

ဆရာသည် မိမိကိုယ်ကိုယ်ဆရာတစ်ယောက်
လုပ်တော့မည်ဟုဆိုလျှင်-

- စာပေကျမ်းဂန် ဗဟုသုတ နှံ့စပ်ကျွမ်းကျင်
တတ်မြောက်သော အသိသာမက အကျင့်
သီလပါ ပြည့်စုံရသည်။

- တပည့်များ တတ်မြောက်ကျွမ်းကျင်လို
သော မေတ္တာစေတနာအားကြီးရမည်။

- စာသင်သောအခါ တပည့်များအားလုံး
တတ်မြောက်စေလိုသောဆန္ဒနှင့် တပည့်
များ အားလုံး၏ ပြည့်ဝစုံလင်သည်ကိုသာ
အမြဲကြားမြင်လိုသော စေတနာဆန္ဒ ရှိနေရ
ပါမည်။

- တပည့်များတတ်သိနားလည်အောင် သင်ပြ

www.dhammaransi.com



လမ်းညွှန်ပေးလိုသော ဝါသနာအထုံ အထူးထူးခြားခြား ရှိနေရပါမည်။

- ကိုယ်ကျိုးစွန့်၍ သည်းခံခွင့်လွှတ် အနစ်နာခံနိုင်စွမ်း ရှိရမည်။
- တပည့်ကို ဆိုဆုံးမနိုပ်ကွပ်ရာ၌ မျက်နှာကြီးငယ်မရွေး တိကျပြတ်သားသော စိတ်ဓာတ်ရှိရမည်။
- ချီးမြှောက်သင့်သူကို ချီးမြှောက်ရာ၌လည်း အဂတိလေးပါးကင်းသောစိတ်ထား ရှိနေရပါမည်။

ဟူသော ဂုဏ်အရည်အချင်းများ ပြည့်စုံအောင် ကြိုးစားအားထုတ်ရမည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာဆရာက ဖွင့်ဆိုထားပါသည်။

လောက၌ ဆရာကောင်းတစ်ယောက်၏ဂုဏ်ရည်ဟူသည်-

- စာပေသင်ကြားပို့ချမှုကောင်းမွန်ခြင်း
- ပြသမှု သင်ကြားမှု၌ တပည့်များ နားလည်မှုရှိစေခြင်း၊ ရှင်းလင်းခြင်း

www.dhammaransi.com



- တပည့်များနားလည်လွယ်သော ဝေါဟာရများကြွယ်ဝခြင်း
- တည်ကြည်သော ဣန္ဒြေရှိခြင်း
- အသိပညာ လောကဓမ္မရေးရာ ဗဟုသုတကြွယ်ဝမှုရှိခြင်း
- တပည့်များက ချစ်ကြောက်ရိုသေမှုရှိခြင်း
- တပည့်များက ဆရာအပေါ်၌ အားထားယုံကြည်မှုရှိခြင်း

ဤအချက်များသည် ဆရာကောင်းတစ်ယောက်၏ ဂုဏ်အရည် အချင်းများဖြစ်သည်ဟု ပခုက္ကူဆရာတော် ဦးဝိစာရက မိန့်ဆိုပါသည်။

တစ်ဖန် ဆရာကောင်းဟူသည်-

- မေတ္တာတရားဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ မိသားစုစိတ်ဓာတ်ထားကာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် ဦးဆောင်ပေးသည့် မေတ္တာ လွှမ်းခြုံပေးသည်။ မေတ္တာဓာတ်ကူးစက် စိမ့်ဝင်စေသည်။
- အဆင့်မမှီသေးသူ အခက်အခဲ ကြုံနေသူများကိုကရုဏာဖြင့် ကြင်နာသနား စာနာ

www.dhammaransi.com



စိတ်ထားကာ ဖေးမကူညီ စောင့်ရှောက်ပေးသည်။

- တကယ်ပင်ကြိုးစား၍ တကယ်တော်သောသူ၊ ကောင်းသောသူများကို ဝမ်းမြောက်ဝမ်းသာဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည်။

- မတော်မကောင်း တိမ်းစောင်းသွားသူအပြစ်ရှိသူများကို စိတ်ဆိုးမှု ပူလောင် မုန်းတီးမှုမပါဝင်ဘဲ အေးမြစွာ ပြစ်ဒဏ်ပေးဆုံးမသည်။ အပြစ်ရှိသူကို ဒဏ်တပ်ဆုံးမရာဝယ်ဒေါသအပူ မဟတ်စေဘဲကိုယ်က အကောင်းဆုံးဖြစ်အောင် ဆုံးမသွန်သင် ထိန်းသိမ်းပါလျက် မလိုက်နာသော တပည့်ကို သူ့ကံနှင့် သူသာ ဖြစ်ပေသည်ဟု ကြည်လင်စွာလက်လွှတ်ပေးလိုက်ရသည်။

အကျင့်သိက္ခာပြည့်ဝ၍ ဤပြဟ္မစိုရ်တရားဖြင့်စောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးတတ်သော ဆရာမြတ်အဖို့ တပည့်တို့က အခါခပ်သိမ်းမမေ့အမြဲပင် မြတ်နိုးဂုဏ်ယူအားကိုးနေပါမည်။

လောက၌ မျိုးစေ့ကောင်းမှ အပင်ကောင်းသည်။

www.dhammaransi.com



အပင်ကောင်းမှ အသီးအပွင့်ကောင်းသည်။ အသီးအပွင့်ကောင်းမှ မျိုးစေ့ကောင်းအဆက်မပြတ်ရှိနိုင်သည် ဖြစ်သကဲ့သို့ ဆရာကောင်းမှ တပည့်ကောင်းများ အဆက်မပြတ် ပေါ်ထွက်လာနိုင်မည် ဖြစ်ပါသည်။

**"ဆရာမဟန် အကျင့်တန်က တပည့်ညံ့ဖျင်း ဂုဏ်နံ့ကင်း၏"** ဟူသောစကားကဲ့သို့ မဖြစ်အောင် တပည့်တို့၏ တိုးတက်ရေးကို မည်သို့မည်ပုံ ဆောင်ကျဉ်းပေးရသည်ကိုသာ အမြဲနှလုံးသွင်းပြီး ဆရာက အရည်အချင်း ပြည့်နေစေရန် လိုအပ်ပါသည်။

**"တပည့်မကောင်း ဆရာ့ခေါင်း"** ဟုဆိုထားသည့်အတိုင်း တပည့်ညံ့မှု အသုံးမကျမှုသည် ဆရာ၏သင်ပြမှု သွန်သင်ဆုံးမမှုညံ့ဖျင်းသောကြောင့်ဖြစ်သည်။ သို့အတွက် ဆရာသည် ဘက်စုံပညာပြည့်စုံရန် လိုအပ်ပါသည်။

**"သင်ကြားကျန နည်းပြဆရာ ပညာမင် မကုံတံက နည်းခံတပည့် ပေါ့ပျက်၏ရှင့်"** ဟူသော ဩဝါဒပျို့လာ စကားအရ ခေါင်းဆောင်ကောင်းမွေးထုတ်ပေးသည့် ဆရာတစ်ယောက်အဖို့ အတတ်ပညာ အသိပညာသည် ဆထက်တန်ပိုး တတ်ရန်လိုအပ်လှပါသည်။

www.dhammaransi.com



## ဆရာတို့၏ တာဝန်နှင့်ကျင့်စဉ်များ

ကလေးလူငယ်မှန်သမျှ ငယ်ရွယ်စဉ်ကတည်းကပင် စည်းကမ်းစနစ်ကျသော စောင့်ထိန်းမှု ပြုမူဆောင်ရွက်မှုတို့ကို ပြုပြင်သွန်သင်ဆုံးမပေးရသည်။ ထိုတာဝန်ကို ကျောင်းမနေခင် မိဘတို့က ပြုလုပ်ဆောင်ရွက်ကြရသည် ဖြစ်၍ မိဘများကို "ပုဗ္ဗာစရိယ မိန္ဒင့်ဘ" ဟူ၍ မြန်မာယဉ်ကျေးမှု တွင် တွင်ကျယ်စွာသုံးစွဲခဲ့ကြသည်။

စောင့်ထိန်းမှု ပြုမူဆောင်ရွက်မှုတို့သည် ဘဝပညာ အသီးသီးတို့တွင် အရေးပါအရာရောက်ဆုံးဖြစ်သည်။

ယနေ့ လူတော်လူကောင်းဖြစ်ကြသူများသည် သတ်မှတ်ပြဌာန်းထားသော စည်းကမ်းစနစ် ဥပဒေစသည်များ (ဝါ)စာရိတ္တသီလ ဝါရိတ္တသီလများကို ငယ်စဉ်ကတည်းကစ၍ အသက်ထက်ဆုံးထိန်းသိမ်းခဲ့ကြသောကြောင့် လူတော်လူကောင်းများ ဖြစ်နေကြရပါသည်။

လူဟူသည် ကလေးအရွယ်မှစ၍ လူကြီးဘဝရောက်စေရန် ဘဝခရီးကိုလျှောက်ရာတွင် လူ့တာဝန် လူ့ဝတ္တရားများကို စောင့်ထိန်းရန် ဘဝတာဝန် ကိုယ်စီရှိကြသည်။

ထိုသို့ ဘဝတာဝန်ကို ကောင်းစွာပြုကျင့် စောင့်ထိန်း

www.dhammaransi.com



မှသာ လူသားတစ်ယောက်ပီသစွာ လူ့ဘဝတွင် လူတစ်လုံး သူတစ်လုံးဖြစ်လာကာ လူ့လောကကို အလှဆင်နိုင်သူ လူ့လောကအကျိုးကို သည်ပိုးဆောင်ရွက်နိုင်သူ ဖြစ်ပါလိမ့်မည်။

ထိုသို့လူ့လောက လူအကျိုးသည်ပိုးသော လူဂုဏ်ကို ထောင်၍ လူကောင်းသူကောင်းဖြစ်လာအောင် ယဉ်ကျေးမှု၏အရင်းခံ လူသားဖြစ်လာအောင် အသိပညာများ အတတ်ပညာများကို လူမမယ်အရွယ်မှစ၍ သင်ကြားပြသပေးနိုင်ရန် ကျောင်းများတည်ထောင်ပေးရသလို ဆရာများကလည်း ထိန်းသိမ်းစောင့်ရှောက်သင်ပေးကြရသည်။

လူမမည်အရွယ်မှ လူငယ် လူလတ်အရွယ်(ဝါ) မူလတန်း အလယ်တန်း အထက်တန်း တက္ကသိုလ်ပညာသင်ကာလများအထိ အသိပညာအတတ်ပညာရရန် စည်းကမ်းတကျထိန်းသိမ်းတတ်ရန် ယဉ်ကျေးမှုကို မြတ်နိုးပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်စေရန် ဆရာများက မိမိတို့၏တပည့်များကို ထိန်းသိမ်းစောင့်ရှောက် သင်ကြားပေးရမည့် တာဝန်ရှိကြပါသည်။

အတတ်ပညာနှင့်အသိပညာတို့သည် လူဘဝ၌ ဂုဏ်ရည်တင့်၍ ကျက်သရေမြင့်မားစေသောအရာဖြစ်ရာ

www.dhammaransi.com



လူငယ်ဘဝမှ လူရွယ်လူလတ်ဘဝသို့ရောက်သွားစေရေး တို့ကိုရည်မှန်းပြီး ဘဝပညာအသီးသီးတို့ကို သင်ကြားပေးရန် တတ်မြောက်မှုရကြစေရန် ဆရာဆရာမများက ထိန်းကျောင်း ပြုစု သင်ကြားပေးကြရပါမည်။

လူငယ်လူရွယ်တို့အား လူသားပီသစွာပြုမူတတ်စေ၍ လူလောကတွင် လူတော်လူကောင်းအဖြစ်သို့ ရောက်ရှိစေမည့် ပညာလမ်းမကြီးပေါ်သို့ တင်ပေးလိုက်ရသူမှာ အခြားမဟုတ် ဆရာ ဆရာမများပင် ဖြစ်ကြပါသည်။

လူသားဘဝသည် ကံ,ဉာဏ်,ဝီရိယသမားဘဝဖြစ်၍ အခြားဘုံဘဝရှိ ပုဂ္ဂိုလ်များထက်ပို၍ အားထုတ်လုပ်ကိုင်ကြိုးစားကြရသည်။

လူသားတို့သည် သစ်ပင်ပုံပမာ နုနယ်သော အပင်ကလေးအဖြစ်မှ အရွက်အကိုင်းများနှင့် ဝေဝေဆာဆာ အဖြစ်သို့ ရောက်ရှိကြသကဲ့သို့ မျိုးစေ့မှ အပင်ကြီးဖြစ်ရသကဲ့သို့ လူမမည်ဘဝမှ လူသားဂုဏ်ရည်နှင့်ပြည့်စုံသောဘဝသို့ရောက်ရန် ခိုင်ခန့်သော လူသားတစ်ဦးဘဝသို့ ရောက်ရန် သစ်စေ့သစ်ပင်ငယ်ကို မြေဩဇာကောင်းတို့ဖြင့် မွေးမြူသော ဥယျာဉ်မှူးကောင်းပမာ ဆရာသည် ကလေးသူငယ်တို့အတွက် ပြုစုကောင်း ပျိုးထောင်ကောင်း စောင့်ရှောက်

www.dhammaransi.com



ကောင်း မြေသြဇာကျွေးရေလောင်းကောင်းသော လုံလ ဝီရိရှိသော စောင့်ရှောက်မှုအထူးကောင်းသော ဥယျာဉ်မှူး ဆရာကောင်းတစ်ဦးဖြစ်၍ ဆရာသည် လူသားတို့အတွက် အလွန်ပင် အရေးပါသောသူ တစ်ဦးဖြစ်ပါသည်။

ဆရာဟူသည် လူသားအားလုံး၏ ဥယျာဉ်မှူးများ ဖြစ်ခဲ့ကြသည်။

ထို့ကြောင့်ပင် ဆရာကို အနန္တောအနန္တငါးပါးတွင် ဘုရားတရားသံဃာမိဘနှင့်တစ်ဂိုဏ်းထဲ အတူတူဟူ၍ ဘုရားရှင်က ဟောကြားခံထားရသူဖြစ်ပါသည်။

လူသားတို့ အလေးအမြတ်ထားအပ်သောငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ရသော ဂုဏ်ရည်သည် အလွန်မွန်မြတ် လှပါသည်။

ထိုသို့မွန်မြတ်သည့်အလျောက် တာဝန်သည်လည်း ကြီးမားလှပါသည်။

ဆရာများကိုင်တွယ်ပြုပြင်လုပ်နေရသော အရာ များမှာ အရာဝတ္ထုသက်မဲ့များမဟုတ်၊ သက်ရှိသတ္တဝါ အသိဉာဏ်ရှိသူများ အရောင်ဆိုးခံရမည့်သူများကြောင့် ဖြစ်ပါသည်။

www.dhammaransi.com



မြတ်ဆရာသည် ပြောဆိုနေထိုင်ကျင့်ကြံဆောင်ရွက်ကြရာဝယ် မှားယွင်းမှုမရှိအောင် နေထိုင်ပြောဆိုဆက်ဆံရပါသည်။ မိမိ၏နေထိုင်ပြောဆိုဆက်ဆံမှုများက အရောင်အဆိုးခံရသော တပည့်များကို လမ်းမှားသို့ ပို့သကဲ့သို့ ဖြစ်သွားတတ်ပါသည်။ အဟိံသကသည် ဆရာ၏လမ်းမှားမှုကြောင့် လူဆိုးကြီးအင်္ဂုလိမာလဘဝ ရောက်ခဲ့ရသည်မှာ လက်တွေ့နမူနာ ဖြစ်ခဲ့ရပါသည်။ အလားတူ အဇာတသတ်သည် ဆရာဒေဝဒတ်၏ မှားယွင်းသော ပြုမူပြောဆိုမှုကြောင့် အဖသတ်မင်းဘဝရောက်ရပြီး သေသော်ငရဲခံခဲ့ရသည်။ သမိုင်းဝင်လူဆိုးကြီးများ ဖြစ်ခဲ့ကြရသည်။

ဆရာသည် ပုံလောင်းပုံဖော်သူဖြစ်သည့်အတွက် အလွန်အရေးကြီးသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ အရေးကြီးသောပုဂ္ဂိုလ်နေရာကို ရယူထားကြရသော ဆရာသည် မြတ်ဆရာခေါ်ဆိုထိုက်အောင် မြင့်မြတ်သော စိတ်ထားများထားရပါမည်။ မြင့်မြတ်သောစိတ်ထားဖြင့် တပည့်များဘဝကို တည်ဆောက်ပေးရပါမည်။

သို့မှသာ ထိုက်တန်သော မြတ်သောဆရာဘဝ ဖြစ်ပါမည်။

မြန်မာလူ့ဘောင်အဖွဲ့အစည်းနှင့် မြန်မာလူမျိုးတို့သည် ဆရာ၏ဂုဏ်ဒြပ်နှင့်တန်ဘိုးတို့ကို လေးစားကြည်ညို

www.dhammaransi.com



ကြသည်။ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်အဖြစ် ပူဇော်ကြသည်။

ဆရာဟူသည် မြန်မာလူဘောင်အဖွဲ့အစည်း၏ အလေးမြတ်ထားရာ နိုင်ငံတော်၏လူမှုရေးဆိုင်ရာ ဗိသုကာများအဖြစ် ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်များဖြစ်၍ **"သီလကို မှန်ရောင် သမာဓိကိုကျောက်တောင် ပညာကိုတန်ဆောင်** ဆိုသော ဆိုရိုးစကားနှင့်အညီ ဆရာဆရာမများသည် ကိုယ်ကျင့်သီလ သမာဓိနှင့်ပညာအရာတွင် မြန်မာလူဘောင်၏ နှုန်းစံများနှင့်ညီညွတ်ပြည့်စုံအောင် ကြိုးစားကြရသည်။ ဤသို့သောဂုဏ်အရည်အချင်းပြည့်မှ မြတ်သော ဆရာဟု ဆိုပါသည်။

ဆရာမဟာန် အကျင့်တန်ဂ တပည့်ညံ့ဖျင်း ဂုဏ်နံ့ကင်း၏ ဟုဆိုထား၍ ဆရာသည် ထိုကဲ့သို့ မဖြစ်စေရန် တပည့်တို့၏ အကျိုးစီးပွားတိုးတက်ရေးကို မည်သို့မည်ပုံ ဆောင်ရွက်ပေးရမည်ကို အမြဲနှလုံးသွင်းရသည်။

ဤသည်မှသာ မြတ်သောဆရာဖြစ်ပါမည်။

**"လောကတွင် တပည့်မကောင်း ဆရာခေါင်း"** ဟု ဆိုထားသည်။

**"သင်ပြတတ်ငြား မြင့်ကြားဆရာ၊ ဤသုံးဖြာကြောင့် ကောင်းစွာပွားတိုး လူ့တန်ဘိုး တန်ခိုးတက်နိုင်သည်"**။

www.dhammaransi.com



ဟူသောဆိုရိုးစကားများအရ-

ဆရာကောင်း ဆရာမြတ်သည် မလိမ္မာ မတိုးတက် အသိပညာမဖွံ့ဖြိုးသေးသော တပည့်တို့ကို လိမ္မာရေးခြား ရှိအောင်တိုးတက်အောင် ကြီးပွားအောင် အမြဲကြည့်ရှု စောင့်ရှောက်ပေးရမည်။

ထိုကဲ့သို့သော စိတ်ဓာတ်ရှိသောဆရာမြတ် ဆရာကောင်းတို့ တပည့်တို့တွက် အမြဲလိုအပ်လှပါသည်။

ဆရာကောင်း ဆရာမြတ်သည် မိမိတပည့် ကြီးပွား တိုးတက်နေသည်ကိုသာ အမြဲရှုမြင်လိုစိတ်ရှိရမည်။

မိမိတပည့် မိမိယကသာမည်ကို စိုးရွံ့ထိတ်လန့်မှု မရှိစေရပါ။

တပည့်အပေါ် ဝန်တိုမှု အလျှင်းကင်းရမည်။

အနန္တော အနန္တငါးပါးတွင် ဆရာသည် မြတ်စွာ ဘုရားနှင့်အတူပါရှိသောကြောင့် မိဘနှင့်ဆရာတို့သည် သားသမီးနှင့်တပည့်တို့၏ အသက်သခင်ကျေးဇူးရှင်များ ဖြစ်ကြပါသည်။

မိဘတို့က သားသမီးတို့ကို မမွေးခင်ကတည်းက လူဖြစ်လာအောင် စောင့်ရှောက်ထိန်းသိမ်းပြီး လူဖြစ်လာ သောအခါ အရွယ်ကလေးရလာသည်နှင့် မိဘတို့ မစွမ်းနိုင်

www.dhammaransi.com



သော အတတ်ပညာများသင်ကြားနိုင်ရန် ဆရာတို့ထံ အပ်နှံရတော့သည်။

ဆရာတို့သည် မိမိတို့ထံရောက်လာသော တပည့်များကို မိမိဘဝစားဝတ်နေရေး မပြေလည်သော်မှ မေတ္တာကရုဏာကြီးစွာဖြင့်-

- စေတနာ
- အနစ်နာ
- ဝါသနာ
- စိန်မှုနာ
- နည်းနာ

ဟူသော နာ(၅)နာကို ရင်ဝယ်ပိုက်ပြီး တာဝန်ကျေကျေ သစ္စာရှိရှိမိမိရသမျှသောပညာဖြင့် တပည့်များ ပညာတတ်ရေး ယဉ်ကျေးလိမ္မာမှုဖြစ်စေရေး၊ အသိဉာဏ်ပညာဗဟုသုတ တိုးပွားရေးတို့ကို သင်ကြားပေးကြပါသည်။

ဆရာ၏နာ(၅)နာဟူသည်

စေတနာ. . . ကလေးများကို ပညာသင်ကြားပေးခြင်းသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာ အကျိုးရှိစေသော အလုပ်ဖြစ်သည် ဤသို့သင်ပေးသဖြင့် ဤကလေး

www.dhammaransi.com



ဘဝတစ်လျှောက် တိုးတက်သာယာ လှပပြီး၊ ဤကလေးကြောင့် မိမိ၏ တိုင်းပြည်အကျိုး သည်ပိုးနိုင်သောသားကောင်း သမီးကောင်း ဖြစ်လာမည်။ ထိုကလေးများကို ငါပညာ တတ်မြောက်အောင် သင်ကြား ပေးသင့်သည်ဟူသော ခံယူချက် ယုံကြည်ချက် စေတနာထား ရှိသည်။

အနစ်နာ. . . ဤကလေးအတွက် အကျိုးရှိမည် တိုးတက်မည်ဆိုပါက မိမိဘဝကို နစ်နာပါစေ အနစ်နာခံ၍သင်ကြား ပေးမည်။ မိမိဘဝ စားဝတ်နေရေး မပြည့်စုံသော်လည်း ဆင်းရဲသော ကလေး ၊ မပြည့်စုံသောကလေး တစ်ဦး ဖျေအလားအလာ ကောင်း စေမည့် လက္ခဏာတွေပါက ထိုကလေးကို အဖိုးအခစကား မပြော တော့ဘဲ ပညာသင်ပေးမှု။

www.dhammaransi.com



ဇာတ်တော်တွင် ဘုရားလောင်းဆရာသည် တပည့်ကို အသာတမန္တန်ပညာသင်ပေးရာ၌ တပည့်အပေါ် ငဲ့ပြီး အခြား သင်စရာနည်းစနစ်ကလည်းမရှိ၍ မိမိ၏ မိခင်ကိုပင် အသုံးချ၍ အနစ်နာခံကာ သင်ပေးသွားသည်။

ဂုတ္တိလ စောင်းဆရာသည်မူသိကတပည့် တစ်နေ့ မိမိကို ဒုက္ခပေးမည်ဟု အဆင်းကြွန်အင်ကို ယှေ့လာသဖြင့် သိရှိခဲ့ပါသော်လည်း တပည့်ကို ငဲ့သောအားဖြင့် မိမိ အနစ်နာခံ၍ သင်ကြားပေးခဲ့ ပါသည်။

အလားတူ နှမ်းခိုးစားသည်ကို ရိုက်ဆုံးမခဲ့သော ဆရာသည် မိမိတပည့်ဆိုးဖြစ်၍ ထိုအငြိုးဖြင့် မိမိကိုသတ်ရန် ခေါ်သည်ကို သိသော်လည်း တပည့်၏ သံသရာရေး ကို တွေးမျှော်ပြီး သွားခဲ့သည်။ ဆိုဆုံးမပေးခဲ့သည်။

www.dhammaransi.com



ဤသည်တို့မှာ ဆရာကတပည့်အတွက် အနစ်နာခံ၍ ဆောင်ရွက်ခဲ့သော နမူနာအချို့ကို ထုတ်ပြခြင်း ဖြစ်ပါသည်။

လောကထွင့်ထား မြတ်စွာဘုရားရှင် ဆရာသည် မိမိ၏တပည့်နောက်ဆုံး သာဝကဥပကကိုငဲ့၍ မိုင်(၈၀) ဝေးသော ကုသိနာရုံသို့ သက်တော်(၈၀)မကြွဲ့ခိုင်တော့သည့် အခြေအနေတွင် တစ်နေ့တစ်ယူဇနာခရီး အပင်ပန်းခံကြွပြီး ဥပကရဟန္တာဖြစ်ရေးကို ကယ်ဆယ်ခဲ့သည်။

ဤသည်မှာ ဆရာသမားများက တပည့်တို့တွက် အနစ်နာခံချက် အချို့နမူနာ တင်ပြရခြင်း ဖြစ်ပါသည်။ များစွာသော ဆရာတို့၏ အနစ်နာခံ ဆောင်ရွက်ချက်များသည် ဤလောကဝယ် ရေတွက်မရ ကုဋေကဋာ ရှိနေပါသည်။

ဝါသနာ။ ။ ပညာသင်ကြားပေးရသော ကုသိုလ်
သည် ပစ္စုပ္ပန်သံသရာအလွန်အကျိုး
ကြီးသော လုပ်ငန်းဖြစ်သည်။ သဗ္ဗဒါနံ
ဓမ္မဒါနံ ဇိနာတိ အလှူတကာအလှူ
တွင် ပညာသင်ပေးမှု အလှူသည်
အမြတ်ဆုံး ဖြစ်သည်ဟု ယုံကြည်ချက်
ခံယူချက်ရှိပြီး ထိုသို့ သင်ကြားပြသရ

www.dhammaransi.com



သည် ကို အထုံဝါသနာပါလာ၍ သင်ကြားပြသမှု၌ အဆင်းရဲခံ အနစ်နာခံ အနွံနာခံပြီး မိမိ၏ ကြီးပွားရေး တိုးတက်ရေးကို လျစ်လျူ ရှုကာ သင်ကြားရေး၌ တစိုက်မတ်မတ် ဝါသနာ အနုသယနှင့် သင်ကြား ပြသပေးမှုပင် ဖြစ်ပါသည်။

စံနမူနာ. . . ဆရာသည် တပည့်တို့အမြင်တွင် အကျင့်သီလ နှင့် ပတ်သက်၍ တပည့်တို့၏ ရိုသေလေးစား မြတ်နိုး အပ်သော အကျင့်သီလ၌ စံနမူနာ ဖြစ်ရပါမည်။ ပြုမူပြောဆိုမှု၌ တပည့်တို့က ချစ်ကြောက်ရိုသေမှု ရှိသော စံပြနမူနာပိုင်ရှင် ဖြစ်ရပါမည်။ တပည့်များက မိမိဆရာ၏ အတုကိုယူ၍ လိုက်နာကျင့်သုံးမှု အားကျမှု ဖြစ်စေသော နမူနာ ဆရာ ဖြစ်ရပါမည်။

www.dhammaransi.com



နည်းနာ. . .

ဆရာသည် မိမိကိုယ်တိုင်တပည့်များကို တတ်သိနားလည်အောင် ပြသနိုင်သော အတတ်နည်းပညာ ရှိရပါမည်။ မိမိ၌ အတတ်ပညာ သင်ကြားရန် နည်းနာမရှိဘဲ တပည့်တို့ကို သဘောပေါက် နားလည်အောင် မသင်နိုင်ပါ။ ထိုသို့နည်းနာ ကျွမ်းကျင်မှု မရှိသောဆရာသည် ဆရာအမည်ခံသော်လည်း ဆရာ အရာမမြောက်နိုင်ပါ။ ဆရာသည် တပည့်များ အတတ်ပညာ လွယ်လင့်တကူ သဘောပေါက် နားလည် သိရှိပြီး တတ်မြောက်အောင် သင်ကြားနိုင်သော နည်းနာစနစ်ကို တတ်ကျွမ်းရမည်။ လေ့လာရမည်။ စုံစမ်းနေရမည်။ (ယနေ့ဆရာ အတတ် သင်ကောလိပ် ပညာရေး တက္ကသိုလ် စသည်မှာ ထိုနည်းနာ စနစ်ကို သင်ပေးနေသောကောလိပ် တက္ကသိုလ်များ ဖြစ်ကြပါသည်။)

www.dhammaransi.com



အချို့က အကြွင်နာဟူ၍ နာ(၆)နာဆိုပါသည်။ အကြွင်နာဆိုသည်မှာ မိဘကသားသမီးအပေါ်ထားသော မေတ္တာကဲ့သို့ အကြွင်နာမေတ္တာတရားထားခြင်းကို ဆိုလိုပါသည်။

ယင်းအပြင်ဆရာသည်-

အတ္တနာစ သဒ္ဓါသမ္ပန္နောဟောတိ=မိမိကိုယ်တိုင် သဒ္ဓါတရားနှင့်ပြည့်စုံရမည်။

ပရေ့သဒ္ဓါ သမ္ပဒါယ သမာဒပေတိ= သူတစ်ပါးကိုလဲ သဒ္ဓါတရားနှင့် ပြည့်စုံစေရမည်။

သိင်္ဂါလသုတ်တွင် ဆရာကျင့်ဝတ်ငါးပါးကို ဘုရားရှင်က ဟောကြားထားပါသည်-

- အတတ်ပညာသင်ပေးရခြင်း
- တပည့်တို့ကို လိမ္မာယဉ်ကျေးမှု ရှိအောင် ဆိုဆုံးမမှုပေးရခြင်း
- မိမိတတ်သိသော အတတ်ပညာများကို ဆရာစားမချန် သင်ကြားပေးရခြင်း
- တပည့်အန္တရာယ်ကြုံလာပါက ကာကွယ်ပေးရခြင်း
- မိမိထံတွင် သင်ဆရာပညာပြီးဆုံးပါက ရှေး

www.dhammaransi.com



ဆက်လက်သင်နိုင်ရန် သင်တော်ရာ ဆရာ
ထံသို့ ပို့ပေးရခြင်း

## မိလိန္ဒခေတ်ဆရာတာဝန်ကျင့်ဝတ်နှင့်တာဝန်များ

ဘီစီ(၁၄၀)တွင် သာဂလပြည်၌ မိလိန္ဒမင်းသည် ကမ္ဘာတွင်ထင်ရှားသော မင်းတစ်ပါးအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ ထိုခေတ်တွင် ဆရာများ၏ဂုဏ်ရည်နှင့် ပတ်သက်၍ မိလိန္ဒမင်းက အရှင်နာဂသေနကို မေးလျှောက်ခဲ့သည်။

အရှင်နာဂသေနက ဆရာ၏ဂုဏ်ရည်(၂၅)ပါး ရှိကြောင်း မိန့်ကြားခဲ့ပါသည်-

၁။ တပည့်များကို အခါခပ်သိမ်း စောင့်ရှောက်ခြင်း

၂။ တပည့်များကို မှီဝဲအပ်-မအပ်ကို သိစေခြင်း

၃။ တပည့်များ မေ့လျော့သည်-မမေ့လျော့သည်ကိုသိခြင်း

၄။ တပည့်၏ အိပ်ရာနေရာ ကျန်းမာရေးကို သိခြင်း

၅။ တပည့်အနာရောဂါရှိ-မရှိကိုသိခြင်း

၆။ စားသောက်ဖွယ်ရာ ရ-မရကိုသိခြင်း

www.dhammaransi.com

## ၁၁၂ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

၇။ တပည့်၏စားသောက်ဖွယ်ကို ကောင်းစွာ စစ်ဆေးဝေဖန်ခြင်း

၈။ တပည့်တွင်ကိစ္စအထူးရှိ-မရှိကိုသိရခြင်း

၉။ တပည့်ပညာတိုးတက်မှုကို အားပေးရခြင်း

၁၀။ တပည့်များ ပေါင်းသင်းအပ်သူများကို သိခြင်း

၁၁။ တပည့်တို့၏ရပ်ရွာအတွင်း အပေါင်း အသင်းကိုသိခြင်း

၁၂။ တပည့်တို့၏ ကျောင်းတွင်းအပေါင်းအသင်း ကိုသိခြင်း

၁၃။ တပည့်တို့နှင့် ပြက်ရယ်မှု မပြုခြင်း

၁၄။ တပည့်တို့နှင့်အရောဝင်မှု မပြုခြင်း

၁၅။ တပည့်တို့အပြစ်ကို မြင်သော်လည်း သည်းခံခြင်း

၁၆။ တပည့်ကို အရိုအသေမပြုခြင်း

၁၇။ အတတ်ပညာကို လျှို့ဝှက်သင့်က လျှို့ဝှက် ခြင်း

၁၈။ အတတ်ပညာကို အကြွင်းမထားသင့်က

www.dhammaransi.com



မထားခြင်း

၁၉။ တပည့်ကိုကောင်းစွာ ကာကွယ်စောင့်ရှောက်ပေးလိုခြင်း

၂၀။ အတတ်ပညာကို မမေ့နိုင်အောင်နည်းဖြင့် သင်ပေးခြင်း

၂၁။ တပည့်တို့ ရှေးဟိုဟိုး၏ သင်ယူလိုစိတ်ဖြစ်ပေါ်စေခြင်း

၂၂။ တပည့်အပေါ် မေတ္တာစိတ်ထားခြင်း

၂၃။ ဘေးရန်ရှိသောအခါ တပည့်ကိုမစွန့်ခြင်း

၂၄။ အမှုကိစ္စပြုရာ၌ မမေ့လျော့ခြင်း

၂၅။ တပည့်ချွတ်ချော်မှားယွင်းသော တရားဖြင့် ချီးမြှင့်ခြင်း

ထေရဝါဒဗုဒ္ဓသာသနာလာ ဆရာအမျိုးအစားများတွင် ရှင်ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာ၏ ကျင့်ဝတ်နှင့်ပတ်သက်၍ ဝိနည်းစူဠဝါ၌ အောက်ပါကျင့်ဝတ်တို့ကို ပြုကျင့်ပေးရမည်ဟု လမ်းညွှန်ထားသည်ကို တွေ့ရပါသည်-

ဆရာသည်အနီးနေတပည့်ကို သင်ယူခြင်း မေးမြန်းခြင်း သွန်သင်ဆုံးမခြင်းတို့ဖြင့် ချီးမြှင့်ရမည်။

www.dhammaransi.com



- အနီးနေတပည့် သပိတ် သင်္ကန်း စသော ပရိက္ခရာများ မရှိက ပေးရမည်။ မိမိကိုယ်တိုင် မပေးနိုင်က ပေးနိုင်အောင် စီမံပေးရမည်။
- အနီးနေတပည့်များက နံက်စောစောထ၍ ဒန်ပူ မျက်နှာသစ်ရေ ပေးရမည်။ ယာဂု ပေးရမည်။ ထိုပန်းကန်များဆေးကြော သိမ်းဆည်းပေးရမည်။ တပည့်၏အိပ်ရာ နေရာ သန့်ရှင်းပေးရမည်။
- နေမကောင်းသော အနီးနေ ရွာတွင်းသို့ သွားက သင်္ကန်းစသည်စီမံပေးရမည်။ ပြန်ရောက်သော ထိုတပည့်၏ သင်္ကန်း စသည်ကို နေပူလှန်း ပေးခြင်း၊ ခေါက်သိမ်းခြင်း စသည်ပြုလုပ်ပေးရမည်။
- ဖျားနာသောတပည့် ဆွမ်းလိုက ဆွမ်းစီမံပေးရမည်။ ရေချိုးလိုက ချိုးရေစီမံပေးရမည်။ ရေချိုးအိမ်ဝင်က ကသည်မှုန်း (ဆပ်ပြာ) ရေချိုးခုံ၊ ရေချိုးခွက်တို့ကို စီမံပေးရမည်။ ကိုယ်တိုင် ရေချိုးအိမ်သို့လိုက်၍

www.dhammaransi.com



လိုအပ်သည်များကို စီမံပေးရသည်။

- ရေချိုးစဉ်တပည့်အား ချေးတွန်းခြင်းစသော အမှုကိစ္စပါ ဆောင်ရွက်ပေးရမည်။ ပြီးလျှင် ကိုယ်ကိုခြောက်အောင် သုတ်ပေးရမည်။ ရေချိုးအိမ်ပစ္စည်းများ ပြန်သိမ်းလာ ပေးရမည်။
- တပည့်နေသော ကျောင်းပတ်ဝန်းကျင်၌ အမှိုက်ရှိက သုတ်သင်ရှင်းလင်းပေးရမည်။ သောက်ရေမရှိက ထည့်ပေးရမည်။
- အနီးနေတပည့် မပျော်ပိုက်မမွေ့လျော်က ဆရာသည် ပျောက်ငြိမ်းစေရမည်။ ကိုယ်တိုင်မလုပ်နိုင်က သူတစ်ပါးကို ပျောက်ငြိမ်းစေရမည်။ တရားစကားဟောပြောပြရမည်။
- အနီးနေတပည့် တွေးပဲ့ပွားမှု သံသယကုက္ကုစ္စ ရှိလာက ဆရာကကိုယ်တိုင် ပယ်ဖျောက်ပေးရမည်။ သူတစ်ပါးကို စေခိုင်း၍ ပယ်ဖျောက်ပေးရမည်။
- အတူနေပည့်အား မှားသောအယူဖြစ်လာငြားအံ့၊ ဆရာကကိုယ်တိုင်သော် လည်း

www.dhammaransi.com



ကောင်း၊ သူတစ်ပါးကို စေခိုင်း၍လည်း ကောင်း ဖြေရှင်းပေးရမည်။

- အတူနေတပည့်အပြစ်ကြီး(ဂရုကအာပါတ်) ရောက်ပါက ထိုအပြစ်ကြီးကို ကုစားရန် သံဃာ့အကူအညီရရန် ဆရာကလုံလ ပြု ပေးရမည်။

- အတူနေ့တပည့် အာပါတ်ကြီးသင့်၍ ပရိဝါသ် ဆောက်တည်ရန် မာရ်နတ်ဆောက်တည်ရန် လိုနေပါက သံဃာရရန် ဆရာက လုံ့လပြုပေးရမည်။

- သံဃာကတပည့်ကို တဇ္ဇနီယကံ၊ နိဿယကံ၊ ပဋိသာရဏီယကံ၊ ဥက္ခေပနီယကံ ဟူသော ကံတစ်ပါးပါးဖြင့် ပြုလိုက ဆရာသည် သံဃာကတပည့်ကို ကံမပြုနိုင်ရန် ပေါ့သောကံပြုစေရန် လုံ့လပြုပေးရမည်။

- အတူနေတပည့်ကို ထိုကံများတွင် တစ်ပါးပါးဖြင့် ပြုလာပြီး ဖြစ်ပါက ဆရာသည် တပည့်ကို ထိုကံမှ လွတ်မြောက်ရန် ကျင့်ရန် နည်းလမ်းကို ရှာပေးရမည်။ သံဃာဘက်က ငြိမ်းအေးစေရန် စီမံလုံ့လပြုပေးရမည်။

www.dhammaransi.com



- အနီးနေတပည့်၏သက်န်း လျှော်ဖွတ်သင့်က လျှော်ဖွတ်ရန် ချုပ်ရန်ရှိကချုပ်ရန်၊ ဆိုးရန်ရှိက ဆိုးရန် ပြောကြားရမည်။ ချုပ်ရန်ဆေးဆိုးရန် ပစ္စည်းများမရှိက ရှိအောင် စီမံပေးရမည်။

- အနီးနေတပည့် နာဖျားတာရှည် ဖြစ်ပါက အသက်ရှည်သမျှ ကာလပတ်လုံးလုပ်ကျွေးရမည်။ ရောဂါပျောက်ရန် ပြုလုပ်ပေးရမည်၊ ရောဂါ ပျောက်သည်အထိ စောင့်ဆိုင်းကုပေးရမည်။

(စူဠဝါ ဝတ္တက္ခန္ဓက၊ဥပဇ္ဈာယဝတ်၊အန္တေဝါသိကဝတ်)

## ကျောင်းအုပ်(သို့မဟုတ်)တိုက်တာအုပ်ချုပ်သော အကြီးအကဲ(ဆရာ)၏တာဝန်နှင့်ဝတ္တရားကျင့်စဉ်များ

ကျောင်းတစ်ကျောင်း(သို့မဟုတ်) စာသင်တိုက်တစ်တိုက်ကို ကြီးကြပ်အုပ်ချုပ်ကြရသော အကြီးအကဲများသည် တစ်ဘက်က ဆရာဖြစ်သလို တစ်ဘက်ကလည်း အကြီးအကဲတာဝန်ကို ထမ်းဆောင်ကြရသည်။ အကြီးအကဲတစ်ယောက်၏ ထမ်းဆောင်ရသော တာဝန်များမှာ-

www.dhammaransi.com



၁။ **အုပ်ချုပ်ရေး** - တပည့်များကို အုပ်ချုပ်စီမံတတ်ရသည်။ ကျောင်းဆရာ/ဆရာမများ ၊ စာချဆရာတော်များ ၊ ကျောင်း အဆောက်အဦများ ၊ ပတ်ဝန်းကျင်နှင့် လူမှုဆက်ဆံရေးများကို စီမံကွပ်ကဲအုပ်ချုပ်တတ်ရပါမည်။

၂။ **သင်ကြားပို့ချရေး**-တပည့်များတတ်သိနားလည်အောင် တိုးတက်မှုရှိအောင် အဆင့်တန်းမြင့်မြင့် တတ်မြောက်စေရန် စေတနာထားပြီး လေ့လာမှု စုံစမ်းမှုများပြုကာ သင်ကြားသော ဆရာ ဆရာမများကို အမြဲလမ်းညွှန်ဦးဆောင်မှု ပေးနိုင် ရပါမည်။

၃။ **စီမံခန့်ခွဲရေး**-တပည့်တို့၏နေထိုင်ရေး၊ပညာရေး စားသောက်ရေး၊ကျန်းမာရေး၊ လူမှုရေးမှအစ စီမံဆောင်ရွက်ပေးတတ်ရပါမည်။

www.dhammaransi.com



၄။ ထိန်းသိမ်းရေးနှင့်စောင့်ရှောက်ရေး-တပည့်များ
ပညာသင်ကြားရေးအတွက် စိတ်
ချမ်းသာစွာနှင့် သက်တောင့် သက်
သာ ပညာသင်ကြားနိုင်ရေးအတွက်
အဆောက်အဦများ သင်ကြားရေး
ပစ္စည်းများ ထိန်းသိမ်းရေး အပါ
အဝင် အဆောက်ဦးပရိဘောဂနှင့်
သင်ကြားအထောက်အကူပစ္စည်း
များ တိုးတက်ရေးတို့ကို တတ်သိ
နားလည် ထားရပါမည်။

ကျောင်းအုပ်၊ကိုက်တာအုပ်ချုပ်သော အကြီးအကဲဆရာတစ်ဦးသည် သာမန်စာသင်ပြသသော ဆရာတစ်ဦးမဟုတ်၊ သာမန်ဆရာထက်သာလွန်သော သင်ကြားရေးနှင့်အုပ်ချုပ်ရေးအကြီးအကဲ ဆရာတစ်ဦးဖြစ်လာ၍ ထိုအကြီးအကဲဆရာသည် ဘုရားရှင်ဟောကြားလမ်းညွှန်ထားသော အကြီးအကဲကျင့်ဝတ်(၆)ပါးနှင့်အညီ ကျင့်ကြံနေထိုင်လုပ်ကိုင်တတ်ရပါမည်။

ထိုအကြီးအကဲကျင့်ဝတ်(၆)ပါးမှာ-

**"ထကြွ,နိုးကြား,သနား,သည်းခံ,ဝေဘန်,ထောက်ရှုဤခြောက်ခု ကြီးသူတာဝန်သာ"**

www.dhammaransi.com



**ထကြွဆိုသည်မှာ** အကြီးအကဲသည် နောက်လိုက် တပည့်တို့ထက် ဆယ်ဆပို၍ လုံ့လဝီရိယစိုက်၍ ဆောင်ရွက် လုပ်ကိုင်ရမည်။ လုပ်ကိုင်စွမ်းရည်လည်း ရှိရပါမည်။

**နိုးကြားဆိုသည်မှာ** အကြီးအကဲသည် အရပ်ရှစ် မျက်နှာပတ်ဝန်းကျင်ကို မျက်စိဖွင့်ကာ ကိုယ်ရောစိတ်ပါ နိုးနိုးကြားကြား သတိနှင့်အဆင်သင့် ရှိနေရပါမည်။

**သနားဆိုသည်မှာ** အကြီးအကဲပုဂ္ဂိုလ်သည် မိမိ ကိုယ်ကျိုးကိုမငဲ့ရ၊ အောက်လက်တပည့်သားတို့၏ ချို့တဲ့ အားနည်းချက်တို့ကို သနား၊မေတ္တာ၊ကရုဏာစိတ်တို့ဖြင့် ဖေးမကူညီတတ်ရပါမည်။ မည်သူသေသေ ငတော့မာပြီးရော ဆိုသောစိတ်ဓာတ်၊ မိမိတစ်ဦးတည်းကောင်းစားဖို့ဟူသော တစ်ကိုယ်ကောင်းစိတ်ဓာတ် ကင်းရှင်းရပါမည်။ အေးအတူ ပူအမျှ မိဘသားသမီးစိတ်ဓာတ်မျိုး ထားရှိရပါမည်။

**သည်းခံဆိုသည်မှာ** မိမိကပည့်များ၏ စေတနာဆိုး မပါသော အမှားအယွင်းအပေါ်၌ သည်းခံစိတ်မွေးမြူနိုင် ရပါမည်။ အမှန်ကိုရအောင် သည်းခံစောင့်ဆိုင်းပြီး ဆောင်ရွက်တတ်ရပါမည်။

**ဝေဘန်ဆိုသည်မှာ** တပည့်တို့ကို ပညာသင်ကြား ရာ၌ တတ်အပ် မတတ်အပ် သင်ကြားနိုင် မသင်ကြားနိုင်

www.dhammaransi.com



အစွမ်းရှိ-မရှိ ဝေဘန်တတ်ရပါမည်။ တပည့်များအပေါ် အဂတိလေးပါးကင်းပြီး ချိုးမြှောက်ပညာသင်ကြားပေးတတ် ရပါမည်။

ထောက်ရှုဆိုသည် တပည့်များနှင့်ကျောင်းကိစ္စ စသည့်အမှုကိစ္စကြီးငယ်ပြဿနာတစ်စုံတစ်ရာပေါ်လာသည့် အခါ အလျင်စလို ဆုံးဖြတ်စီရင် ပြောဆိုမှုမပြုဘဲ အဂတိ လေးပါးလိုက်စားမှုကင်း၍ ဖြစ်ပေါ်ရခြင်း၏အကြောင်း အခြင်းအရာ အချက်အလက်များကို သေချာစုံစမ်း ထောက်လှမ်းဆင်ခြင်သုံးသပ်ပြီးမှ အဆုံးအဖြတ်ပေးရပါမည်။

ကျောင်းတိုက် ကျောင်းတစ်ကျောင်း၏ အကြီးအကဲ တစ်ယောက်အဖို့ တစ်ခါတစ်ရံဝယ် အမှုကိစ္စကို အချိန်မဆိုင်း ဘဲ တစ်ထိုင်တည်း ဆုံးဖြတ်ရသော အမှုကိစ္စများလည်း ရှိတတ်ပါသည်။ အချိန်ကန့်သတ်ချက် တိုကောင်းသည်နှင့် အမျှ ဆုံးဖြတ်ရန်လည်း ခက်ခဲလှပါသည်။ ထိုအခါ အကြီး အကဲခေါင်းဆောင်သည် သီလ,သမာဓိ,ပညာဟူသော ဂုဏ်အင်္ဂါပြည့်ဝရန် လိုအပ်လှပါသည်။

အကြီးအကဲ ဆရာခေါင်းဆောင်ဖြစ်သော ကျောင်းအုပ်ကျောင်းထိုင်များသည် အာဏာနှင့်ဩဇာ(၂) ရပ်တွင် ကြောက်ရွံ့ပြီး လုပ်ရပေးရသော လိုက်နာဆောင်ရွက်

www.dhammaransi.com



ရသော အာဏာအလုပ်ထက် ပုဂ္ဂိုလ်ရေးရာအပေါ် ယုံကြည်လေးစားမြတ်နိုးပြီး ဆောင်ရွက်ရသော ဩဇာဂုဏ်ရရှိရန် လိုအပ်ပါသည်။

ထိုသို့ ဩဇာဂုဏ်ရရှိရန်အတွက် အောက်ပါကျင့်ဝတ်များကို ကျင့်သုံးဆောက်တည်နိုင်ရန် လိုအပ်ပါသည်-

- မိမိအလုပ်၌ သက်ဝင်ယုံကြည်ပြီး စေတနာအပြည့်အဝထားပြီး ဆောင်ရွက်ရပါမည်။
- အကျင့်သီလ,သိက္ခာနှင့်ပြည့်စုံရပါမည်။
- အကြားအမြင် ဗဟုသုတ ကိုယ်ခံပညာပြည့်စုံရပါမည်။
- သူ့ဘက် ကိုယ့်ဘက် လေ့လာမှု စုံစမ်းမှု နှိုင်းယှဉ်မှု ပြုတတ်ရပါမည်။
- ရဲရင့်မှု ဇွဲရှိမှု သည်းခံနိုင်မှုကို အရင်းတည်လက်ကိုင်ထားတတ်ရမည်။
- တပည့်တို့နှင့် အေးအတူ ပူအမျှ ချမ်းသာဆင်းရဲကို ခံစားနိုင်သော သတ္တိအကျင့် ရှိရမည်။

www.dhammaransi.com



- ကိုယ်ခန္ဓာကျန်းမာခိုင်ခံ့သန်စွမ်းမှု ရှိရမည်။
- ကိုယ်တိုင်ကလည်း တပည့်များ၏ အရိပ်အခြေကို သိရပြီး ကိုယ်၏အရိပ်အခြေ လုပ်ဆောင်ချက်ကို တပည့်များကို သိစေနေရမည်။
- ကိုယ်အတွက် တပည့်များအတွက် အကျိုးစီးပွားဖြစ်နိုင်သည်-မဖြစ်နိုင်သည်ကို လိမ္မာပါးနပ်စွာ သိတတ်ရမည်။
- ငြင်းခုံ ခိုကပ်ရန်ဖြစ်မှုကို အထူးရှောင်ကြဉ်ရပါမည်။
- ချစ်ဖွယ်သာယာသောစကားနှင့် ရွှင်ပျသောမျက်နှာ အမူအရာအမြဲ ရှိနေရပါမည်။
- သူတစ်ပါးပစ္စည်း၌ လိုချင်တပ်မက်မှု လောဘရမ္မက် နည်းနိုင်သမျှနည်းရပါမည်။

အကြီးအကဲ ခေါင်းဆောင်တစ်ယောက်(ဝါ)ကျောင်းအုပ်တစ်ယောက် ဩဇာဂုဏ်မြောက်ရန်အတွက် ဩဇာဂုဏ်ရောက်ရန်အတွက် သင်ယူမှု လေ့လာမှု လေ့ကျင့်မှုများအစဉ်ထာဝရ မပြတ်ပြုလုပ်နေရန် လိုအပ်ပါသည်။

www.dhammaransi.com



အကြီးအကဲ ကျောင်းထိုင်တစ်ဦးသည်-

- ဂဠုန်းကဲ့သို့ လက်မအမြဲထောင်ကာ မာန်မာနတက်ကြွမှုကို မပြုရပါ။
- ပုတ်သင်ကဲ့သို့ သူတစ်ပါးပြောသမျှကို ခေါင်းငြိမ့်ခံလိုက်နာမှုကို မပြုရပါ။
- လေယူရာတိမ်းသော ဝါးပင်ကဲ့သို့ ဟိုဘက်ယိမ်း ဒီဘက်ယိမ်း မပြုလုပ်ရပါ။
- နွားသိုးကဲ့သို့ ရှုးရှုးဒိုင်းဒိုင်းစိတ်နှင့် တဇွတ်ထိုး မပြုလုပ် မဆောင်ရွက်ရပါ။
- လိပ်ကဲ့သို့ ကိုယ်ဘက်ကိုယ်ယက်သော အမှုမျိုး မပြုရပါ။
- ခွေးအကဲ့သို့ အစားအစာအဝစားပြီး စည်းစိမ်ခံ ယစ်မူး မနေရပါ။
- ကျောင်းအုပ်ကောင်း ကျောင်းထိုင်ကောင်း အကြီးအကဲတစ်ယောက် ဖြစ်ဘို့ရန် အထက်ပါ ကျင့်ဝတ်စည်းကမ်းများကို သေချာဂရုတစိုက် လိုက်နာကျင့်သုံးတတ်ရန် လိုအပ်ပါသည်။

www.dhammaransi.com



# သိပ္ပံခေတ်ဆရာ ဆရာမတို့၏ တာဝန်များ

ပြုပြင်ပြောင်းလဲမှုဟူသည် အချိန်အခါနှင့် နေရာဒေသအလိုက် အမြဲတစေ ရှိနေသည်။ မပြုပြင် မပြောင်းလဲချင်ဘူးဟု ငြင်းဆန်၍မရနိုင်ပါ။

အရာခပ်သိမ်းသည် တည်မြဲခြင်း၊ ခိုင်မြဲခြင်းသဘောတရားမရှိပါ။

- ရှေးရိုးစွဲမှုအကိုင်း မပြုပြင် မပြောင်းလဲဘဲ မှုဘဲ ဆက်လက်ကျင့်သုံးလိုသောသူ၊
- အချိန်အခါအရ ပြုပြင်ပြောင်းလဲ ကျင့်သုံးလိုသူ၊

နှစ်မျိုးရှိသည့်အနက် ပြုပြင်ပြောင်းလဲကျင့်သုံးနေသူများက နိုင်ငံရေး စီးပွားရေး လူမှုရေးစသည် ရေးရာပေါင်းစုံမှ ဘာသာနေသည်ကိုတွေ့ရပါမည်။

လူဟူသည် ပတ်ဝန်းကျင်ဖြင့် ကြီးပွားတိုးတက်ရသူဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းလျှင် ကောင်းသလို အသိဉာဏ်ဖွံ့ဖြိုးမှု တိုးတက်ရပါသည်။

ပြုပြင်ပြောင်းလဲမှု၏အစသည် အတွေးသစ် **အမြင်သစ်**ပေါ်လာခြင်း ဖြစ်သည်။ တိုးတက်ဖြစ်ထွန်းမှု၏ **အစသည်** ပြုပြင်ပြောင်းလဲမှုဖြစ်၏။

www.dhammaransi.com



သို့ဖြင့် အမြင်သစ်ရှိမှ အတွေးသစ်ပေါ်ပေါက်၏။ အတွေးသစ်ပေါ်ပေါက်မှ ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာနိုင်၏။ ပြုပြင်ပြောင်းလဲမှု ရှိပါမှ တိုးတက်ဖြစ်ထွန်းမှု ရှိလာနိုင်သည်။

သို့တွက် လူထု၏ရှေ့သွားရှိနေကြသော ဆရာဆရာမများသည် အတွေးသစ် အမြင်သစ်များ အမြဲတစေ ရှိနေရပါမည်။ နိုင်ငံရေး လူမှုရေး ပညာရေး စသည်တို့၌ ကမ္ဘာ့အမြင် ကမ္ဘာ့အတွေးအခေါ်များ နိုးကြားတက်ကြွနေရမည်။ သို့မှသာ မိမိ၏တပည့်များကို ခေတ်မှီသော နိုင်ငံ့သားကောင်းများအဖြစ် မွေးထုတ်ပေးနိုင်ပေမည်။

အတွေးသစ် အမြင်သစ်ပေါ်ပေါက်လာနိုင်ခြင်း၏ အကြောင်းရင်းသည် ပညာအရည်အချင်းနှင့် ပြည့်စုံမှု ဖြစ်သည်။ ပညာမရှိဘဲနှင့် အမြင်သစ်များ မည်မျှပင် တွေ့ကြုံတွေ့ကြုံ အတွေးသစ်မပေါ်ပေါက်နိုင်ပါ။

အတွေးအခေါ်ဟူသည် တတ်သိနားလည် ထားသော ပညာအရည်အသွေးအားလျော်စွာ တိုးတက်ဖြစ်ထွန်းရ၏။

သို့တွက် ယနေ့ခေတ် ဆရာ ဆရာမသည် ခေတ်အမြင် ခေတ်အတွေးနှင့် တပည့်များကို လမ်းညွှန်နိုင်ရန်

www.dhammaransi.com



ဆရာများကို ကိုယ်တိုင် စာဖတ်မှု လေ့လာမှု သုတေသနပြုမှုတို့နှင့် အမြဲပြည့်စုံနေရပါမည်။

## သိပ္ပံခေတ်ဆရာတို့၏ တာဝန်နှင့်ကဏ္ဍ

နိုင်ငံတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆောက်လိုပါလျှင် ပညာရေးကို အလေးထားဆောင်ရွက်ကြရသည်။

- နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော နိုင်ငံရေး စီးပွားရေး လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေရှိပြီး ကမ္ဘာ့နိုင်ငံကကာရှိ ပညာရေးအဆင့်နှင့် ရင်ဘောင်တန်းနိုင်သော အခြေခံပညာရေးစနစ် ဖြစ်စေရမည်။
- နိုင်ငံတော်ရှိ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး တိုးတက်ပြောင်းလဲလာသော ခေတ်မီသိပ္ပံပညာနည်းပညာရပ်များ၏ အကူအညီဖြင့် နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအား အရင်းအဖြစ်

www.dhammaransi.com



များ ပေါ်ထွန်းလာအောင် ပြုလုပ်နိုင်ရမည်။

- လူမှုစီးပွားရေးကဏ္ဍအသီးသီးတွင် တီထွင်ကြံဆမှုနှင့်တီထွင်ဖန်တီးမှု အရည်အသွေးပြည့်ဝစွာဖြင့် စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာနေစေရမည်။

- ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသော နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရမည်။

- ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သောဘက်စုံပညာပြည့်ဝသူများ ပေါ်ထွန်းလာစေရမည်။

- မိမိဘဝနှင့်လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သော ကမ္ဘာ့အကျိုးပြု ကမ္ဘာ့လူရည်မွန်များ ပေါ်ထွန်းလာစေရမည်။

- တစ်သက်တာသင်ယူမှုနှင့် စဉ်ဆက်ပညာ

www.dhammaransi.com



ရေး၏အကျိုးတရားကို နားလည်လက်ခံပြီး နိုင်ငံတော်နှင့် မိမိဘဝအဆင့်အတန်း တိုး တက်မြင့်မားရေးအတွက် အစဉ်လေ့လာ သင်ယူနေသော အဖွဲ့အစည်းများအဖြစ် ပေါ်ထွန်းလာစေရမည်။

မြို့ရွာနှင့်ကျေးလက်ဒေသများတွင် လေ့ လာသင်ယူမှု အခွင့်အလမ်းများ တပြေးညီ ရရှိပြီး အသက်မွေးဝမ်းကျောင်းပညာအခြေ ခံဖြင့် ရွေးချယ်သင်ယူနိုင်စေရမည်။

အခြေခံပညာကျောင်းများသည် ဒေသတစ် ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက် အကူပြု ပင်မဌာနအဖြစ် ပေါ်ထွန်းလာစေ ရမည်။

ဤကဲ့သို့သော နိုင်ငံနှင့်လူမျိုးများပေါ်ထွန်းနိုင်ရေး အတွက် ဆရာ ဆရာမများ၏ တာဝန်သည် အလွန်ပင် ကြီးလှပါသည်။ ဆရာ ဆရာမများသည် ခေတ်နှင့်ရင်ဘောင် တန်းလိုက်နိုင်ရန် လိုအပ်ပါသည်။

မျက်စိကိုဖွင့် နားကိုစွင့် ဦးနှောက်ကိုမြှင့်ရင်း နိုင်ငံ တကာပညာရေး အမြင်ရှိကြရန် လိုအပ်လာပါသည်။ ကြိုးစား

www.dhammaransi.com



ကြရပါမည်။

ဝါးလုံးခေါင်းထဲလသာရင်း၊ လှေနံဒါးထစ် ဝါဒဖြင့် ရပ်တည်နေပါက ပုံစံခွက်ဟောင်းထဲ၌ နောက်ကျကျန်ရစ်မည်သာ ဖြစ်ပါသည်။

ကမ္ဘာရေးရာအဖြာဖြာနှင့် နိုင်ငံတကာ ပညာရေး အမြင်ရှင်သန်ထက်မြက်အောင် အစဉ်ကြိုးစားနေရမည်မှာ ဆရာဆရာမတို့၏ တာဝန်ဖြစ်ပါသည်။

## သင်ယူမှုမဏ္ဍိုင်လေးရပ်

ဆရာ ဆရာမများသည် သင်ယူမှုမဏ္ဍိုင်ကြီး(၄)ရပ်ကို နားလည်ထားရန် လိုအပ်ပါသည်။

### ၁။ အသိပွားရန် သင်ယူခြင်း

ယနေ့ကမ္ဘာ၌ သိပ္ပံနှင့် နည်းပညာရပ်များ သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများသည် တစ်ဟုန်ထိုးလျင်မြန်စွာဖြစ်ထွန်း ပြောင်းလဲလျက် ရှိသည်။

ထိုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေအောင် သင်ယူတတ်ဖို့လိုပါသည်။

www.dhammaransi.com



## ၂။ လုပ်ကိုင်တတ်ရန်သင်ယူခြင်း-

မိမိ၏ပတ်ဝန်းကျင် အခြေ အနေတွင်ထွင်ဖန်တီး လုပ်ကိုင်နိုင်စွမ်းရှိရေးပင် ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း တစ်ခုကို လက်တွေ့ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှု များရရှိရန် သင်ယူရပါမည်။

ဤတွင် ပညာရေးနှင့်အလုပ်အပြန်အလှန် ဆက်စပ် မှုရှိကာ အစီအစဉ်များ အကြုံးဝင်ပါသည်။

ကြိုတင်မှန်းဆမထားနိုင် သောအခြေအနေမျိုးနှင့် ကြုံတွေ့ရင်ဆိုင်နိုင်သော စွမ်းရည်အစုအဖွဲ့နှင့် ဆောင်ရွက် တတ်သော စွမ်းရည်များတိုးတက်ရရှိစေရန် ဖြစ်ပါသည်။

ကျွမ်းကျင်မှုမှ တတ်မြောက်မှုသို့ ရွေ့ရှုသင်ယူရပါ မည်။

## ၃။ တစ်ဦးချင်း အစွမ်းကုန်ဖွံ့ဖြိုးသင်ယူ

ပညာရေးသည် တစ်ဦးချင်း၏အစွမ်း ကုန်ဘက်စုံ ဖွံ့ဖြိုးမှုကို ဦးတည်ရပါမည်။

ဘက်စုံဖွံ့ဖြိုးမှုဟု ဆိုရာတွင် ကာယ,ဉာဏ,စာရိတ္တ, ရသ,သက်မွေးကဏ္ဍမျိုးစုံကို ဖွံ့ဖြိုးစေရန် ဆိုလိုပါသည်။

www.dhammaransi.com



ဤကဏ္ဍတွင် လူတိုင်း လူတိုင်း မိမိ၏ပြဿနာကို ဖြေရှင်းတတ်ရန် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချ တတ်ရန် မိမိ တာဝန်ကို ကောင်းစွာထမ်းဆောင်တတ်ရန်၊ပညာရေး က ပျိုးထောင်ပေးနိုင် ရပါမည်။

## ၄။ ကမ္ဘာ့လူသား အဖြစ်အတူနေရန် သင်ယူခြင်း

ဘလိုဘယ်လိုက်ဇေးရှင်း ခေါ် ကမ္ဘာကြီးအဖြစ် ဆက်စပ်ယှက်နွယ်လာသော ပညာရေး ခေတ်တွင် ကမ္ဘာ့ လူသား များနှင့်ပူးပေါင်းဆောင်ရွက်တတ်ရန် မိမိအကြောင်း ကိုယ် မိမိသိရန် သင်ယူရပါမည်။

ကမ္ဘာ့သားများ၏ သမိုင်းကြောင်းဓလေ့ထုံးစံ ယဉ်ကျေးမှုများကို သိရှိပြီး အေးချမ်းစွာအတူတကွ နေထိုင် တတ်ရန်သင်ယူရပါမည်။

ဤလေးချက်သင်ယူသမှု တတ်မြောက်မှု ကျင့်သုံး နိုင်မှု ဖြစ်စေရန်မှာ ဆရာ ဆရာမတို့၏ ကမ္ဘာ့အမြင်ရှိမှုနှင့် သင်ပေးမှုသည် အဓိကအခန်းမှာ ပါဝင်လာပါသည်။

ယနေ့ခတ်တွင် ဆရာဆရာမများသည် အမြင်သစ်နှင့် ပညာသင်ကြားနိုင်ရန် လိုအပ်ပါသည်။ ဆရာဆရာမတို့ အတွက် ယနေ့ခေတ်နှင့်အညီ အမြင်သစ်(၄)ရပ်ထားရှိပြီး သင်ကြားနိုင်ရပါမည်။

www.dhammaransi.com



## ၁။ စာသင်ခန်းနှင့်ပြင်ပကမ္ဘာ ဆက်စပ်မှု

ကလေး၏ခေတ်သစ်အယူအဆ သဘောထားများနှင့် သင်ရိုးပါအကြောင်းအရာများကို လိုက်လျောညီထွေရှိအောင်ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရပါမည်။

တပည့်များကို ပုံသွင်းပေးခြင်းထက် အသိပညာကိုသူတို့ကိုယ်တိုင်ရှာဖွေလေ့လာဆည်းပူးတတ်အောင် လမ်းညွှန်ပေးရပါမည်။

## ၂။ မျှော်မှန်းချက်နှင့်တာဝန်ဝတ္တရားများ

ကျောင်းနှင့်လူ့အဖွဲ့အစည်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရာတွင် ဆရာသည် နိုးကြားတက်ကြွစွာ ပါဝင်ရပါမည်။

## ၃။ သင်ကြားခြင်း(အနုပညာနှင့်အတတ်ပညာ)

ဆရာ၏လုပ်ငန်းသည် အကြောင်းအရာ အချက်အလက်များကို တပည့်များ မှတ်မိရုံသက်သက်ပေးဝေခြင်းမဟုတ်ဘဲ တပည့်များသည် ထိုအချက်အလက်များကို သင်ယူခြင်းမှတစ်ဆင့် စဉ်းစားတွေးခေါ်တတ်မှု၊ ပြဿနာဖြေရှင်းတတ်မှု၊ အခက်အခဲကျော်လွှားတတ်မှုများ ရရှိစေရန်ဖြစ်ပါသည်။

www.dhammaransi.com



ပြောင်းလဲမှုများကို ကြိုတင်မှန်းဆနိုင်ပြီး ထို ပြောင်းလဲမှုများနှင့်အညီ ကျင့်ကြံနေထိုင်တတ်အောင် တစ်နည်းအားဖြင့် တပည့်များ၏ ဘဝတစ်သက်တာတွင် သင်ယူမှုကို ဆက်လက်ဆောင်ရွက်သွားတတ်အောင် သင်ကြားပေးရပါမည်။

ဆရာ၏အကြီးမားဆုံး စွမ်းရည်ဆိုသည်မှာ မိမိ၏ စံပြအတုယူစရာ အပြုအမူပင် ဖြစ်ပါသည်။

အထူးသဖြင့် ဆရာသည် သင်ယူခြင်း၌ မြတ်နိုးမှု ရှိသည့်စိတ်ဓာတ်ကို တပည့်များအား ကူးပြောင်းခံယူလာ တတ်စေရန် ကြိုးပမ်းဆောင်ရွက်ပေးရပါမည်။

## ၄။ ဆရာနှင့်ရပ်ရွာဒေသ

ဆရာသည် ရပ်ရွာ၏ရပ်မိရပ်ဖ လမ်းညွှန်သူ ဖြစ်စေ ပြီး ရပ်ရွာဒေသ၏ ကောင်းရာကောင်းကျိုးဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ရပ်ရွာရှိရပ်မိရပ်ဖ၊ ရွာသူရွာသားများနှင့် ပူးပေါင်း ဆောင်ရွက်ပေးတတ်ရပါမည်။

ထို့ကြောင့်ယနေ့ခေတ် ဆရာဟူသည် သင်ယူမှု မဏ္ဍိုင်ကြီးလေးရပ် အမြင်သစ်လေးရပ်တို့ကို သိရှိနားလည်ပြီး တပည့်ကျောင်းသားကျောင်းသူများကို စာပေပညာ သက်သက် သင်ကြားပေးရုံမျှဖြင့် မလုံလောက်ဘဲ-

www.dhammaransi.com



- အသိအမြင် ကျယ်ပြန့်အောင်
- အတွေးအမြင် ဗဟုသုတကြွယ်ဝအောင်
- နိုင်ငံတကာအခြေအနေကို သိမြင်နားလည်ပြီး မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်အောင်

လေ့ကျင့်ပျိုးထောင်သင်ကြားပေးရန် လိုအပ်ပါသည်။

www.dhammaransi.com



# ဆရာတို့ ဆောင်ရမည့် "စ" ခြောက်လုံး

၁။ စ - စေတနာမှန်ရမည်။

၂။ စ - စာရိတ္တကောင်းခြင်းနှင့်စည်းကမ်း လိုက်နာမှုရှိရမည်။

၃။ စ - စိတ်ဓာတ်မွန်မြတ်ခိုင်မာမှု ရှိရမည်။

၄။ စ - စာပေကို မပြတ်လေ့လာနေတတ် ရမည်။

၅။ စ - စီစစ်ဝေဘန်ပိုင်းခြားတတ်ရမည်။

၆။ စ - စေလိုရာစေ သွားနိုင်ရမည်။

www.dhammaransi.com



# ဆရာတို့ ရှောင်ရမည့် "အ" ငါးလုံး

၁။ အ-အဂတိတရားလေးပါးကို ရှောင်ရမည်။

၂။ အ-အရှက်,အကြောက်မရှိသော အလဇ္ဇီ မဖြစ်စေရပါ။

၃။ အ-အသောက်အစားမူးယစ်မှုရှောင်ရမည်။

၄။ အ-အလောင်းအစားပြုလုပ်မှုကို ရှောင်ရမည်။

၅။ အ-အသပြာဆရာ မဖြစ်စေရပါ။

www.dhammaransi.com

# အခန်း(၄)
# ဆရာမြတ်တို့၏ အနှိုင်းမဲ့ဂုဏ် ဓာတ်လမ်းစုံ

ဤကမ္ဘာ သံသရာ၌ လောကလူသားတို့သည် မွေးသည်မှသည် သေသည်အထိ မိမိတို့ဘဝ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အတတ်ပညာတစ်ခုခုကို တတ်မြောက်ရန်လိုအပ်သလို ထိုအတတ်ပညာမျိုးကို သင်ကြားပြသပေးသော ဆရာသည်လည်း လိုအပ်ပါသည်။

ဘုရားရှင်က ဘဝသုံးရပ်တွင် ငယ်စဉ်က မိဘဆရာ သမားကို ချစ်တတ်ရမည်ဟု ဟောကြားထားပါသည်။

www.dhammaransi.com



ငယ်စဉ်က မိဘဆရာသမားကိုချစ်မှ မိဘက ကျောင်းထား ပညာသင်စေမည်။ ဆရာကကောင်းစွာ သင်ပေးမည်။ ထိုသို့ပညာသင်စေသောမိဘ ပညာသင်သော ဆရာကို ချစ်ရပါမည်။

ဒုတိယအရွယ်၌ မိသားစုကိုချစ်တတ်ရမည်ဟု ဟောပါသည်။ မိမိ၏သားသမီး သားမယားတို့ကို ကြင်နာစွာ ပြုစုလုပ်ကျွေးပြီး ချစ်ခင်ပါမှ မိသားစု အိမ်ထောင်သာယာပြီး သားသမီးများလည်း ပညာတတ်လူတော်များ ဖြစ်ကြပါမည်။

တတိယအရွယ်၌ မိမိကိုယ်ကို ချစ်တတ်ရမည်ဟု ဟောပါမည်။ မှန်ပါသည်။ သံသရာဘဝကူးရာတွင် မိမိ ကိုယ်တိုင် ဒါန သီလ ဘာဝနာပြုထားမှ သံသရာကူး ဘဝကူး ကောင်းပါမည်။ ထိုသို့ကူးရာတွင် မည်သည့်သားသမီး ဆွေမျိုးမှလာရောက် ကူညီပေးနိုင်မည်မဟုတ်ပါ။ မိမိဘဝ မိမိအားထုတ်ကြိုးစားထားမှ မိမိဘဝချမ်းသာမည်။

ထိုသို့သော အရွယ်တိုင်းအားထုတ်ရမည့်လုပ်ငန်း တိုင်း၌ နည်းလမ်းပြသညွှန်ကြားပေးသော ဆရာသည် လိုအပ်ပါသည်။ ထိုသို့သောဆရာသည် မိမိ၏တပည့်သား တို့အတွက် မိမိ၏မေတ္တာ စေတနာကို အပြည့်အဝထားကြ သည်သာများပါသည်။

www.dhammaransi.com



တပည့်များကြီးပွားချမ်းသာရေးအတွက် အနစ်နာခံသွားသောဆရာများ၊ ကြိုးစားအားထုတ်ပညာပေးသွားသော ဆရာများ လမ်းညွှန်ပြသောဆရာများ များစွာရှိခဲ့ပါသည်။

ဤကဏ္ဍတွင် ခေတ်အဆက်ဆက်က ရှိခဲ့သော ဤကဲ့သို့သော ဆရာများအချို့ကို နမူနာထုတ်နှုတ်ပြအပ်ပါသည်။

## တပည့်အတွက် မိခင်ကိုစတေးခံခဲ့သောဆရာမြတ်

ဗာရဏသီပြည့်၌ ဗြဟ္မဒတ်မင်းနန်းစံစဉ်ကာလ ဖြစ်သည်။ ထိုအချိန်ဝယ် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ပုဏ္ဏားမျိုးဖြစ်သော ဒိသာပါမောက္ခဆရာတစ်ဦး ရှိသည်။ ထိုဆရာကြီးသည် အလုံးစုံသော အတတ်တို့၌ တတ်ကျွမ်း၍ တပည့်တို့အား ပညာသင်ကြားပေးလျက်ရှိသည်။

ဗာရဏသီပြည်မှ ပုဏ္ဏားမျိုးတစ်ဦးသည် သားတစ်ယောက်ကို မွေးဖွားခဲ့သည်။ သား၏မိခင်သည် မိမိ၏သားကို ဗြဟ္မာပြည်သို့ရောက်စေလို၍ မွေးသောနေ့မှစ၍ မီးကိုမငြိမ်းစေရန် ထားပေးသည်။

ထိုသတို့သား(၁၆)နှစ်အရွယ်ရောက်သော် မိဘတို့က "ချစ်သား သင်သည် ဗြဟ္မာပြည်သို့ လားလိုသော်

www.dhammaransi.com



ဤမီးကိုယူ၍ တောသို့ဝင်ကာ မီးကိုလုပ်ကျွေး ရှိခိုးလျက် အကျင့်ကို ကျင့်ပါ၊ အကယ်၍ အိမ်ယာ တည်ထောင် လူဘောင်၌ နေထိုင်လိုက တက္ကသိုလ် သို့ သွားရောက်၍ ပညာ သင်ကြား ပြီး ဥစ္စာစီးပွား ဖြစ်အောင် ပြုလုပ်ပါလေ"

ဟု ပြောဆိုကြသည်။

သတို့သားသည် စဉ်းစားသည် -

" ငါသည်တော၌နေ၍ မီးကိုလုပ်ကျွေးခြင်းငှာ မတတ်နိုင်၊ တက္ကသိုလ်၌ ပညာသင်ပြီး ဥစ္စာကိုသာ ဖြစ်စေခြင်းငှာသင့်သည်"

ဟု ဆုံးဖြတ်ပြီး မိဘတို့ကို တက္ကသိုလ်၌ ပညာသွားရောက် သင်လိုကြောင်းပြောပြသည်။

ထိုအခါ မိဘတို့သည် သားကိုတက္ကသိုလ်၌ ပညာ သင်ရန် ဆရာအတွက် ဥဏ်ပူဇော်ခ တစ်ထောင်သော ငွေကိုပေးပြီး တက္ကသိုလ်သို့ စေလွှတ်လိုက်သည်။ သတို့သား လုလင်သည် မိဘတို့ကို ရှိခိုးပြီး တက္ကသိုလ်ပြည်သို့ သွားရောက်ကာ ပညာသင်ယူလေသည်။

မိဘတို့၏ဆန္ဒကား သားကိုအိမ်ယာတည်ထောင်လူ လောင်၌'မနေစေလို၊ ဗြဟ္မာပြည်သို့သွားသော အကျင့်ကို

www.dhammaransi.com



ကျင့်စေပြီး ဗြဟ္မာပြည်သို့ သွားရောက်စေလိုသည်။ ထိုသို့ သွားရောက်စေရေးအတွက် မိမိ၏သားကို မိန်းမတို့၏ အပြစ်ကို သိမြင်စေလိုသော ဆန္ဒရှိနေကြသည်။

သတို့သားလုလင်သည် သုံးနှစ်အကျော်တွင် တက္ကသိုလ်မှ ပညာသင်ယူပြီး မိဘတို့ထံသို့ ပြန်လည်ရောက်ရှိလာလေသည်။ မိခင်ကသားကို ပို၍ပင် အိမ်ထောင်မပြုစေချင်၊ မိန်းမတို့၏အပြစ်ကို သိစေပြီး တော၌မီးကိုရှိခိုးကာ တရားအကျင့်ကို ကျင့်စေလိုသည်။

"တက္ကသိုလ်ဆရာကြီးသည် ပညာရှိ၏၊ လိမ္မာ၏၊ ငါ့သားအားမိန်းမတို့၏ အပြစ်ကို ပြောဆိုခြင်းငှာ တတ်နိုင်လတံ့"

ဟုကြံစည်မိသည်။

တစ်နေ့တွင် မိခင်သည် သားကိုခေါ်ယူတွေ့ဆုံပြီး-

"ချစ်သား-သင်သည် တက္ကသိုလ်မှ အတတ်ပညာအစုံတတ်ခဲ့ပြီလော"

ဟု မေးသည်။

"မိခင်-သင်အပ်ခဲ့ပါပြီ"

"ဒါဆို သင်သည် အသာတမန္တန်ကိုလည်း သင်အပ်ခဲ့ပြီးလော"

www.dhammaransi.com



"မိခင် ထိုအတတ်ကို မသင်ခဲ့ရပါ"

"ချစ်သား-သင်သည် အသာတမန္တန်အတတ်ကို မသင်ခဲ့ရပါက အတတ်ပညာပြည့်စုံစွာသင်ခဲ့ရသည် မမည်ပါ။ တစ်ဖန် တက္ကသိုလ်သို့ပြန်၍ ထိုအတတ်ကို သင်ယူပါလေ"

"မိခင်-ကောင်းပါပြီ၊ ကျွန်ုပ်ထိုအတတ်ကို ပြန်လည် သင်ယူပါမည်"

သတို့သားလုလင်သည် ထိုသို့ဝန်ခံပြီးလျှင် တက္ကသိုလ်သို့ တစ်ဖန်ပြန်သွားခဲ့သည်။

ထိုအချိန်ဝယ် ဒိသာပါမောက္ခဆရာကြီး၏မိခင် သည်ကား အသက်(၁၂၀)အရွယ်ရှိပြီး မျက်စိတစ်ဖက်လည်း မမြင်တော့ပါချေ။ ဆရာကြီးသည် မိမိ၏မိခင် ချေးသေး အညစ်အကြေးကို ကိုယ်တိုင်သုတ်သင်ပေး၏ ကိုယ်တိုင် ရေမိုးချိုးအဝတ်အစားလဲ ထမင်းအစာကျွေး၏။

ထိုသို့ ဆရာကြီးကိုယ်တိုင် လုပ်နေသည်ကို တပည့် တို့က မနှစ်သက်ကြ၊ ရွံရှာကြသည်။

ဆရာကြီးသည် ထိုအကြောင်းကိုသိ၍ -

"ငါသည် တောသို့နေ၍ မိခင်ကိုအေးဆေးစွာ လုပ်ကျွေးပြုစုက ပိုသင့်တော့မည်"

www.dhammaransi.com



ဟု စဉ်းစားပြီး တပည့်များကို မိမိ၏လက်ထောက်ဆရာအား အပ်နှံ၍ မိခင်ကိုတောအရပ်သို့ခေါ်ဆောင်ကာ ကောင်းစွာ အေးဆေးစွာပြုစုလုပ်ကျွေး၍ နေလေသည်။

သတို့သားလုလင် တက္ကသိုလ်ပြန်ရောက်လာ၍ ဆရာကြီးကို မတွေ့ရသောအခါ စုံစမ်းမေးမြန်းပြီး အကြောင်းကိုသိသောအခါ ဆရာရှိရာတောသို့ လိုက်သွား ခဲ့လေသည်။ ဆရာကို တွေ့သောအခါ ရိုသေစွာရှိခိုး၍ ရပ်တည်နေလေသည်။

"အမောင် အဘယ်ကြောင့်လျှင် ငါ့ထံသို့ လျှင်မြန်စွာ လိုက်လာရပါသနည်း"

"ဆရာ-ကျွန်ုပ်ကို ဆရာသည် အသာတမည်သော မန္တန်ကို မသင်ပေးသည် မဟုတ်ပါလော"

"သင်အား - ဤမန္တန်ကို သင်ကြားရန် မည်သူက စေခိုင်းပါသနည်း"

"အကျွန်ုပ်၏အမိသည် စေခိုင်းပါသည်"

"ဤလောက၌ တစ်စုံတစ်ခုသော အသာတမန္တန် မည်သည်မရှိ၊ ဤလုလင်၏အမိသည် ဤလုလင်ကို မိန်းမတို့၏အပြစ်ကို သိစေလိုသည်ဖြစ်လတံ့."

ဟု ကြံစည်မိလေသည်။

www.dhammaransi.com



"ကောင်းပြီ - တပည့်၊ သင့်ကိုအသာတမည်သော မန္တရားကို သင်ပေးအံ့၊ ယနေ့မှအစပြု၍ ငါ၏ အရာ၌တည်၍ ငါ၏အမိကို မိမိလက်ဖြင့် ရေချိုးပေးပါ၊ နံ့သာလိမ်းပေးပါ။ စားစရာသောက်စရာ ပေး၍ လုပ်ကျွေးပါ၊ ငါ၏မိခင်ကို လက်ခြေစသည်တို့ကို ဆုပ်နယ်ပေးလျက် "အရှင်မ အိုခြင်းအရွယ်ရောက်နေသော်မှ အရှင်မ၏ကိုယ်သည် လှပနေဆဲဖြစ်သည်။ ငယ်ရွယ်စဉ် ပျိုစင်ကာလဆိုမူ အလှသည် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"ဟု ဆိုပါ။ လက်ခြေစသည်တို့ကို ဆုပ်နယ်သောကာလ၌ကား လက်ခြေတို့၏အလှကို ချီးမွမ်းစကားကိုဆိုပါ။ သင့်ကို ငါ၏ အမိအိုက ပြန်လည်ပြောဆိုသောစကားတို့ကို ငါ့အား ရှက်ကြောက်မရှိ၊ လျှို့ဝှက်ထိန်ချန်မရှိ ပြန်ပြောပါ။ ဤသို့သင်ပြုလုပ်ပေးလျှင် သင်လိုချင်သော အသာတမန္တရားအတတ်ပညာ ရပါလိမ့်မည်"။

"ဆရာ ကောင်းပါပြီ၊ ကျွန်ုပ်ဆရာဆိုသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ပေးပါမည်"

သတို့သားလုလင်သည် ထိုနေ့မှစ၍ ဆရာပြောပြသောအလုံးစုံသော အမှုတို့ကို ဆောင်ရွက်လုပ်ကိုင် ပေးလေသည်။ ဆရာ့မိခင်အိုကို လုလင်က အဖန်တလဲလဲချီးမွမ်း

www.dhammaransi.com



ပြောဆိုသံကို ကြားရဖန်များသော် မိခင်အိုက-

"ဤလုလင်သည် ငါ့ကိုအဖန်တလဲလဲ ချီးမွမ်းစကား ပြောဆို၏၊ ငါနှင့်ကိလေသာဖြင့် မွေ့လျော်လိုသော ဆန္ဒရှိသည် ဖြစ်လတံ့"

ဟုစဉ်းစားမိလေသည်။ အိုသော ကန်းသော မိခင်အိုတွင် ကိလေသာရာဂသည် ဖြစ်ပေါ်လာလေသည်။

"လုလင်-သင်သည် ငါနှင့်ကိလေသာ မွေ့လျော်ခြင်း ငှာ အလိုရှိပါသလော"

ဟုမေးသည်။

"အရှင်မ-ငါသည် အလိုရှိပါ၏။ သို့သော် ဆရာကို ကား ကြောက်ရပါ၏"

"လုလင်-သင်သည်ငါ့ကို အကယ်၍ အလိုရှိငြားအံ့ ငါ့သားကိုသတ်ပါလော့"

"အရှင်မ- ကျွန်ုပ်သည် ဆရာ့ထံ၌ ဤမျှအတတ် သညာတို့ကို သင်ယူခဲ့ပါ၏။ ကိလေသာကိုမှီလျက် အဘယ်အကြောင်းဖြင့် သတ်ရပါအံ့နည်း"

"ကောင်းပြီ-သင်ကသာ ငါ့ကိုစွန့်မသွားဘူးဆိုလျှင် သားကိုငါကိုယ်တိုင်သတ်ပေးမည်"

www.dhammaransi.com



ဤသို့လျှင် မိန်းမတို့မည်သည်ကား ဆင်းရဲကို ပေးတတ်ကုန်၏။ ယုတ်မာကုန်၏။ ထိုသို့သောအရွယ်ပင် ရှိစေကာမူ ရာဂကိလေသာစိတ်ကို ဖြစ်စေ၍ ကိလေသာ အစဉ်လိုက်တတ်ကုန်၏။ ဤသို့ကိလေသာစိတ်ဝင်လာက ကျေးဇူးရှိခဲ့သောသားကိုပင် သတ်လိုသည်ဖြစ်ကုန်၏။

သတို့သားလုလင်သည် ထိုအကြောင်းတို့ကို ဆရာ့ အားပြောပြသည်။ ဆရာသည်တပည့်အား ကောင်းပြီဟု ပြော၍ မိမိမိခင်၏အသက် အပိုင်းအခြားကိုကြည့်သည် ရှိသော် ယနေ့ပင်သေမည်အဖြစ်ကိုသိသည်။

"လုလင်လာလော့-မိခင်၏စိတ်ဓာတ်ကို စုံစမ်းအံ့"

ဟု ဆရာသည်တပည့်လုလင်ကိုခေါ်ကာ ရေသဖန်းပင်ကို မိမိခန္ဓာကိုယ် အတိုင်းအတာတိုင်း ဖြစ်စေသည်။ မိမိပုံသဏ္ဌာန် ပြုလုပ်စေပြီး အိပ်ရာပေါ်တွင် စောင်ခြုံအိပ်နေသည့်သဏ္ဌာန် ပြုလုပ်စီမံထားသည်။ ကြိုးတန်းလည်း တန်းထားသည်။

"အမောင်.ပုဆိန်ကိုယူ၍ အမိကိုအမှတ်ပေးပါ လော့"

ဟု စေခိုင်းလိုက်သည်။

ပသည့်သည် အဖွားအိုထံသို့သွား၍-

"အရှင်မ---ဆရာသည် သစ်ရွက်မိုးသောအိမ်ဝယ်

www.dhammaransi.com



မိမိအိပ်ရာထက်၌ အိပ်နေပြီ။ ငါသည်ကြိုးတန်းကို ပြုလုပ်ခဲ့ပြီးပြီ။ ဤပုဆိန်ကိုယူ၍ အကယ်၍ တတ်နိုင်လျှင် သွား၍ သတ်ပါလေ"

ဟု ပြောသည်။

"သင်သည် ငါ့ကိုစွန့်ခွာပစ်သွားမည်လော"

အဖွားအိုက တဏှာကိလေသာလွှမ်းသောစိတ်ဖြင့် လုလင်ကိုထပ်မံမေးပြန်သည်။

"အရှင်မ အဘယ်ကြောင့် စွန့်ပယ်သွားရမည်နည်း၊ စွန့်ပယ်၍ မသွားပါ"

"ကောင်းပြီ၊ ဒါဆိုလျှင် ငါ့သားကို ငါကိုယ်တိုင် သတ်မည်"

အမယ်အိုသည် ပုဆိန်ကိုယူ၍ တုန်တုန်လှုပ်လှုပ် ထလျှက် ကြိုးကိုဆွဲကာသွားပြီးလျှင် လက်ဖြင့်စမ်းကာ-

"ဤသူသည် ငါ့သားတည်း"

ဟူသောအမှတ်ဖြင့် အပေါ်ဖုံးအဝတ်ကိုဖယ်၍ တစ်ချက်တည်းဖြင့် သေစေအံ့ဟူသောစိတ်ဖြင့် လည်ပင်းကိုမှန်းကာ ခုတ်ချလိုက်လေသည်။

ခုတ်လိုက်သောအခါ ဒုတ်-ဒုတ် ဟူသောအသံသည်

www.dhammaransi.com



ထွက်ပေါ်လာသည်။

ထိုအချိန်မှာပင် ဆရာက-

"အမိ-အဘယ်သို့ ပြုပါသနည်း"

ဟုမေးလိုက်သည်။

"ငါသည် လှည့်စားခံရသည်ဖြစ်ပြီ"

ဟု အမယ်အိုသည် သိရှိပြီး ရှက်ကြောက်ဖြစ်ကာ ချက်ခြင်း သေဆုံးလေတော့သည်။

ဆရာသည် အမိအိုသေသည် အဖြစ်ကိုသိသော အခါ ကောင်းစွာသင်္ဂြိုဟ်ပူဇော်ခြင်းကို ပြုသည်။

ထိုနောက်တပည့်ကိုခေါ်ကာ-

"တပည့် ---အသာတမန္တရားမည်သည် သီးခြားမရှိ၊ မိန်းမတို့မည်သည်ကား အသာတမည်ကုန်၏။ အသာတမန္တရားကို သင်ချေလော့ဟု ငါ့ထံသို့စေ သော သင်၏အမိသည် မိန်းမတို့၏အပြစ်ကို သိစိမ့် သောငှာ စေခြင်းဖြစ်၏။ ယခုခါသင်သည် မျက် မှောက်လျှင် အမိအို၏ အပြစ်ကို မြင်ရပြီး ဤသို့ သောအကြောင်းကြောင့် မိန်းမတို့သည် ဆင်းရဲကို ပေးတတ်ကုန်၏။ ယုတ်မာကုန်၏၊ ဤသို့သိပါလေ လော"

www.dhammaransi.com



ဟု ပြောဆိုဆုံးမကာ ပြန်လွှတ်လိုက်လေသည်။

ထိုတပည့်လုလင်သည် မိဘတို့ထံ ပြန်လည်ရောက်ရှိလာသောအခါ အိမ်ရာတည်ထောင်မပြုတော့ဘဲ တောထွက်၍ မီးကိုလုပ်ကျွေးသော ရသေ့ရဟန်းပြု၍ နေတော့သည်။

ဤအဖြစ်အပျက်တွင် ဆရာသည် မိမိ၏တပည့်အတတ်ပညာ တတ်ကျွမ်းစေလိုမှုနှင့် ပတ်သက်၍ မိမိမွေးမိသခင်ကျေးဇူးရှင်ကိုပင် ပညာသင်အသုံးခံပစ္စည်းအဖြစ်အသုံးပြုပြီး တပည့်ကိုလက်တွေ့ပညာသင်ပေးခဲ့သည်။ ဆရာ၏ မေတ္တာစေတနာ အနစ်နာ အတိုင်းအတာသည် အတိုင်းမရှိ အနှိုင်းမရှိပင် ဖြစ်ပါတော့သည်။

(ဏ္ဍတ္တိဝဂ် အသာတမန္တ ဇာတက)

www.dhammaransi.com



# ဆရာသည် တပည့်ထက် လက်စောင်းထက်ရမည်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလ ဖြစ်သည်။ ဒိသာပါမောက္ခဆရာတစ်ဦးထံ၌ တပည့်ငါးရာ တို့သည် ပညာသင်ကြားလျက်ရှိသည်။ ဆရာသည် မိမိ တတ်သိသော အတတ်ပညာတို့ကို ဆရာစားမချန် အလုံးစုံ သင်ပေးခဲ့သည်။

ထိုအခါ တပည့်များသည် တပည့်၌မန်တက်ကာ ဆရာသည်လည်း ဤမျှသာတတ်သည်။ ငါတို့လည်း ယခု ဤမျှတတ်ပြီး ဆရာတပည့်ခွဲခြားစရာ မလိုတော့။ ဆရာ အားလည်း ဆရာအနေနှင့် ပြုစုစရာမလိုတော့။

ဤသို့လျှင် မာနတက်ကြပြီးလျှင် ဆရာထံသို့ မသွားကြတော့၊ ဝတ်ကြီးဝတ်ငယ်များလည်း မပြုကြ တော့ချေ။

တစ်နေ့သောအခါ ဆရာသည် ဆီးပင်ရင်း၌ ထိုင်နေစဉ် တပည့်တို့သည် ဆရာကိုကဲ့ရဲ့လိုသည်ဖြစ်၍ ဆီးပင်ကို လက်သီးဖြင့်ခေါက်ကာ-

"ဤသစ်ပင်သည် အနှစ်မရှိသည်သာလျှင်တည်း" ဟုပြောဆိုလျက်နေကြသည်။

ဆရာသည်တပည့်များက မိမိကို မထေမဲ့မြင်ပြု သည်၊ အပြစ်ကဲ့ရဲ့သည် အဖြစ်ကိုသိ၍-

www.dhammaransi.com



"တပည့်တို့-သင်တို့ကို ငါသည် ပြဿနာတစ်ခုမေးမည်၊ ဖြေကြမည်လော" ဟုမေးလိုက်သည်။

"မေးပါ-ဖြေကြားပါမည်"

ဟုတပည့်တို့က ဆရာမေးတာကို အရေးမစိုက်လောက်သောသဘောဖြင့် ပြန်ပြောကြသည်။

"တပည့်တို့-ကာလသည် မိမိအတူတကွ ၊ ၊ ၊ ုးစုံသာလျှင်ဖြစ်သော သတ္တဝါတို့ကိုစား၏။ အကြင်သတ္တဝါသည်ကား ကာလကိုစား၏၊ ထိုသတ္တဝါသည် သတ္တဝါတို့ကို ကျက်စေတတ်သော တဏှာတည်းဟူသောမီးကို ဉာဏ်တည်းဟူသော မီးဖြင့်လောင်မြိုက်စေ၏။ ဤသတ္တဝါသည်အဘယ်နည်း"

တပည့်တို့သည် ထိုပြဿနာ၏အဖြေကို စဉ်းစားကြသည်။ တစ်ဦးတစ်ယောက်မျှ မဖြေနိုင်ကြချေ။

ထိုအခါ ဆရာက-

တပည့်တို့-အတတ်ပညာတို့သည် ဗေဒင်သုံးပုံ၌သာရှိသည်ဟူ၍ အမှတ်မပြုလင့်၊ သင်တို့သည် ဆရာသိသမျှငါတို့သိ၏ဟု ထင်မှတ်ကာ သင်တို့သည် ငါ့ကိုဆီးပင်နှင့်တူ၏ဟု ကဲ့ရဲ့ပြစ်တင်ပြောဆိုကြ၏။ သင်တို့ထက် သင်တို့ဆရာငါသည် များသောအကြားအမြင် ဗဟုသုတရှိသည်ကို သိကြကုန်လော့၊ ယခုဤပြဿနာကို(၇)ရက် အချိန်ပေးမည်၊

www.dhammaransi.com



ဤပြဿနာအဖြေကို စဉ်းစားပြီး ရအောင် ထုတ်ယူကြပါကုန်"

ဟု ပြောဆိုပြီး ပြန်လွှတ်လိုက်လေသည်။

တပည့်များသည် ဆရာကိုရှိခိုးပြီးလျှင် မိမိတို့၏နေရာအသီးသီးသို့ ပြန်သွားကာ ထိုပြဿနာ၏အဖြေကို ခုနစ်ရက်ပတ်လုံးစဉ်းစားဆင်ခြင်ကြသည်။ စဉ်းစားအဖြေထုတ်၍မရကြပေ။ ခုနစ်ရက်စေ့သောအခါ ဆရာထံသို့ ပြန်သွားပြီး ဆရာကို ရှိခိုးကာနေကြသည်။

"တပည့်တို့ ပြဿနာ၏အဖြေကို ရရှိကြပြီးလော"

"ဆရာအဖြေမရနိုင်ကြပါ"

"လည်တို့၌စွပ်အပ်သော ပွားကုန်သော အမွေးရှိကုန်သော များစွာသောလူတို့၏ ဦးခေါင်းတို့သည် ထင်ကုန်၏၊ ဤဦးခေါင်းတို့ဟွင် တစ်ခုသောဦးခေါင်းသည်သာလျှင် သိတတ်သောနားရှိ၏"

ထိုအဖြေစကားကို ကြားကုန်သော တပည့်တို့သည်

"ဆရာသည် အံ့ဖွယ်ရှိပေစွတကား"

ဟု မြည်ဆိုကာ မိမိတို့တွင်ရှိသောမန်ကိုပယ်ကြပြီး ဆရာကို ရှိခိုးကာ ယခင်ကအတိုင်းပင် ရိုသေခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းတို့ကို ဆောင်ရွက်ကြတော့သည်။

**ဆရာဟူက ဘယ်သောအခါမျှ မတုပကြလေရာ။**

(မူလပရိယာယဇာတ်၊ ဒုကနိပါတ)

## တပည့်၏ အနာဂတ်နှင့်ဆရာ၏ မေတ္တာဓာတ်

ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလ ဖြစ်သည်။ တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာ တစ်ဦးသည် များစွာကုန်သော မင်းသား-ပုဏ္ဏားသားတို့ကို အတတ်ပညာသင်ပေးလျက် ရှိပါသည်။

ဗာရဏသီမင်း၏သားသည် အသက်(၁၆)နှစ် ပြည့်သောအခါ ဒိသာပါမောက္ခဆရာထံသို့ လာရောက်၍ ဗေဒင်သုံးပုံနှင့်တကွ(၁၈)ရပ်သော အဋ္ဌာရသပညာတို့ကို သင်ယူသည်။

အတတ်ပညာသင်ယူသပြီး၍ မိမိရပ်ထံပြန်ရန် ဆရာထံ လာရောက်ခွင့်ပန် နှုတ်ဆက်ကန်တော့သည်။

ဆရာသည် ထိုတပည့်ကိုမိမိ၏ အင်္ဂဝိဇ္ဇာအတတ်ဖြင့် မင်းသားကို လေ့လာစစ်ဆေးအကဲခပ်မိသည်။

“ဤမင်းသားသည် မင်းဖြစ်သောအခါ မိမိ၏သားကို အမှီပြု၍ အသက်အန္တရာယ်ဖြစ်ပေလိမ့်မည်။ငါသည် ဤမင်းသားကို အန္တရာယ်မရောက်သည်ကို ပြုအံ့” ဟုကြံစည်ပြီးနောက် တပည့်မင်းသားကို ဤသို့မှာကြားပြီး ဂါထာ(၄)ဂါထာကို သင်ပေးသည်။

“မင်းသား---သင့်အား သားကိုအမှီပြုပြီး အသက်

www.dhammaransi.com



အန္တရာယ်ရှိရာ၏၊ သင်သည် ယခုငါသင်ပေးအပ်သော ဂါထာလေးပုဒ်တွင် တစ်ပုဒ်ကို သင်မင်းဖြစ်၍ သင်၏သားအသက်(၁၆)နှစ် ရှိသောကာလရောက်သော် ထမင်းစားစဉ်တွင် ရွတ်ပါ။ နှစ်ခုမြောက်သော ဂါထာကို ခံ,စားသောကာလ၌ ရွတ်ပါ။ သုံးခုမြောက်သောဂါထာကို ပြာသာဒ်သို့တက်လတ်သော် လှေကားထိပ်ဦး၌ရပ်၍ ရွတ်လေလော့၊ လေးခုမြောက်သော ဂါထာကို အိပ်ရာကြက်သရေတိုက်သို့ ဝင်လတ်သော် တံခါးခုံ၌ရပ်၍ ရွတ်လော့"

"ဆရာအရှင် ကောင်းပါပြီ"

တပည့်မင်းသားသည် ဤသို့ဝန်ခံပြီးလျှင် မိမိနေရာ ဗာရာဏသီပြည်သို့ ပြန်သွားခဲ့သည်။ ဗာရာဏသီသို့ ပြန်ရောက်သော် အိမ်ရှေ့မင်းအရာကို ပေးအပ်ခံရပြီးနောက် မကြာခင်ဗာရာဏသီမင်းအဖြစ်ကို ရရှိနန်းစံရလေသည်။

မင်းအဖြစ်ရရှိပြီး မကြာခင် မိဖုရားကြီးမှ သားတော်တစ်ပါး ဖွားမြင်လာခဲ့သည်။

ထိုမင်းသား အသက်(၁၆)နှစ်ရှိသောအချိန်ဝယ် ဖခမည်းတော်မင်း၏ ဥယျာဉ်ကစားခြင်းစသော အရှိန်အဝါ စည်းစိမ်ကြက်သရေ တန်ခိုးအာဏာတို့ကို မြင်လတ်သော်

www.dhammaransi.com



အဖကိုသတ်၍မင်းအဖြစ်ကို ရယူလိုသောစိတ်များပေါ်လာသည်။

သို့အတွက် မင်းသားငယ်သည် မိမိ၏အလုပ်အကျွေးများကို ပြောပြပြီးသည် အလုပ်အကျွေးများကလည်း-

"မင်းသား ကောင်းသည် အိုသောကာလ၌ ရအပ်သော စည်းစိမ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ တစ်စုံတစ်ခုသော ဥပါယ်ဖြင့် မင်းကိုသတ်၍ မင်းအဖြစ်ကို ယူခြင်းငှာ သင့်ပါသည်"

ဟု အားပေးအားမြှောက်ပြုကြသည်။

"ငါသည် ဖခမည်းတော်နှင့် ယနေ့ ထမင်းအတူတူ စားမည်၊ စားစဉ်အဖ၏ ထမင်းသို့ အဆိပ်ထည့်၍ သတ်မည်"

မင်းသားသည် ဤသို့စဉ်းစားဆုံးဖြတ်ပြီး ဖခင်နှင့် ညစာအတူတူစားသည်၊ စားစဉ်အဆိပ်ကို ဖခင်အလစ်၊ ဖခင်၏ ထမင်းခွက်၌ထည့်ရန် အသင့်ကိုင်ထားပြီး စောင့်နေသည်။

"ကြွက်တို့အား ထုသောဖွဲသည် အမိုက်အမှောင်၌လည်း ဖွဲ့အဖြစ်ဖြင့် ထင်ရှား၏။ ဆန်သည်လည်း ဆန်အဖြစ် ထင်ရှား၏၊ ဖွဲတိုင်းဖွဲတိုင်းကို ကြဉ် ၍ ဆန်ကိုသာလျှင် စားကုန်၏"

www.dhammaransi.com



မင်းကြီးက မင်းသားအခြေအနေပျက်သည့် အမူအရာကိုကြည့်ပြီး ဆရာသင်ပေးလိုက်သော ပထမဂါထာကို ရွတ်ဆိုလိုက်သည်။

မင်းသားငယ်သည် ငါ၏အကြံကု အဖသိချေပြီးဟု ထင်ကာ ကြောက်ရွံ့ပြီး အဆိပ်ကို ထမင်းခွက်၌ မချဝံ့တော့ဘဲ ထမင်းကို မစားတော့ဘဲ ထ, ကာ အဖကိုရှိခိုးပြီး ထိုနေရာမှ ထွက်ခွါပြေးခဲ့သည်။

ထိုအကြောင်းကို မိမိ၏အလုပ်အကျွေးများကို ပြောပြတိုင်ပင်ပြန်သည်။ မင်းသားနှင့် အလုပ်အကျွေးတို့သည် ဥယျာဉ်၌ လျှို့ဝှက်စွာဆွေးနွေးကြပြန်သည်။

"သန်လျက်ကိုဖွဲ့၍ ကြီးစွာသောမင်းပွဲသဘင် ခ, စားခြင်းသို့ရောက်သောကာလ၌ အမတ်တို့၏အတွင်း၌ နေပြီး မင်းကြီးမေ့လျော့အမှတ်တမဲ့ဖြစ်စဉ် သန်လျက် ဖြင့်ရုတ်တရက် ထခုတ်၍ သတ်ကာအောင်မြင်နိုင် ပါသည်"

ဟု အကြံပြုကြပြန်သည်။

မင်းသားသည် သဘောတူ၍ကြီးစွာသော မင်းပွဲသဘင်ခ,စားအံ့သောနေ့ရောက်လတ်သော် သန်လျက်ကို ဝှက်ယူလာပြီး ထိုမှဤမှ လှည့်လည်လျက် မင်းကြီးကို

www.dhammaransi.com



သတ်ခွင့်ရရန် အခွင့်အခါကို စောင့်နေလေသည်။

"ညယျာဉ်၌လည်းကောင်း၊ ရွာ၌လည်းကောင်း၊ နား ရင်း၌ကပ်၍ တိုးတိုးလျှို့ဝှက်တိုင် မင်းချင်းသည်ရှိ၏၊ ထိုတိုင်ပင်မှုများသည် ငါ့ကိုသတ်အံ့သောငှာ တိုင် ပင်သော အမှုများသာဖြစ်သည်၊ ထိုအလုံးစုံကို ငါ သည်သိနေပါ၏"

ဟု မင်းကြီးက ဒုတိယဂါထာကို ရွတ်ဆိုလိုက်ရာ မင်းသား သည် ငါ၏ဖခင်သည် ငါ၏အကြံကိုသိနေပြီးဟု စိုးရိမ်စိတ် ဖြစ်ကာ ထိုအနီးအနားမှလွတ်ခွာသွားပြီး အပေါင်းပါများကို အကြောင်းစုံပြောပြသည်။ ခုနစ်ရက် ရှစ်ရက်လွန်သော် မင်းကြီးထံမှ မည်သို့သောတုံ့ပြန်မှုမျှမလာ၍ အပေါင်းအဖော် များက အကြံပြုတိုက်တွန်းကြပြန်သည်။

"အရှင့်သား--အရှင့်သား၏ခမည်းတော်သည် အရှင် သားကို ရန်သူအဖြစ်မသိသည်က မှန်ပါ၏၊ နောက် တစ်မျိုးကြံ၍ သတ်ရန်စီမံပါလေ"

မင်းသားငယ်သည် ဖခင်ကိုသတ်ရန် အကြံထုတ်ပြန် သည်၊ ဖခင်သည် စောင်းတန်း၌ တစ်ဦးတည်းလမ်းလျှောက် လေ့ရှိသည်။ ထိုနေရာ၌ တစ်နေရာ၌ ပုန်းကွယ်နေပြီး သတ်က ရနိုင်၏ဟု ကြံစည်မိသည်။

www.dhammaransi.com



တစ်နေ့တွင် မင်းသားသည်စောင်းတန်းဦး၌ ပုန်းကွယ်လျက် ဖခင်၏အရိပ်အခြေကို အကဲခတ်ကြည့်နေသည်၊ ဖခင်မင်းကြီးသည် လမ်းလျှောက်ပြီး အဟန်ငယ်ညောင်း၍ စောင်းတန်းဦး၌ရပ်ကာ တတိယမြောက်ဂါထာကို ရွတ်ဆိုမိလေသည်။

"အဖဖြစ်သော မျောက်သည် သားငယ်မျောက်၏ မျိုးစေ့ကို သဘောအားဖြင့်ငယ်စဉ်ကပင် သွားတို့ဖြင့် ကိုက်ဖြတ်သည်ဖြစ်၍ ယောကျ်ားအဖြစ်ကို ဖျက်ဆီး၏"

မင်းသားသည် ထိုဂါထာကိုကြားသော် ခမည်းတော်သည် ငါ့အကြံကိုသိ၍ ငါ့ကိုဖမ်းလိုသည် ဖြစ်ရာ၏ဟု တွေးတောကြောက်လန့်ပြီး မိမိ၏အပေါင်းအဖော်များ စောင့်ဆိုင်းနေရာသို့ ပြန်ပြေးသွားသည်။

"ခမည်းတော်သည် ငါ့ကိုခြိမ်းခြောက်စကားဆို၏" ဟု ပြောပြသည်။ အပေါင်းအဖော်တို့က အခြေအနေကို စောင့်ကြည့်ရန် အကြံပြုကြသည်။

လဒ္ဓလွန်သော် အခြေအနေအကြောင်းမထူးသည်ကို တွေ့ကြ၍-

"မင်းသား---သင်၏ခမည်းတော်သည် သင်လုပ်ကြံ

www.dhammaransi.com



သည်ကိုမသိ၊ အကယ်၍ သိပါက ယခုလောက်ဆို
သင့်ကို ဖမ်းဆီးညှင်းဆဲနှိပ်စက်သတ်ဖြတ်ပြီး ဖြစ်ရာ
၏။ မင်းသားသည် တစ်မျိုးတစ်ဖုံကြံပြီး မင်းကြီးကို
သတ်ပါလေ"

ဟု အကြံပြုကြသည်။

မင်းသားသည် မင်းကြီးကို အိပ်ရာခန်း ပလ္လင်ထက်၌ သတ်ရန်ကြံစည်မိပြီး တစ်နေ့တွင် မင်းကြီးအိပ်ယာတိုက်ခန်း ပလ္လင်အောင်၌ သန်လျက်ကိုင်ပြီး ပုန်းအောင်းနေသည်။

မင်းကြီးသည် ညညီလာခံပြီးသော် အိပ်အံ့ဟုဆိုပြီး မိမိ၏အသရေရှိသော တိုက်ခန်းသို့ဝင်ရန် အပေါက်ဝ ရောက်သော် ဆရာမှာကြားသောစကားကို သတိရပြီး စတုတ္ထဂါထာကို ရွတ်ဆိုလေသည်။

"သင်သည်- မုန်ညှင်းခင်းသို့ဝင်သောကာလ၌ ဆိတ်
ကန်းကဲ့သို့ ကြောက်ခြင်းကြောင့် ထိုမှဤမှ လှုပ်ရှား
၏၊ ယခုအခါ၌ သတ်အံ့ဟူ၍ ပလ္လင်အောက်၌
အကြင်အိပ်ခြင်းကို ပြုနေ၏။ ထိုအလုံးစုံကို ငါသည်
သိနေပါ၏။"

မင်းကြီးက သား ပလ္လင်အောက်မှာ မိမိကိုသတ်ရန် ပုန်းနေသည့်အခြေအနေမှန်ကို မသိပါဘဲလျက် ဂါထာကို

www.dhammaransi.com



ရွတ်ဆိုလိုက်ရာ သတ်ရန်တကယ်စောင့်နေသော သားသည် ထိုအဓိပ္ပါယ်ကိုသိပြီး မင်းကြီး-ငါ့အကြောင်းကို သိနေပြီးဟု ထင်ကာ ကြောက်လန့်ကာ ပလ္လင်အောက်မှ ထွက်လာပြီး လျှင် ခမည်းတော်၏ခြေရင်း၌ ရှိခိုးကာ-

"ကျွန်ုပ်အား သည်းခံပါလော့"

ဟုဆိုကာ ပန်ချတောင်းပန်စကား ဆိုလေသည်။

"သင်ကား---ငါပြုသောအမှုကို ဘယ်သူမှ မသိဟု ထင်မှတ်ပြီး ကြံစီ၏၊ သင်၏အကြံအစည်ကို ငါသည် သိနေ၏"

ဟု ပြောဆိုခြိမ်းခြောက်ကာ သားကိုသံခြေကျင်းဖြင့်ဖွဲ့၍ နှောင်အိမ်၌သွင်းကာ အစောင့်အရှောက်ဖြင့် ထားလေတော့ သည်။

မင်းကြီး နှုတ်ရွာစံပြီးမှသာ သားတော်အချုပ်နှောင် က လွတ်ပြီး ထီးနန်းအရိုက်အရာကို ဆက်ခံစေသည်။

ဤတွင် ဆရာ၏ တပည့်အပေါ် အမြော်အမြင် ကြီးစွာဖြင့် စောင့်ရှောက်မှုသည် ဆရာ၏ကြီးစွာသော ကရုဏာ မေတ္တာစေတ်ကြီးမားကြောင်းနှင့် တပည့်၏ အသက်ကိုပင် အကာကွယ်ပေးခဲ့ကြောင်း ထင်ရှားပါသည်။

(စတုတ္ထနိပါတ်ကောလိယဝဂ် ထုသဇာတက)

www.dhammaransi.com



## တပည့်တွက်တာ နှောင်ကျိုးမှာ ဆုံးမသည့် ဖြတ်ဆရာ

တာရဏသီပြည့် ဗြဟ္မဒတ်မင်း၌ ဗြဟ္မဒတ္တမည်သော သားတော်တစ်ပါး ရှိသည်။ ထိုသားတော် ပညာသင်ချိန် ရောက်သော် ခမည်းတော်သည် မိမိသားတော် မာနကင်းစေရန် အချမ်းအပူကို သီးခံနိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် မိမိမြို့၌ရှိသော ဆရာထံတွင် ပညာမသင်စေဘဲ အဝေးမြို့ရှိ ဆရာထံသို့ ပညာသင်စေလွှတ်ရန် စီမံသည်။

မင်းကြီးသည်သားကို ခေါ်ယူတွေ့ဆုံကာ တစ်လွှာ ဖိနပ်၊ သစ်ရွက်ထီး အသပြာတစ်ထောင် ဆရာအား ပူဇော်ရန်ပေးပြီး တက္ကသိုလ်သို့ ပညာသွားရောက် သင်ယူရန် ပြောကြားသည်။

ဗြဟ္မဒတ္တမင်းသားသည် ဖခင်၏အစီအမံကို ငြင်းဆန်ခြင်း မပြုဘဲ တက္ကသိုလ်ပြည်သို့သွားခဲ့သည်။ တက္ကသိုလ်ပြည် သို့ရောက်သော် ဆရာအိမ်ကို စုံစမ်းသွားပြီး ဆရာထံ ရှိခိုးကာ ရပ်တည်သည်။

"အမောင်---အဘယ်အရပ်က လာပါသလဲ"

"တာရဏသီပြည်မှ လာပါသည်"

"အဘယ်သူ၏ သားနည်း"

"တာရဏသီမင်း၏ သားဖြစ်ပါသည်"

www.dhammaransi.com



"အဘယ်ကိစ္စကြောင့် လာပါသနည်း"

"ပညာသင်ယူလို၍ လာပါသည်"

"ထိုသို့ဆိုကား ဆရာ၏ပညာသင်ခအဖို့ကို ယူခဲ့ပါသလော၊ (သို့မဟုတ် )ပညာသင်တပည့် (ဓမ္မန္တေဝါသိက)ခံလိုပါသလော"

"ဆရာ အဖို့ကိုယူခဲ့ပါသည်"

(ပညာသင်တပည့်ဟူသည် နေ့အခါဆရာ၏ အိမ်မှုကိစ္စအဝဝကို ပြုလုပ်ရပြီး ညဉ့်အချိန်စာသင်ခွင့်ရသည်။ စာသင်အဖိုးအခ မပေးရသော တပည့်မျိုးဖြစ်သည်။ ပညာသင်အဖိုးအခပေးသူမှာ သားကြီးကဲ့သို့ အလုပ်,မလုပ်ရဘဲ အတတ်ပညာသက်သက်သာ သင်ယူကြရသည်။)

ဗြဟ္မဒတ္တမင်းသားသည် ဆရာအဖို့ ဉာဏ်ပူဇော်ခ (၁၀၀၀)ကို ပူဇော်လိုက်သည်။

ဆရာသည် ဗြဟ္မဒတ္တမင်းသားကို ကောင်းသောနက္ခတ်အချိန်နှင့်တိုက်၍ ပညာသင်ကြားပေးလေသည်။

တစ်နေ့သောအချိန်တွင် ဆရာသည် တပည့်အပေါင်းနှင့်အတူ ရေချိုးရန် ရေချိုးဆိပ်သို့သွားသည်။

လမ်းခရီးတစ်နေရာ၌ အမယ်အိုသည် နှမ်းတို့ကို အဖြူချွတ်၍ ဖြန့်နေလှမ်းလျက် စောင့်နေသည်။ ဗြဟ္မဒတ္တ

www.dhammaransi.com



မင်းသားသည် ထိုနှမ်းတို့ကိုမြင်ရလျှင် စားလိုသောဆန္ဒ ပြင်းပြသည်ဖြစ်၍ တစ်ဆုပ်ကောက်ယူကာ စားလိုက်သည်။

အဖွားအိုသည် မြင်သော်လည်း ချင်ခြင်းတပ်၍ စားသည်ဖြစ်မည်ဟုဆိုကာ ဘာမျှမပြောဘဲ နေလိုက်သည်။

နောက်နေ့တွင်လည်း မင်းသားသည် အလားတူ ယူစားပြန်သည်။ အဖွားအိုက ဘာမျှမပြောချေ။ တတိယနေ့ ဆက်လက်ကောက်ယူစားသော် အဖွားအိုသည်-

"ဒိသာပါမောက္ခဆရာသည် မိမိ၏တပည့်တို့ကို ငါ့ကိုလုယက်စေ၏"

ဟု အော်ဟစ်ငိုယိုပြောဆိုလေသည်။

ထိုအသံကိုကြား၍ ဆရာသည် ပြန်လှည့်လာကာ

"မိခင်---ဤအမှုကား အသို့နည်း"

ဟု မေးသည်။

"အရှင်---အရှင်၏တပည့်သည် ယနေ့နှမ်းတစ်ဆုပ် ယမန်နေ့က နှမ်းတစ်ဆုပ်၊ တမြန်နေ့က နှမ်းတစ်ဆုပ် ကို ယူ၍စားနေပါ၏။ ဤသို့စားသော် ကျွန်ုပ်၏ ဥစ္စာအလုံးစုံ ကုန်လတံ့ မဟုတ်ပါလော"

ဟုပြောကြားသည်။

www.dhammaransi.com



"မိခင်---မငိုလင့် သင့်အားအဖိုးကို ပေးပါအံ့"

"အရှင် ကျွန်ုပ်ကား အဖိုးဖြင့်အလိုမရှိပါ။ ဤလုလင်ကို နောင်တစ်ဖန် ဤအမှုမပြုရန်သာ ဆုံးမပေးပါ"

"မိခင်---ထိုသို့ဆိုကာ ကြည့်ပါလော့"

ဆရာသည် ထိုဗြဟ္မဒတ္တမင်းသားအား တပည့်နှစ်ယောက်ကို ချုပ်ကိုင်စေပြီး ဝါးကြမ်းစိပ်ဖြင့် "နောင်ဤသို့မပြုလင့်"ဟု ဆို၍ သုံးကြိမ်ရိုက်နှက်လိုက်လေသည်။

မင်းသားသည် ဆရာကို မျက်နှာမှ ခြေဖျားအထိ ခြေဆုံးခေါင်းဆုံးကြည့်ကာ မျက်ထောက်နီ၍ ဒေါသအမျက်ထွက်သော အမူအရာဖြင့်ကြည့်သည်။

ဆရာသည် တပည့်ကိုရိုက်နေစဉ်မှာပင် တပည့်၏ အမူအရာကို အကဲခပ်ကြည့်ရာ မိမိကိုမျက်ထောက်နီဖြင့် မကြေမနပ်ပြန်ကြည့်သည်ကို သတိပြု မြင်မိသည်။

ဗြဟ္မဒတ္တမင်းသားသည် ဆရာအပေါ်၌ ထိုအညိုးကို အမြဲစိတ်ထဲ စွဲထားခဲ့သည်။

အတတ်ပညာစုံလင်ပြီးသော် မိဘရပ်ထံ ဗာရာဏသီသို့ပြန်ခဲ့သည်။ မိမိကိုရိုက်နှက်ဆုံးမခဲ့သော ဆရာကိုလည်း မိမိမင်းဖြစ်က မိမိထံဖိတ်ကြား၍ ဂလုံစားချေ သတ်မည်ဟု စိတ်ယုတ်မာစွဲ စွဲနေခဲ့သည်။

www.dhammaransi.com



မကြာခင် မိမိ၏ဘခင်က မိမိကို အိမ်ရှေ့မင်းအရာပေးပြီး ဘခင်နတ်ရွာစံသောအခါ ဗာရာဏသီထီးနန်းကို ဆက်ခံရသည်။ မိမိမင်းဖြစ်လျှင် မိမိကို ပညာသင်စဉ်က ဝါးခြမ်းပြားဖြင့် ရိုက်ခဲ့သောဆရာကို မိမိထံဖိတ်ခေါ်ပြီး ဂလဲ့စားချေသတ်ဖြတ်ရန်ကို ဆောင်ရွက်သည်။

ဆရာထံသို့ လက်ဆောင်ပဏ္ဏာများပို့ပြီး မိမိထံ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားလိုက်သည်။ ဆရာကလည်း ထိုမင်း မိမိကို အညိုးထားခဲ့သည်ကိုသိသည်။ သို့တွက် ဤမင်းဖြစ်ကာစ ငယ်ရွယ်စဉ်အချိန် ငါမသွားလို၊ သူ့ဘဝ ဒုတိယအရွယ်ရောက်မှသာ ငါသွားမည်ဟု ဆရာကလည်း ဆုံးဖြတ်ပြီး ပထမအကြိမ် ဖိတ်ကြားချက်ကို ငြင်းပယ်လိုက်သည်။

ဗာရာဏသီမင်းသည် ဆရာအပေါ်၌ ထိုအညိုးကို မမေ့ချေ။ နောက်သုံးလေးနှစ်ကြာသော် လက်ဆောင်ပဏ္ဏာများပို့ပြီး ထပ်မံဖိတ်ကြားလိုက်ပြန်သည်။

ထိုအချိန်၌မူ ဆရာသည် အမျက်ပြေလောက်ပြီး ထင်၍ ဗာရာဏသီသို့ လာခဲ့သည်။ မင်းထံဝင်ရောက်သည်။ မိမိလာကြောင်းကိုလည်း မင်းအားလျှောက်ထား အကြောင်းကြားစေသည်။

www.dhammaransi.com



မင်းသည် ဆရာလာသည်ကိုကြားလျှင် ခေါ်စေသည်။ ဆရာကိုမြင်သောအခါ အမျက်ပြန်ဖြစ်ပြီး မျက်ထောက်နီဖြင့်ကြည့်ကာ-

"ဆရာပုဏ္ဏား---သင်သည်နှမ်းတစ်ဆုပ်ကြောင့် ငါ့ကို ကျောင်းသားအလယ်၌ ရိုက်နှက်ခဲ့သည်ကို ယနေ့ထိ ငါမမေ့၊ ယနေ့အဖို့ သင်၏သေလမ်းကို သင်လာရောက်ခြင်း ဖြစ်လေသည်"

ဟု ဆီး၍ပြောလေသည်။

မင်း၏သဘောဖြင့် ခြိမ်းခြောက်၍ဆိုသော စကားကို ကြားသောဆရာသည် ကြောက်ရွံ့တုန်လှုပ်မှု မရှိဘဲ-

"မင်းမြတ် --- မြတ်သော အကျင့်ရှိသောသူသည် မမြတ်သောအကျင့်ရှိသောသူကို ဒဏ်ဖြင့်တားမြစ်၏ ထိုတားမြစ်ခြင်းသည် ရန်မဟုတ်၊ ထိုတားမြစ်ခြင်းကို ပညာရှိတို့ သိကုန်၏။

"မင်းမြတ်---ဤသို့သဘောရှိသောအရာ၌ ရန်ငြိုးဖွဲ့ခြင်းငှာ မထိုက်ပါ။ မင်းမြတ်---ထိုအချိန်က သင့်ကို ကျွန်ုပ်မဆုံးမလျှင် သင်သည်နေက်နောင် ပဲကြီးမုန့် နှမ်းဖြင့်ပြုလုပ်အပ်သော ခဲဘွယ်အစရှိသည်တို့ကို လည်းကောင်း၊ သစ်သီးကြီးငယ်အစရှိသည်တို့ကို

www.dhammaransi.com



လည်းကောင်း၊ လုယက်ခြင်းအစရှိသည်ဖြင့် အိမ်ခြံစပ်ကိုဖြတ်ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ရွာနိဂုံးတို့ကိုတိုက်ခိုက်ခြင်း အစရှိသည်တို့ကိုပြု၍ မင်း၏ဆန့်ကျင်ဘက် ခိုးသူတည်းဟု ဥစ္စာနှင့်တကွဖမ်း၍ မင်းအားပြလတ်သော်- သွားချေ ထိုခိုးသူအား လျော်သောဒဏ်ကို ဆောင်ကြကုန်ဟု မင်းစေ၍ ဒဏ်ပေးခြင်းသို့ ရောက်ရာ၏။ ထိုကဲ့သို့ဖြစ်လာက မင်းမြတ်က ဤသို့သောမင်းစည်းစိမ်အဘယ်မှာ ရနိုင်တော့ပါအံ့နည်း၊ ယခုဆရာဖြစ်သော ကျွန်ုပ်ကို မှီ၍ မင်းကြီး-ဤစည်းစိမ်ကို ရနေရသည် မဟုတ်ပါလော"

ဟု ပြန်လည်ပြောကြားသည်။

ခြံရံနေသော အမတ်တို့သည် ဆရာ၏စကားကိုကြားသော်-

"မင်းမြတ် --- အရှင်မင်း၏ ဤနန်းစည်းစိမ်သည် ဆရာပေး၍ရသော ဥစ္စာမှန်ပေ၏"

ဟု လျှောက်ထားကြသည်။

ထိုခဏမှာပင် မင်းသည်ဆရာ၏ဂုဏ်ကျေးဇူးကို သတိရပြီးလျှင်-

www.dhammaransi.com



"ဆရာ---ကျွန်ုပ်အား ခွင့်လွှတ်ပါ၊ ဤစည်းစိမ်သည် ဆရာပေးသော စည်းစိမ်မှန်ပါသည်။ ဆရာအား ကျွန်ုပ်သည် ဤနန်းစည်းစိမ်ကို ပေးပါ၏"

ဟု ဆိုသည်။

"မင်းမြတ်---ကျွန်ုပ်သည် မင်းအဖြစ်ကို အလိုမရှိပါ၊ တပည့်တို့အား သင်ကြားပြသပေးသော ဆရာ အလုပ်ကိုသာ မြတ်နိုးနှစ်သက်ပါ၏"

ထိုအခါမင်းကြီးသည် ဆရာကို အလွန်ကြည်ညို လေးစားမြတ်နိုးပြီးလျှင် တက္ကသိုလ်ပြည်သို့ တမန်စေလွှတ် ပြီး ဆရာ၏ဇနီးမယား သားသမီးတို့ကို ခေါ်ယူစေပြီး မိမိ၏ ဗြာဏသီပြည်မှာပင် ကောင်းမွန်စွာ များသောအခြံအရံဖြင့် ထားပြီးလျှင် မိမိ၏ပုရောဟိတ်အရာ၌ ထားလေသည်။

ဆရာဟူသည် တပည့်တွက်တာ နောင်ကျိုးရာလစ် ဆရာဖြစ်လည်း ကြောင်းနည်းဆင်ခြင် ရိုက်ပုတ်သင်၍ ရန်လျှင်ဖွဲ့တတ် ရှိပေအပ်လည်း ကြောက်အပ်မရှိ ဆုံးမဘိ သည်၊ မြတ်ဆရာမနောတည်။ ဆိုသည့်အတိုင်း တပည့်တို့ လိမ္မာရေးခြားရှိနိုင်ရေးအတွက် ရိုက်နှက်ဆုံးမရာ၌ နောင် တစ်ချိန် ငါရန်ငြိုးဖွဲ့ခံရမည်၊ အသတ်ခံရမည်ဟူ၍ ကြောက်လန့်စိုးရိမ်စေရာ မရှိရာ။

(တိကနိပါတ သက်ပ္ပဝတ် တိလမုဋ္ဌိဇာတက)

www.dhammaransi.com



## ဆရာမြတ် ရှင်မဟာကဿပ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ရှင်မဟာကဿပ သီတင်းသုံးနေချိန်ခိုက် ဖြစ်သည်။

အရှင်မဟာကဿပ၏ တပည့်ရဟန်းငယ်တစ်ပါးသည် သမထတရားတို့ကို အားထုတ်လာခဲ့ရာ စတုတ္ထဈာန် အထိရခဲ့သည်။

တစ်နေ့ ထိုမထေရ်ငယ်သည် မိမိဦးရီးတော်ဖြစ်သော ရွှေပန်းတိမ်အိမ်သို့ ဆွမ်းစားကြွရောက်သည်။ ထိုအိမ်တွင် မမျှော်လင့်ဘဲ ချောမောလှပသော မိန်းကလေးတစ်ဦးကို တွေ့မြင်ခဲ့ရပြီး ထိုမိန်းကလေး၏အလှတဏှာကြောဝယ် စိတ်ဆန္ဒဇောထားပြီး ရဟန်းဘဝ၌ မပျော်ပိုက်နိုင် ဖြစ်ခဲ့ရသည်။ ထိုမိန်းကလေးအပေါ်၌ စွဲလမ်းသောဆန္ဒဇောကြောင့်ပင် စတုတ္ထဈာန်များလည်း ကွယ်ပျောက်သွားခဲ့ရသည်။

ထိုမိန်းကလေးအပေါ်၌ စွဲလမ်းသောတဏှာအားကြီးလာသဖြင့် ရဟန်းဘဝတွင် ဆက်လက်မနေလိုတော့၊ လူထွက်ဖို့ရန် မိမိဆရာထံခွင့်ပန်သည်။ အရှင်မဟာကဿပ မထေရ်မြတ်က ဆိုဆုံးမသော်လည်း နာမခံတော့။ ဆရာအရှင်က တပည့်ကို ဆက်လက်မတားတော့၊ လူထွက်ခွင့်ပြုလိုက်သည်။

www.dhammaransi.com



ရဟန်းလူထွက် ထိုသူသည် ထိုမိန်းကလေးကို ရရှိနိုင်ရန်မိဘများ ဦးရီးတော်များကို ချဉ်းကပ်၍ တောင်းရမ်းရယူနိုင်ရန် ကြိုးစားခဲ့ရာ ထိုမိန်းကလေးနှင့် လက်ထပ်ခွင့်ရခဲ့သည်။

မိန်းကလေးနှင့်လက်ထပ်ပြီး ရဟန်းလူထွက်ပီပီ ဘာမျှမယ်မယ်ရရ မလုပ်တတ်သလို၊ အလုပ် လုပ်ဘို့လည်း စိတ်မဝင်စားဘဲ အိမ်လည်ပြန်စားဘဝဖြင့် နေခဲ့သည်။ အလုပ်ကို လုပ်လိုစိတ်မရှိ၊ ပျင်းရိသောသဘောကလည်း ရှိနေသဖြင့် ကြာသော် မိန်းမဘက်က မိဘဆွေမျိုးများက မနှစ်သက်ကြသလို နောက်ဆုံး မိန်းမကပါ မနှစ်သက်တော့သဖြင့် အိမ်ပေါ်မှ နှင်ချလွှတ်လိုက်ခြင်းကို ခံရတော့သည်။

ယောက္ခမမိဘ မိန်းမတို့က နှင်ချခဲ့ရသော ရဟန်းလူထွက်သည် တစ်နေ့တွင် ခိုးယူစားသောက်ကြသော မိတ်ဆွေယုတ်များနှင့် ပေါင်းဖက်မိသွားကြသည်။

ထိုခိုးသူများနှင့်အတူ ခိုးမှုတို့ကိုအတူတူ ကျူးလွန်လာခဲ့သည်။

တစ်နေ့တွင် အိမ်တစ်အိမ်ဝင်ရောက်ခိုးယူရာ၌ အဖမ်းခံရပြီး မင်း၏သေဒဏ်ပေးခြင်းကို ခံရတော့သည်။

ထိုရဟန်းလူထွက်သူခိုးကို လက်ပြန်ကြိုးတုတ်လျက်

www.dhammaransi.com

## ၁၇၂ ဇာတ္တသိုလ်သျှင်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

လမ်းဆုံ လမ်းခွတို့၌ ကြိမ်ဖြင့်ရိုက်လျက် ခိုးသားသတ်ရာ အရပ်သို့ ခေါ်ဆောင်လာခြင်းခံရသည်။

ဆရာဖြစ်သော အရှင်မဟာကဿပသည် ဆွမ်းခံလှည့်ခြင်းငှာ ရာဇဂြိုဟ်မြို့တွင်းသို့ ကြွဝင်လာသည်။ ရဟန်းလူထွက်ခိုးသားသည် မိမိဆရာအရှင်မဟာကဿပကို မြင်သော် အကူအညီရလိုရငြားဖြင့် မျှော်လင့်စိတ်ထားဖြင့်-

" အရှင်ဘုရား-တပည့်တော်အဖြစ်ကိုရှုကြည့်ပါဦး ဘုရား"

ဟု ခယ တောင်းပန်လျှောက်ထားလိုက်သည်။

အရှင်မဟာကဿပသည် တပည့်ခိုးသူအနီးသို့ ကြွလာပြီး လူသတ်အာဏာသားများကို ဖွဲ့နှောင်ထားသော ကြိုးကို လျှော့လျှော့ပြုစေသည်။

"တပည့်---ရှေး၌သင်လေ့ကျက်အပ်သော သမထကမ္မဋ္ဌာန်းကို ယခုတစ်ဖန် ထပ်မံ၍ဆင်ခြင်ပါလော"

ဟု မိန့်ကြားပြီး ဆက်လက်ထွက်ခွာကြွသွားသည်။

ဆရာပေးလိုက်သော ဆိုဆုံးမစကားကိုကြားလိုက်ရသော ရဟန်းလူထွက်ခိုးသားသည် သတိဝင်လာပြီးလျှင် စတုတ္ထဈာန်ကို ပြန်လည်ဆင်ခြင်ဝင်စားလေသည်။

www.dhammaransi.com



ထိုခဏမှာပင် စတုတ္ထစျာန်ကို ပြန်လည်ရရှိလေသည်။ လူတို့သည် သက်ရန်ထုတ်လာသော ထိုခိုးသူကို မြင်၍ ဝိုင်းဝန်းကာ လှံဖြင့်ထိုးသတ်မည်၊ ဒါးဖြင့်ခုတ်သတ်မည်ဟု အမျိုးမျိုးခြိမ်းခြောက်ရေရွတ် ကြိမ်းဝါးပြောဆိုကြသည်။

စတုတ္ထစျာန်ရနေပြီးသော ထိုရဟန်းလူထွက်ခိုးသားသည် ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းအလျင်ကင်းကာ ငြိမ်သက်စွာပင် လိုက်လာခဲ့သည်။

အခြားခိုးသူများ ဤသို့သတ်မည်ဆိုပါက ကြောက်ရွံ့ထိတ်လန့်ပြီး ငိုယိုခြင်း၊ ရှန်းကန်ခြင်းများပြုတတ်ကြသော်လည်း ရဟန်းလူထွက်ခိုးသားက မည်သို့မျှ မတုန်လှုပ်မချောက်ချားပေ။ လူသတ်ကုန်းသို့ရောက်၍ ဇာက်ဖြတ်ရန်စီမံသောအခါ၌လည်း ထိုရဟန်းလူထွက်ခိုးသူသည် မည်သို့မျှ ထိတ်လန့်ကြောက်ရွံ့ခြင်းအမူအရာမပြသဖြင့် လူသတ်အာဏာသားများနှင့် လူသတ်ပွဲသို့လာရောက်ကြည့်ရှုကြသောပရိသတ်တို့သည် ထိုခိုးသူကို ထူးဆန်းအံ့ဩစွာ ကြည့်ကြပြီး-

"ဤယောက်ျားသည် အံ့ဖွယ်ရှိပေစွ၊ သတ်ခါနီးသော်မှ ကိုယ်ခတ်တရော်မရှိ မတုန်မလှုပ်ရှိလေစွတကား"

ဟု တစ်ယောက်တစ်ပေါက်ပြောဆို အော်ဟစ်ကြသည်။

www.dhammaransi.com



အာဏာသားတို့သည် ထိုခိုးသူယောက်ျားထူးခြားသောအမှုအရာကို-ဘုရင်ဗိမ္ဗိသာရထံသို့ ပြန်လည်လျှောက်ထားကြသည်။

ဘုရင်မင်းမြတ်က- မသတ်ရန် ချက်ချင်းလွှတ်ရန် အမိန့်ပေးလိုက်သည်။

ထိုနောက် မင်းကြီးသည် ဘုရားရှင်ထံသို့သွားကာ ထိုအကျိုးအကြောင်းကို လျှောက်ထားပြသည်။

ဘုရားရှင်ကလည်း လွှတ်လိုက်ခြင်းသည် ကောင်းလှပေသည်ဟု မိန့်ကြားပြီး ထိုရဟန်းလူထွက်ခိုးသူယောက်ျားကို တရားဟောလိုသဖြင့် သုသာန်ရှိ ထိုခိုးသူယောက်ျားထံ ရောင်ခြည်တော်စေလွှတ်ပြီး-

" လူအဖြင့်နေထိုင်ခြင်းဟူသော တောကိုစွန့်၍ အကျင့်တည်းဟူသော တောမြိုင်လယ်ထဲသို့ သက်ဝင်လျက်

တဏှာတောမှ လွတ်ပြီးခါမှ အိမ်ရာတည်ထောင်သော တဏှာတောသို့ပင် ပြန်ဝင်ပြန်၏။လာကြကုန်သော ထိုပုဂ္ဂိုလ် ကို ရှုကြကုန်လော့၊ အိမ်ရာထောင်မှု အနှောင်အဖွဲ့မှ လွတ်ပြီးလျက် အိမ်ရာထောင် အနှောင် အဖွဲ့သို့ပင် ပြေးဝင်၏။"

ဟု ဟောကြားတော်မူလိုက်သည်။

www.dhammaransi.com



ထိုဒေသနာကို ကြားနာလိုက်ရသော ခိုးသူ ယောက်ကျားသည် အာဏာသားတို့၏ရှေ့ လူသတ်စင်၌ ထိုင်နေလျက်သာ ဖြစ် ပျက် မှန်စွာ ဥဒယဗ္ဗယဉာဏ်ကို ထင်မြင်လာပြီး လက္ခဏာယဉ်သုံးပါး၌ သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်မိလေသည်။

ထိုခဏမှာပင် သောတာပတ္တိဖိုလ်သို့ရောက်ပြီး သမာပါတ်ချမ်းသာကို အစဉ်ခံစားလျက် ကောင်းကင်ပျံတက် ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံသို့ ရောက်လာသည်။

ဘုရားရှင်ကို ရိုသေစွာရှိခိုးတောင်းပန်ပြီး ရဟန်းပြုခွင့်ကို တောင်းပန်သည်။ ဘုရားရှင်က ရဟန်းပြုခွင့်ပေးသောအခါ မင်းနှင့်ပရိသတ်အလယ်၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ကာမဂုဏ်အမိုက်များနောက်လိုက်ခဲ့မိပြီး ဆက်လက်၍ ရာဇဝတ်မှုကို ကျူးလွန်ခဲ့သော တပည့်မိုက်ကို ဆရာ၏ မေတ္တာ ကရုဏာကြောင့် အသက်ဘေးမှ လွတ်ခဲ့ရပြီး နောက်ဆုံးအရဟတ္တဖိုလ်သို့ပင် ဆိုက်ရောက်ခဲ့ရသော ချမ်းသာကို ရခဲ့ရသည်။

(ဓမ္မပဒ၊တဏှာဝဂ္ဂ၊လူထွက်သောရဟန်းဝတ္ထု)

www.dhammaransi.com



## ဆရာမေတ္တာစေတနာ ဆီးပြွန်းပမာ

ကျွန်တော်တို့မြို့မှာ အထက်တန်းကျောင်းဆိုတာ တစ်ကျောင်းထဲဘဲ ရှိပါတယ်။

ကျောင်းအုပ်ဆရာမကြီးက အပျိုကြီးလည်းဖြစ်၍ ကျောင်းသား/သူများအပေါ် ချမှတ်ထားသော စည်းကမ်းကလည်း အလွန်တင်းကျပ်လှပါသည်။ ကျောင်းအုပ်ဆရာမကြီးကို အိမ်ကမိဘတွေထက် ကြောက်ရသလို ကျွန်တော်တို့ (၉)တန်းကို သင်ျာပြသော ဆရာဦးလှမောင်ကိုလည်း အကိုကြီး အမကြီးကို ညီငယ် ညီမငယ်များက ကြောက်ရသလို ကြောက်ကြရပါသည်။

သင်ျာဆရာ ဦးလှမောင်ဟာ ကျွန်တော်တို့မြို့ရဲ့ ကျောင်းသားမိဘတွေရဲ့ကြား ကျောင်းသား/သူတွေရဲ့ကြားမှာ အလွန်ချစ်ကြောက်ရိုသေခံရသော ဆရာတစ်ဦးပါ။ ပြီးတော့ ဆရာကလည်း လူပျိုကြီး လူလွတ်တစ်ဦး ဖြစ်ပါသည်။

ဆရာက ကျောင်းတွင်သင်ျာညံ့သောကျောင်း/သူများကို သူ့အိမ်တွင် တန်းခွဲအလိုက် ညနေ(၆)နာရီမှ(၉)နာရီထိ မညည်းမညူ မမောမပန်း သင်ပေးပါသည်။

www.dhammaransi.com



ကျောင်းပိတ်ရက် စက်ဘီးတစ်စီးနှင့်လိုက်ပြီး ညနေကျောင်းစာမလုပ်သောသူများက အထူးသဖြင့် ဆရာက ညံ့သည်ဟုသတ်မှတ်ပြီး အထူးသင်ပေးသူ များ၏ အိမ်သို့ တိတ်တစ်ဆိတ်ဝင်ရောက် အကဲခပ်ခြင်း ပြုသည်။ စာမလုပ် တာတွေ့၍ကတော့ အိမ်ပေါ်ထိတက်ရိုက်လေ့ ရိုက်ထရှိပါသည်။

မိဘများကလည်း ဆရာကိုမည်သို့မျှ ပြန်မပြော ကြသည့်ပြင် အားပင်အားပေးလိုက်သဖြင့် ကျွန်တော်တို့မှာ သင်္ချာဆရာ ဦးလှမောင်ကို အလွန်ကြောက်ရပါသည်။

ဆရာဦးလှမောင်က သူ့အိမ်မှာ သင်္ချာအချိန်ပိုသင် ပေး၍ ဆရာအထာကိုမသိသော မိဘများက ငွေကြေးများ သွားရောက်ကန်တော့ပါက သူ့စော်ကားရမလားဆိုပြီး ဆူပူ ကြိမ်းမောင်းခံရသဖြင့် ဆရာ၏အချိန်ပိုစာသင်ခကို မည်သူ ကမျှ ငွေရေးကြေးရေး မပေးရဲကြပါ။

ဝါကျွတ်ပွဲ၊ သကြိန်ပွဲ၊ နှစ်သစ်ကူးတွင် ဆရာအတွက် ပုဆိုးအင်္ကျီ မုန့်ပဲသရေစာစသည် ကန်တော့တော့လက်ခံ ပါသည်။ ဒါတောင် အဖိုးတန်ကန်တော့က ဆူလွှတ်ပါသည်။

ဤမျှစေတနာကောင်းပြီး စည်းကမ်းကြပ်သော ဆရာကို ကျွန်တော်တို့တတွေ အဘယ်မှာလျှင် မကြောက်

www.dhammaransi.com



ရှိ ဘဲရှိပါအံ့နည်း။

ကျွန်တော်က သင်္ချာညံ့သူမဟုတ်၍ ဆရာ၏ အထူး ဖိတ်ကြားသင်ကြားခံရသူထဲတွင် မပါသော်လည်း သင်္ချာနှင့် ပတ်သက်၍လည်း ဆရာ၏နည်းစနစ်နှင့် အောင်မြင်ခဲ့သူ တစ်ဦးပါ။

ထို(၉)တန်းကျောင်းတက်သောနှစ်တွင် ကျွန်တော် သည် လူငယ်တို့သဘာဝ အချစ်လက်တဲ့စမ်းချင်သော အချစ်ရူးရောဂါထခဲ့ပြီး (၉)တန်းမှ ကျောင်းသူ မစန်းစန်းနှင့် ချစ်သူဘဝရောက်ခဲ့ရပါသည်။

ကျွန်တော်က ကုန်သည်သား၊ စန်းစန်းက ကျွန်တော် တို့ မြို့ရဲ့စာတိုက်မှူး၏သမီး-

ကျွန်တော်တို့တွင် အချစ်ရူးရောဂါတဖြည်းဖြည်း ရင့်လာသောအခါ ကျောင်းမှခွင့်ယူ၍လစ်ခြင်း၊ ချိန်းတွေ့ခြင်း များ ပြုလုပ်လာခဲ့ကြပါသည်။

စန်းစန်းသည် သင်္ချာညံ့သူဖြစ်၍ ဆရာဦးလှမောင် ၏ ညပိုင်းကျူရှင်တွင် တက်နေရသူဖြစ်၍ ဆရာ၏မျက်စိ ဒေါက်ထောက်ကြည့်ခြင်းကို ခံနေရသူဖြစ်၍ ကျောင်းမှ ခွင့်ယူရသည်။ ဆရာကျူရှင်မှ လစ်ရသည်မှာ မလွယ်ပါ။

www.dhammaransi.com



ထိုအချိန်က ဆရာ၏မေတ္တာစေတနာနှင့် ပညာတန်ဘိုးကိုလည်း သိပ်အလေးအနက်ထားမိသော အတွေးအခေါ်လည်း မရှိကြသေးပါ။ ရှုးတုန်းမိုက်တုန်းအရွယ်တွေလဲ ဖြစ်သည့်အချိန်အခါကို-

တစ်နေ့ ကျွန်တော်နှင့်စန်းစန်း ကျောင်းလစ်ထွက်သည်ကို ဆရာဦးလှမောင်သိသွားပါသည်။ ဆရာဦးလှမောင် ဒေါသအလွန်ထွက်ပါသည်။ ကျွန်တော့်မိဘ စန်းစန်းမိဘတို့ကိုခေါ်ယူအသိပေးပြီး အချိန်မီထိန်းသိမ်းစောင့်ရှောက်၍ ပညာသင်ကြားနေတဲ့ကာလမှာ မဖြစ်သင့်တာတွေ မဖြစ်စေရန် တားဆီးထိန်းသိမ်းကြဘို့ ပြောပါသည်။

ယခုချိန် တကယ်စဉ်းစားကြည့်တော့ ဆရာ၏မေတ္တာ စေတနာသည် ကျွန်တော်တို့အပေါ် မိဘနည်းပါးမျှရှိခဲ့၍သာ ကိုယ်သားသမီးမဟုတ်သော ကျွန်တော်တို့အပေါ် အမုန်းခံပြီး လာပြောပြနေခြင်း ဖြစ်ပါသည်။

သို့သော် ထိုအချိန်က ထိုကဲ့သို့ သဘောမပေါက်မိပါ။ ဆရာ၏ စေတနာကိုလဲ နားမလည်ခဲ့ပါ။ ဆရာက နှစ်ဘက်မိဘခေါ်ယူတိုင်တန်းမှုကြောင့် ကျွန်တော်တို့ကို မိဘများက ဆူပူခံရ၍ ဆရာအပေါ်၌ ကိုယ့်သားသမီးမဟုတ်ဘဲ ကိုယ်နှင့်မဆိုင်တာကို ဝင်ပြောရ၊ တိုင်ရမလား

www.dhammaransi.com



ဆိုပြီး ဆရာအပေါ် အပြစ်မြင်အညိုးအာဃာတဝင်ခဲ့ရပါသည်။

မိဘများက ကျွန်တော်ကိုဆူပူ၊ စန်းစန်းကို အဆက်ဖြတ်ရမည်ဟု အတင်းအဓမ္မလုပ်ခဲ့သလို မိန်းမသားဖြစ်သောစန်းစန်းခမျာလည်း မိဘတို့၏ အချုပ်အချယ်ခံရပြီး အခြားတစ်နေရာသို့ အပို့ခံရပါတော့သည်။

ကျွန်တော်မှာ အချစ်ရူးရောဂါဒဏ်ပြင်းထန်စွာ ခံစားရပြီး ဆရာကိုလုံးဝလုံးဝ မကြေနပ်တော့ပါ။ ဆရာကိုလဲ မကြည့်ချင် မမြင်ချင်တော့ပါ။ ဤကျောင်းကိုလဲ ဆက်မတက်လိုပါ။ တစ်ဘက်က ဆရာ ကျောင်းအုပ်ဆရာမကြီးကို ဆက်၍သတင်းပို့ပါက အရှက်တကွဲ အကျိုးနည်းကျောင်းထုတ်ခံရမည့် စိုးရိမ်ဘေးကလည်း ရှိနေပါသည်။

သို့တွက် ကျွန်တော်သည်လည်း ဦးလေးများရှိရာ မန္တလေးသို့ လွင့်ခဲ့ရပါသည်။

ကျွန်တော်သည် မန္တလေးတွင် ကျောင်းဆက်လက်နေပြီး စာမေးပွဲဖြေရန်ကြိုးစားခဲ့သလို တစ်ဘက်ကလည်း စန်းစန်းကို အဆက်သွယ်ရရန်ကြိုးစားခဲ့ပါသည်။

သို့သော် မည်သို့မျှအဆက်အသွယ်မရခဲ့ပါ။ စန်းစန်းနှင့်အဆက်အသွယ်မရလေလေ ဆရာဦးလှမောင်အပေါ်

www.dhammaransi.com



နာကျင်သောစိတ်က ပြန်ထင်လေလေဖြစ်ကာ ခံစားနေမိရပါသည်။

ကျွန်တော် အချစ်ဝေဒနာခံစားရင်း တစ်ဘက်က စာမေးပွဲအောင်အောင် ဖြေပါသည်။ သချ်ာဘာသာမှာ ဆရာဦးလှမောင်ရဲ့တပည့်ပီပီ စာမေးပွဲအောင်ဝေဇက်ထွက်တော့ ဂုဏ်ထူးဆောင်ပါခဲ့ပါသည်။

သချ်ာဂုဏ်ထူးနှင့်ပါလာတော့ ဆရာဦးလှမောင်ကိုတော့ ကျေးဇူးတင်မိပါသည်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ချစ်ခြင်းကို ခွဲခဲ့တဲ့ဆရာမိုလို့ လုံးဝခွင့်မလွှတ်နိုင်သေးခဲ့ပါ။

ဦးလေးလုပ်သူက ပြောပါသည်-

"မင်း-ဆရာအပေါ် မပြစ်မှားနဲ့ ဆရာဆိုတယ် ဆုံးမတယ်ဆိုတာဟာ မင်းတို့ ဘဝ မမှားသင့်တဲ့အရွယ်မှာ မမှားမိအောင် ဆရာဝတ္တရားအရ ပဲ့ပြင်ဆုံးမတာဘဲ၊ ပြီးတော့ မဖြစ်သင့်တဲ့ အရွယ်တွေမှာ မဖြစ်ရလေအောင် ဘဝတစ်သက်လုံး နစ်မွန်းသွားမဲ့ အလုပ်တွေမလုပ်မိအောင် ဘေးရန်တားဆီးပေးတာဘဲ မဟုတ်လား။ မင်းသာ-ဒီအချစ်မှာ ရစ်မူးနေရင် စောစောစီးစီး အိမ်ထောင်ကျသွားပြီး မင်းဘဝငယ်ငယ် ရွယ်ရွယ်နှင့် သောကဆင်းရဲကို ရင်ဆိုင်ရမှာပေါ့"

www.dhammaransi.com



ဟုဆိုဆုံးမပါသည်။

မည်သို့ပင်ဖြစ်စေ ဆရာ၏ကျေးဇူးကြောင့် သင်္ချာတော်သောကျောင်းသားဖြစ်ခဲ့သလို တက္ကသိုလ်တွင် စီးပွားရေးဘွဲ့ကိုရရှိပြီး နိုင်ငံတကာကိုလှည့်လည်နိုင်ခဲ့သော စီးပွားရေးစာရင်းအင်း အတတ်ပညာရှင်ဖြစ်ခဲ့ရပါသည်။

ကျွန်တော်သည် ဆယ်တန်းအောင်ပြီးနောက် ရန်ကုန် စီးပွားရေးတက္ကသိုလ်သို့ရောက်ခဲ့ရပါသည်။ မိမိရပ်ရွာရောက်တိုင်း ငယ်ချစ်ဦးမိဘတို့ ဘယ်ကိုပြောင်းသွားသည့် သတင်းကို စုံစမ်းရပါသည်။ မရခဲ့ပါ။

ဤသို့ဖြင့် တက္ကသိုလ်မှဘွဲ့ရ နိုင်ငံခြားပညာသင်ရောက်ပြီး ဘဝတစ်ဆစ်ချိုးသည်(၉)နှစ် ကြာခဲ့ရပါသည်။

ထိုကာလတွင် မိဘများလည်း ရန်ကုန်ရွှေ့ပြောင်းလာပြီးဖြစ်သဖြင့် အရပ်ဒေသသို့ ပြန်ရောက်မှုသည်လည်း နည်းခဲ့ရပါသည်။

ကျွန်တော်သည် ယခုတစ်ခေါက် နိုင်ငံခြားက ပြန်အရောက်တွင် မွေးဇာတိရှိလုပ်ငန်းကိစ္စများရှင်းလင်းရန် အတွက်သွားသောမိခင်ကြီးနှင့်အတူ အရပ်ဒေသသို့ ပြန်လည်လိုက်ပါလာခဲ့မိပါသည်။ အရပ်အရောက်တွင် ကျောင်းနေဘက် ငယ်သူငယ်ချင်းများနှင့် ဆုံတွေ့ပြီး ငယ်ဖြစ်

www.dhammaransi.com



ဟောင်းတွေ တဝပြောဖြစ်ကြပါသည်။

သူငယ်ချင်းတွေမှာ အိမ်ထောင်ကျကြပြီး တာဝန်အသီးသီးနှင့်တာဝန်ယူဆောင်နေကြပါပြီ။ မိသားစုအသိုင်းအဝန်းလေးတွေနှင့်ဘဝကို လျှောက်လှမ်းနေကြပါပြီ။ ကျွန်တော်တစ်ယောက် ယခုထက်ထိ အိမ်ထောင်မကျသေးသည်ကို ဇာအံ့တသြဖြစ်နေကြပါသည်။ စန်းစန်းနှင့်ကျွန်တော်အကြောင်းသိထားသူများက ငယ်ချစ်ဦးကိုစောင့်နေတာလားဟု မေးကြသည်။ မရှာဘူးလား၊ မတွေ့ဘူးလားဟု မေးကြသည်။ ယခုလောက်ဆို သူလဲအိမ်ထောင်ကျလောက်ရောပေါ့ဟု ဆိုကြသည်။

ကျွန်တော်ရင်ထဲမှာ လှုပ်ရှားရသလို ဆရာအပေါ်၌မြင်ခဲ့သော အပြစ်ကလည်း ပြန်မြင်လာသလို ခံစားမိလာပါသည်။

ဒါထက် ငါတို့သချာဆရာ- ဆရာဦးလှမောင်ကောရှိသေးလားဟု မေးမိပါသည်။

"ရှိပါသေးတယ်ကွ၊ ဒါပေမဲ့ ဆရာကပင်စင်ယူပြီးပြီကျန်းမာရေးက သိပ်မကောင်းဘူး၊ ယခုတော့ ပင်စင်လစာလေးနဲ့ ချို့ငဲ့တာပေါ့ကွာ၊ ကျန်းမာရေးကမကောင်းတော့ ပိုဆိုးတာပေါ့၊ ယခုတော့တို့သိတယ်

www.dhammaransi.com



တဲ့ တပည့်တွေ တောင်းသာတဲ့တပည့်တွေကဘဲ အခါအားလျော်စွာ ဆေးဝါးဝယ်ယူပေးနေရတာပေါ့"

ဟု ပြောပြကြသည်။ ဆရာအပေါ် အချစ်ကိုခွဲခဲ့၍ စိတ်နာခဲ့ပေမဲ့ ယခုလိုဘဝမျိုးရောက်နေရသည့်အတွက်ကိုမူ ဆရာကို ပြန်လည်သနားမိပါသည်။ အိမ်ပြန်ရောက်၍ အမေကိုပြောပြရပါသည်။

"သား-အဲဒီဆရာဟာ မင်းအတွက်အလွန်ကျေးဇူးကြီးတဲ့ဆရာပါကွယ်၊ ငယ်ငယ်ကမင်းတို့ရဲ့ အမှားလမ်းကြောင်းကို သူကတည့်ပေးလို့သာ မင်းယခုလိုဘဝမျိုး ရောက်ရတာပေါ။ သူသာ တည့်မပေးရင် မင်းယခုဆို ဒီကမင်းသူငယ်ချင်းတွေလို သားတွဲလဲမယားတွဲလွဲနှင့် ဒုက္ခနွံထဲနစ်နေပြီးပေါ့ ယခုအဲဒီဆရာဦးလှမောင်က အနစ်နာခံ အမှန်းခံပြောပေးဆိုပေးတားမြစ်ပေးလို့ သားယခုလိုဘဝမျိုးကို ရောက်တာပေါ့ကွယ်"

ဟု အမေက ဤသို့ပြောပြီး ဆရာဦးလှမောင်က ကျွန်ုပ်အတွက်ဘယ်လိုပြောပြီး ဘယ်လိုတိုင်ခဲ့တယ်။ ဘယ်လိုတားမြစ်ပေးဘို့ပါ လမ်းညွှန်ခဲ့တယ်ဆိုတာကိုပါ အမေကအစအဆုံးပြန်ပြောပြပါသည်။

www.dhammaransi.com



ထိုအခါကျမှ ကျွန်တော် ဆရာစေတနာ ဆရာမေတ္တာကို စဉ်းစားမိပါသည်။

နောက်နေ့တွင်ကျွန်တော် သူငယ်ချင်းတင်မြင့်နှင့် ဆရာ့ထံသို့သွားပါသည်။ ဆရာက ကျန်းမာရေးချို့တဲ့ပြီး ရုပ်ကအတော်ကျပြီး မျက်စိလည်းမှုန်နေပါပြီ၊ ကျွန်တော်ကို ရုတ်တရက်မမှတ်မိပါ၊ ကျွန်တော်ရုပ်ကလည်း တသွေး တမွေးပြောင်းနေလေတော့ မမှတ်မိခြင်းလည်းဖြစ်ပါမည်။

"ဆရာ--တင်မောင်ဦးလေ---ဆရာ၊ ယခု အရပ်ကို ခဏလာရင်း ဆရာကိုလာတွေ့တာပါ"

"အော်-အော် တင်မောင်ဦးကိုး---အေး-အေး ဆရာ မင်းဘဝအောင်မြင်နေတာကို အမြဲကြားရလို့ ဝမ်းသာမိပါတယ်။ မင်းအဖေကိုလဲ တွေ့တိုင်းဝမ်းသာကြောင်း ပြောပြမိတယ်ကွယ်"

ဆရာက အေးဆေးစွာပင် ပြောပါသည်။

"ယခုအိမ်ထောင်တွေဘာတွေကျနေပြီလား------ ဆရာတို့ ဖြစ်စေချင်တာက အဲဒါပါဘဲ၊ ပညာစုံ ဘဝအာမခံချက်ရှိမှ ဘဝတစ်ခုကို တည်ဆောက် စေချင်လို့ ငယ်ငယ်က တားပေးတာပါ။ ဒီတုန်းက တော့ မင်းကဆရာကို အပြစ်တင် ဒေါသဝင် ဝင်လျှင်

www.dhammaransi.com



ဝင်မှာပါ။ ယခုပညာစုံ ဘဝအာမခံချက်ရှိတော့ အိမ်လောင်ပြုပြီး အိမ်ထောင်တာဝန် တိုင်းပြည်တာဝန်ကို မပင်မပန်း ထမ်းဆောင်နိုင်ပြီပေါ့ စန်းစန်းနှင့်ကော ဆံမိကြသေးလား၊ အဲဒီတုန်းက မင်းတို့ဘဝ ရှေ့ရေးကြည့်ပြီး ဆရာတားရတာပါ။ ဆရာလဲ စိတ်မကောင်း ပါဘူး။ ယခုစန်းစန်းလဲ ဘီအီးဒီဘွဲ့ရပြီး မုန်းမှာ အထက်တန်းပြဆရာမ ဖြစ်နေတယ်။ သူလဲ အိမ်ထောင်ကျတယ်လို့တော့ မကြားမိသေးဘူး၊ ငါထံလာဦးမယ်လို့ သတင်းစကားပြောထားတာ တော့ရှိတယ်၊ ယနေ့ထိတော့ ပေါ်မလာသေးဘူး" ဆရာက ကျွန်တော့်ကို ရှည်လျားစွာ ရှင်းပြနေပါသည်။

"ဆရာ---ဆရာ့စေတနာ မေတ္တာဟာ အနှိုင်းမရှိပါဘူး၊ တပည့်ကိုခွင့်လွှတ်ပါ၊ ဆရာ့ကျေးဇူးတရားဟာ ကျွန်တော့်အပေါ်မှာ အလွန်ကြီးလှပါတယ်၊ ဆရာ့ကို ကျွန်တော်ကန်တော့ပါရစေ"

ကျွန်တော်သည် ဆရာ့ခြေဖမိုးကို လက်အုပ်ချီ ထိမိုးပြီး ကန်တော့မိပါသည်။ ဝမ်းနည်းကြေကွဲခြင်းမျက်ရည်လည်းကျမိပါသည်။ ဆရာ့ကို ဆေးဖိုးဝါးခအဖြစ် ငွေတစ်သိန်း လှူခဲ့ရပါသည်။

www.dhammaransi.com



ဆရာက သူ့ကိုငွေနှင့်ကန်တော့က ငယ်စဉ်ကယ်ကလက်မခံသောဆရာဖြစ်၍ ဆေးဘိုးငွေကို လက်မခံ ငြင်းနေသဖြင့် ကျန်းမာရေး ဆေးအတွက် ကန်တော့တာဖြစ်ကြောင်း တောင်းပန်ပြီးလှူရသည်။

နောက်ဆရာကို ကျွန်တော်ဘဝအခြေအနေနှင့် ကျွန်တော်အိမ်ထောင်မကျသေးကြောင်း ပြောပြရသည်။

ကျွန်တော်အကြောင်းစုံပြောပြီးသောအခါ ဆရာသည် မှုံဝါးသောမျက်စိဖြင့် အပြင်သို့ငေးမော ကြည့်နေပါသည်။

ကျွန်တော်တို့ကလည်း စကားမထွက်၊ ဆရာကိုသာငေးကြည့်နေမိသည်။ ထိုအချိန်မှာပင် ဆရာမတစ်ယောက်နှင့် ကျောင်းသူနှစ်ယောက် ကန်တော့စရာပစ္စည်းတွေနှင့် ခြံထဲဝင်လာသည်ကို ရုတ်တရက်တွေ့ရပါသည်။

"စန်းစန်းပါလား"

ကျွန်တော်နှုတ်မှ ထွက်သွားမိပါသည်။ တင်မြင့်ကလည်း ကျွန်တော်နှုတ်ထွက်စကားကြောင့် ထိုဆရာမကို လှမ်းကြည့်မိပါသည်။

ကျွန်တော်သည် စန်းစန်းကို အပေါက်ဝလှေကားထိပ်ပြေး၍ ကြိုဆိုမိပါသည်။ စန်းစန်းသည် ကျွန်တော့်ကို

www.dhammaransi.com



ရုတ်တရက်တွေ့ရသောအခါ အလွန်အံ့ဩပြီး ဝမ်းနည်းဝမ်းသာ ဖြစ်သွားဟန်တူပါသည်။

ဆရာရှေ့မှောက်အရောက်တွင် သူ့အကြောင်း ကိုယ့်အကြောင်း မေးရပြောရသည်။

"မင်းတို့ရဲ့အလုပ်တည်းဟူသော ပညာတွေပြည့်စုံနေကြပြီးဘဲကွယ်၊ သံယောဇဉ်မေတ္တာဓာတ်မကုန်ကြသေးလျှင် အရှယ်လဲရှိကြသေးတာဘဲ၊ ဘဝဆိုတဲ့မိသားစုတစ်ခုကို တည်ဆောက်ကြတော့ပေါ့ကွယ်"

ဆရာက ကျွန်တော်ဘဝဇာတ်လမ်းစုံ ပြောအပြီးတွင် ဤကဲ့သို့သောစကားကို ပြုံးရွှင်စွာ ပြောလိုက်ပါသည်။

ကျွန်တော်နှင့်စန်းစန်းလည်း တစ်ဦးအပေါ်တစ်ဦး အဓိပ္ပါယ်လေးနက်သော အပြုံးတို့ဖြင့် အပြန်အလှန်ပြုံး၍ ကြည့်မိကြပါတော့သည်။

ဩော် - - - ဆရာ့မေတ္တာစေတနာဆိုသည်မှာ ငယ်စဉ်က ဖန်တန်တန် ချဉ်တင်တင်ရှိသော်လည်း ကြီးသောအခါ ချိုမြသောအရသာရှိနေပါကလား။ ။

www.dhammaransi.com



## လတစ်စင်းပမာ ဘဝအလင်းပေးသည့်မှာ မြတ်ဆရာ

ယခု နဝဒေးရုပ်ရှင်ရုံ ဆောက်လုပ်ထားရာနေရာ ကုန်းသည် ကျွန်တော်တို့ လက်လုပ်လက်စား ဆင်းရဲသား မိသားစုတို့နေထိုင်ရာ ကျူးကျော်တဲအိမ်နေရာ ဖြစ်ပါသည်။

မြောက်ဥက္ကလာပ ၊ မြို့ထဲ၊ ရှစ်မိုင်၊ သမိုင်းလမ်းဆုံ နေရာဖြစ်၍ ကျူးကျော်တဲတွေနေရာ၏ ရှေ့မျက်နှာတန်းတွင် ကားဝပ်ရှော့များပေါ်လာပြီး ကျူးကျော်တဲရပ်ကွက်လေးသည် စည်ကားလာရပါသည်။

သို့သော် အများစုမိသားစုကတော့ လက်လုပ် လက်စားဆင်းရဲသား ဆိုက္ကားသမား ပန်းရံသမား ဟင်းရွက် စိမ်းရောင်းနှင့် ကြုံသလိုလုပ်စားသူများနေရာ ဖြစ်ပါသည်။

မိဘများက ကြုံသလိုလုပ်စားရသူများပီပီ သားသမီး များကိုလည်း ကျောင်းမထားနိုင်ကြပါ၊ လုပ်နိုင်ကိုင်နိုင် အရွယ် ရောက်လာက အလုပ်ခွင်ဝင်ကြရသည်က များပါသည်။

၁၉၆၂ ခုၤတော်လှန်ရေးအစိုးရတက်လာပြီးနောက် ဘက(ခေါ်)ဘုန်းတော်ကြီးသင် စံပြသာသနာပြုကျောင်း တစ်ကျောင်းပေါ်လာပါသည်။

ထိုကျောင်းသည် ဆင်းရဲသော ကျောင်းမထားနိုင် သော မိဘများ၏ကလေးများကို အခမဲ့မူလတန်းပညာ

www.dhammaransi.com



ကျွန်တော်တို့တပ်မှ စစ်သင်တန်းပြီးသောအခါ ခြေလျင်တပ်၊ မော်တော်ယာဉ်တပ်၊ အမြောက်တပ်၊ ဆက်သွယ်ရေးတပ် စသည့်တပ်အသီးသီးတို့သို့ ထွက်ခွာ၍ တာဝန်ထမ်းဆောင်ကြရပါတော့သည်။

ကျွန်တော်နှင့် မောင်တင်အောင်မှာ ကြည်းတပ်တွင် အတူတူတာဝန်ကျပါသည်။ အတူတူတာဝန်ကျ၍ ဝမ်းလည်း သာကြပါသည်။

ကျွန်တော်တို့ကြည်းတပ်တွင် တာဝန်ကျပြီး မကြာခင် ရှေ့တန်းထွက်ခဲ့ရပါသည်။ ထိုစဉ်က ရောင်စုံ သောင်းကျန်းသူများက နေရာအနှံ့ရှိနေ၍ ပဲခူးရိုးမသည် လျှင်ပင် ကျွန်တော်တို့၏ ရှေ့တန်းစစ်ဆင်ရေးဌာနတစ်ခု ဖြစ်နေရပါသည်။

ကံဆိုးလျှင်တော့ ပဲခူးရိုးမစစ်ဆင်ရေးတွင် မောင်တင်အောင်သည် တိုက်ပွဲကျပါတော့သည်။ ကျွန်တော် တို့အုပ်စုတွင်သူသည် ပထမဦးဆုံး တိုက်ပွဲကျသူ ဖြစ်ပါသည်။ ကျွန်တော်လည်း ဒါဏ်ရာရခဲ့ပါသည်။

မောင်တင်အောင်တိုက်ပွဲကျသည့်အတွက် သက်ဆိုင်ရာစစ်ရုံးမှ သူ၏မိသားစုထံ အကြောင်းကြား ပါသည်။

www.dhammaransi.com



မောင်တင်အောင်မိခင်နှင့်အမ နှမများသည် သားသေသောအခါ ဒေါသဇောကြောင့် ဝမ်းနည်းကြေကွဲကြသည်။ သူသားသေရသည်မှာ ဒီဆရာ သူ့သားကို စစ်ထဲသွင်း၍သေရသည်ဟုဆိုကာ ဆရာကိုသွားရောက် ရန်တွေ့ကြသည်။ အပြစ်တင်ကြသည်။ သေတွင်းပို့ဆရာဟူ၍လည်း သမုတ်ကြသည်။

ဆရာကတော့ ဘာမျှမပြောပါ၊ သူတို့ရန်တွေ့သည်ကိုလည်း ဒေါသပြန်မထွက်ပါ၊ အပြစ်မတင်ပါ၊ တပည့်အတွက် စိတ်မကောင်းတာဘဲရှိပါသည်။

ကျွန်တော်ဒဏ်ရာသက်သာပြီး ခွင့်ရသောအခါ မိဘရှိရာတံတားကလေးသို့ ပြန်လာခဲ့ပါသည်။ မောင်တင်မောင်မိခင်နှင့် နှမများကိုလည်း အားပေးစကား ပြောကြားရပါသည်။

သူတို့က ကျွန်တော်တို့ဆရာကို လုံးဝမကြေနပ်ကြခွင့်မလွှတ်ကြ၊ သေတွင်းပို့သောဆရာဟူ၍သာ မြင်နေကြသည်။

ဆရာကိုသွားရောက်ကန်တော့၍ မောင်တင်အောင်ကိစ္စပြောကြသည်။

"တပည့်ရာ၊ သတ္တဝါတစ်ခု ကံတစ်ခုဘဲကွ၊ သေရက်

www.dhammaransi.com



ကြုံလာတော့လဲ ဘာတတ်နိုင်မှာလဲ၊ စစ်တိုက်လို့ စစ်သားတိုင်း သေတွင်းဝင်ရမယ်ဆိုရင် ဘယ်မှာ စစ်သား ကျန်တော့မလဲ၊ သေတယ်ဆိုတာဟာ စစ်ထဲမဝင်လဲ အပြင်မှာ သူ့သေကံပါလာရင် ကားတိုက်သေလဲ သေမှာပါဘဲ၊ တစ်စုံတစ်ရာနှင့်လဲ သေမှာပါဘဲကွာ။ သူတို့ဆရာကို အပြစ်မြင်တာတော့ သူတို့အသိဉာဏ်နှင့်သူတို့ပြောတာ ဆရာဘာမျှ အပြစ်မတင်လိုပါဘူး၊ ဒမောင်တင်အောင်အတွက်တော့ ဆရာကလဲ အလွန်စိတ်ထိခိုက် ဝမ်းနည်းကြေကွဲရပါတယ်ကွာ”

ဟု ဆရာကဝမ်းနည်းကြေကွဲစွာ ဆိုပါသည်။

မကြာခင်မှာပင် မောင်တင်အောင်အတွက် တပ်ကပေးသော အသက်လျော်ကြေးပင်စင် စသည်ရလာပါသည်။

ထိုငွေဖြင့်ပင် မောင်တင်အောင်မိခင်နှင့် နှမများသည် တံတားလေးကျူးကျော်ရပ်ကွက်မှာ အိမ်ကလေးတစ်လုံးဝယ်နိုင်ခဲ့သည်။ ဆိုက္ကားတစ်စီး ဝယ်ယူထောင်နိုင်ခဲ့ပါသည်။ အမ ညီမနှစ်ဦးစလုံး မင်္ဂလာဒုံတပ်မတော်စက်ရုံ၌ အလုပ်ရခဲ့ကြပါသည်။

သူတို့မိသားစုဘဝ ဤ ဘဝမျိုးရောက်အောင်

www.dhammaransi.com



မောင်တင်အောင်က အသက်ပေး၍ ကျေးဇူးဆပ်သွားသည် မှာ မှန်ပါသည်။

ထိုလမ်းကြောင်းသို့ရောက်အောင် တိုင်းပြည်၏ သားကောင်းတစ်ယောက်ဖြစ်လာအောင် လမ်းညွှန်ပေးခဲ့ သူကတော့ ဆရာဦးဘမင်းပင် ဖြစ်ပါသည်။

နောက်တော့ ဆရာသည် ဤရပ်ကွက်မှပြောင်းပြီး လမ်းမဟော် အထက(၁)ရောက်သွားပါသည်။

ကျွန်တော်က သူတို့မိသားစုကို ဆရာ၏လမ်းညွှန် ကျေးဇူးကြောင့် ဤကဲ့သို့သားကောင်းသားမွန်ဘဝဖြင့် ဘဝနိဂုံးချုပ်ရပုံ ဤကဲ့သို့သောအခွင့်အရေးရပုံကို သူတို့ နားလည်အောင် ပြောပြရပါသည်။ ထိုအခါကျမှ မောင်တင်အောင်မိခင်နှင့် အမညီမများသည် ဆရာ၏ စေတနာ မေတ္တာကို သိရှိသဘောပေါက်ပြီး ဆရာကို သွားရောက်တောင်းပန်ကန်တော့ကြပါသည်။

ဆရာလမ်းညွှန်ပေးခဲ့ ကူညီပေးခဲ့ကြသော တပည့် များသည် ယခင်က တံတားကလေးကျူးကျော်တဲရပ်ကွက် တွင် အညတရဆင်းရဲသား လူငယ်များဖြစ်ခဲ့ကြသော်လည်း ယခုအချိန်တွင်မူ မိမိတို့၏ အသက်မွေးဝမ်းကြောင်း အတတ် ပညာဖြင့် လူတစ်လုံး သူတစ်လုံးဖြစ်ခဲ့ကြလေပြီ။ ကျွန်တော်

www.dhammaransi.com

## ၁၉၆ တက္ကသိုလ်သျှင်သီရိ (မေ့မှာဝရိယ၊ ဘီအေ)

အပါအဝင် တပ်မတော်၌ အမှုထမ်းခဲ့သူများလည်း ရာထူး ရာခံတို့ဖြင့် တင့်တယ်စွာနေထိုင်နိုင်ခဲ့ကြပြီး ဖြစ်ပါသည်။

ဆရာတစ်ဦး၏တပည့်များအပေါ်ထားခဲ့သော စေတနာ မေတ္တာ ကျေးဇူးသည်ကား အနှိုင်းမရှိပါ။ လတစ်စင်း သည် ကမ္ဘာတစ်ခွင်လုံးကို အေးချမ်းသာယာစွာ လင်းပနိုင် သလို ဆရာတစ်ဦးသည်လည်း တပည့်ပေါင်းများစွာ၏ ဘဝ အလင်းကို ပေးနိုင်ခဲ့သည်သာ ဖြစ်ပါသည်။

+++++++

www.dhammaransi.com



# ဆရာ၏ဝမ်းသာမျက်ရည်

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)နှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၌ တွဲဖက်ပါမောက္ခအဖြစ်တာဝန်ထမ်းဆောင်နေသော ဆရာကြီးဦးကိုကိုမြင့်ထံသို့ ရေတပ်ဗိုလ်မှူးဝတ်စုံဖြင့် ပုဂ္ဂိုလ်တစ်ယောက်သည် တန်ဘိုးကြီးလှသော မုန့်ပုံးတစ်ပုံး ပုဆိုးတစ်ထည်နှင့် ဆရာကို ကန်တော့ရန်ရောက်လာသည်။

သူက "ဆရာကြီးဦးကိုကိုမြင့်ကို တွေ့ချင်လို့ပါ"ဟု ပြောပြီး စာရေးမတစ်ဦးထံအကူအညီတောင်းခံပြီး အခန်းထဲထိ လိုက်ပို့ခိုင်းသည်။

" ဆရာ နေကောင်းလား "

သူကနှုတ်ဆက်သည်။ ဆရာကြီးက သူ့ကိုမမှတ်မိ အတိတ်က တပည့်တစ်ဦးဖြစ်မှာဘဲဟု ယင်ထားပြီး စဉ်းစားသည်၊ ငယ်ရုပ်မရှိတော့သော ထိုတပည့်ကို ဆရာကြီးသည် သေချာစွာ မမှတ်မိတော့၊ မြင်ဘူးသလိုလို တွေ့ဘူးသလိုလို ဝိုးတဝါးတော့ဖြစ်မိသည်။

" ဆရာ---ကျွန်တော့်ဆရာတပည့် တင်ထွန်းလေ"

သူက ဆရာကြီးရှေ့တွင် မထိုင်သေးဘဲ မတ်တပ်ရပ်

www.dhammaransi.com



လျက် ပြောသည်။

"ကျွန်တော်---ဆရာကို ကန်တော့ချင်လို့ရှာနေတာ ကြာပြီးဆရာ၊ ပြီးခဲ့တဲ့အပါတ်ကမှ ကျောင်းနေဘက် သူငယ်ချင်း၊ သူကလဲ ကျွန်တော်တို့တပ်မှာအရာခံ ဗိုလ်ဖြစ် နေတဲ့ လှသိန်းနှင့်တွေ့မှ ဆရာဒီမှာရှိတယ် ဆိုလို့ ကန်တော့ချင်လိုလာတာပါ။ ကျွန်တော် ရန်ကုန်သံလျှင်စွန်း ရေတပ်ပြန်ရောက်တာလဲ မကြာ သေးဘူးဆရာ၊ ကျွန်တော်တပ်ထဲ ဝင်ကထဲက ကော့သောင်း၊ မြိတ်၊ ရခိုင်၊ ဟိုင်းကြီးကျွန်းမှာချည် တာဝန်ကျနေတာများနေတော့ ရန်ကုန်ကို မရောက် တာ ကြာပြီ ဆရာ၊ ဆရာကို ယခုလိုကျွန်တော်ပြန် တွေ့ရတော့ အလွန်ဝမ်းသာပါတယ်ဆရာ၊ ဆရာ့ ကျေးဇူးကလဲ ကျွန်တော့်အပေါ် အတိုင်းမရှိ အနှိုင်း မရှိပါဘူး ဆရာ"

သူသည် ဆရာကြီးကိုတွေ့ရပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ဟန်တူပါသည်။ သူ့ဘဝကိုပြောရင်း မျက်ရည်တွေ တွေတွေကျပြီး ထိုင်၍ကန်တော့ပါသည်။

ဆရာကြီးသည် ကျွန်တော်ဆရာတပည့်တင်ထွန်းဟု မိတ်ဆက်ပြောလိုက်မှ ထိုတပည့်ကို မှတ်မိသွားသည်။

www.dhammaransi.com



အတိတ်က ထိုတပည့်၏ဘဝကို သတိရမိသည်။ ထိုတပည့် ဘဝကို မိမိစောင့်ရှောက်မှု၊ ကူညီမှုပေးလိုက်သည်ကိုလည်း သတိရမိလိုက်သည်။

xxxxxxxx

ဆရာဦးကိုကိုမြင့် ၁၉၆၆ ခု၊ အောက်တိုဘာလ(၁၅) ရက်နေ့တွင် အ-မ-က(၁၈)မြောက်ဥက္ကလာပသို့ မူလတန်း ဆရာအဖြစ်ရောက်ရှိခဲ့သည်။ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးက စတုတ္ထတန်း(ခ)အတန်းပိုင်တာဝန်ပေးသည်။ စတုတ္ထတန်း(က)ကို လုပ်သက်ရင့်ဆရာကြီးဦးအောင်တင်က တစ်ပိုင်းကိုင်ရသည်။

ဆရာဦးကိုကိုမြင့် ထိုကျောင်းရောက်၍ နှစ်လကြာ တွင် ဆရာဦးအောင်တင့် ခဏခဏအရိုက်ခံရနေရသော ကျောင်းသားငယ် မောင်တင်ထွန်းကို သတိထားမိသည်။

အရိုက်ခံရသည့်အကြောင်းရင်းမှာ-ကျောင်းနောက် ကျမှု၊ အိမ်စာဂဏန်းမထွက်ခဲ့မှု၊ အိမ်စာမကျက်လာမှု၊ သင်ခန်းစာများကို တစ်အုပ်စီမထားဘဲ စာတစ်အုပ် နှစ်အုပ်ထဲ စုရေးမှတ်သားမှု ပြဋ္ဌာန်းစာအုပ်အစုံမရှိမှု စသည့်ပြဿနာ

www.dhammaransi.com



စုံပါသည်။

မောင်တင်ထွန်းသည် ကျောင်းသာနောက်ကျသည် ကျောင်းပျက်ရက်တော့မရှိ၊ ကျောင်းစစ်စာမေးပွဲလဲ ပုံမှန် အောင်နေသည်။ ဆရာရိုက်သည်ကိုလည်း ဘာမျှ ပြန်မပြော ကြိတ်မှိတ်ခံသည်၊ မျက်ရည်သုတ်သည်။ သူကြည့်လိုက်လျှင် လည်း လွယ်အိတ်ကစုတ်ဖွာနေသည်၊ ခဲတံကအတို အဝတ် အစားက ညစ်နွမ်းနေတတ်သည်။

မိဘတို့က တာဝန်အရ ကျောင်းထားသော ကလေး မိဘများက ပညာတတ်မဟုတ်ကြ၍ သားသမီးကို သေစ ရှင်စာ ဖတ်တတ်အောင်ထားသောကလေး၊ ထိုထက်ကလေ သည် ကျောင်းစာကို အလေးအနက်ထားပြီး သင်အံ လေ့ကျက်မှတ်သားမှုမရှိဟု ထင်မြင်ခဲ့သည်။ ဆရာ ဦးအောင်တင့်တို့က မိမိ၏အတန်းသည် အကျမရှိစေ တန်းလုံးကျွတ်အောင်ရမည်၊ မိမိအတန်းတွင် နောက်နှ ပြန်နေရသည့်ကျောင်းသား/သူ မရှိစေရဟူသော သံမဏိ စည်းမျဉ်းချမှတ်ကာ ကျောင်းသား/သူများကို တင်းတင် ကြပ်ကြပ်ကိုင်ပြီး၊ ဆုံးမပြီး၊ စာသင်သောဆရာဖြစ်၍ သူ့အတန်းတွင် စာသင်သောတပည့်သည် စာမရတာ မ စေရ၊ အိမ်စာမလုပ်တာ မရှိစေရ၊ ရှိလာကတော့သူ၏ လက်စွဲတော်ကြိမ်သည် အချိန်မရွေး အခါမရွေးကျရောက်

www.dhammaransi.com



ခံရမည်သာဖြစ်သည်။

ဆရာဦးကိုကိုမြိုင်က လူပျိုလူလွတ်ဖြစ်၍ သူငယ်ချင်းဖြစ်ခဲ့ဘူးသော ဣန္ဒာ(၉)လမ်းနေ ကိုကျော်မြင့်အိမ်တွင် ထမင်းလခပေး၊ အခန်းငှားနေသည်။

တစ်ညတွင် ဆရာဦးကိုကိုမြိုင် စာဖတ်နေရာ (၁၁)နာရီကျော်ကျော် အချိန်လောက်တွင် အိမ်ရှေ့မှ---

" မုန့်ဖက်ထုပ်ပူပူလေး---စာကြီးမလား"

ဟူသော အသံကိုကြားရသည်။ ဆရာဦးကိုကိုမြိုင်သည် ဆာဆာရှိ၍ မုန့်ဖက်ထုပ်သည်လေးကို လာပါအုံး'ဟု လှမ်းခေါ်လိုက်သည်။

" အော်--- မောင်တင်ထွန်းလေးပါးလား"

ဆရာကလဲ တပည့်ကိုသိသည်၊ တပည့်ကလဲ ဆရာ့ကို သိပါသည်။ ဆရာက မောင်တင်ထွန်းလေးကို ဤကဲ့သို့ မုန့်ရောင်းနေရသည်ကိုတွေ့၍ အံ့အားသင့်သွားမိပါသည်။

ဤကလေးအရွယ်သည် ဤအချိန်အခါတွင် အိမ်စာပြုလုပ်ပြီး အနားယူအိပ်စက်နေရမည့်အချိန်ဖြစ်ပါသည်။ ယခုတော့ ဤကလေးသည် ဘဝအတွက် ရုန်းကန်နေရပါကလား၊ တစ်ဘက်ကပညာရေး၊ တစ်ဘက်ကဘဝရပ်တည်ရေးကို ကြိုးစားရုန်းကန်နေရပါကလား။

www.dhammaransi.com



ဆရာဦးကိုကိုမြိုင်သည် ဘူထံမှ မုန့်ဖက်ထုပ်(၅)ထုပ် ဝယ်ယူပြီး သူ့ဘဝ၊ သူ့အခြေအနေကို အနည်းငယ်စုံစမ်းမေး ကြည့်ရသည်။

သူ့မှာ ဖခင်မရှိ၊ မိခင်ကြီးနှင့် နှမငယ်တစ်ဦး(ပထမတန်းမှာ စာသင်နေဆဲ)တစ်ဦးရှိသည်။ မိခင်က ကျန်းမာရေး သိပ်မကောင်း၊ သူများအိမ်မှာ အဖိုးဆွဲနေရသည့်မိခင်က ကြုံသလိုအလုပ်ကို လိုက်လုပ်နေရသည်။ သူကညတွင် မုန့်ဖက်ထုပ်ကိုယ်စားလှယ်ယူပြီး တစ်ထုပ်(၁၀)ပြားအမြတ်ဖြင့် လိုက်ရောင်းရသည်။ နံနက် ဘိန်းမုန့်ကိုယ်စားလှယ်ယူရောင်း ရသည်။ မုန့်ကို မကုန်-ကုန်အောင်ရောင်းရတော့ ရပ်ကွက်ထဲ လျှောက်ရောက်ရသည်။ ထိုအချိန်က ကျောင်းများက နံနက် တစ်ချိန် ညနေတစ်ချိန်ကျောင်းဖြစ်သည်။ စတုတ္ထတန်းက ညနေပိုင်း(၁၂)နာရီတက်ရသည်။ မုန့်မကုန်သောနေ့တွင် မောင်တင်ထွန်းကျောင်းမမှီ နောက်ကျသည်။ ဤမှရသော စရိတ်ဖြင့် စားစရိတ်၊ မောင်နှမနှစ်ယောက်ပညာသင်စရိတ် ပံ့ပိုးရသည်။ ပညာတတ်ဖြစ်ချင်လွန်းလို့ ကျောင်းကို ကျားကုတ်, ကျားခဲတက်နေရသည်။

တဒင်္ဂသူ့ဘဝလေးကို ဆရာဦးကိုကိုမြိုင်သိသော အခါ အလွန်ပင်သနားမိသည်။ သူ၏အရွယ်နှင့်မလိုက် ဇွဲ သတ္တိရှိမှု၊ ရုန်းကန်မှုကိုလည်း ချီးကျူးမိပါသည်။

www.dhammaransi.com



ဆရာဦးကိုကိုမြိုင်သည် ထိုအချိန်မှစ၍ သူ၏ ထိုမောင်နှမနှစ်ဦး၏ စာအုပ်စာတမ်း ခဲတံဘိုးတို့ကို တာဝန်ယူပေးခဲ့သည်။

ဆရာဦးအောင်တင့်ကိုလည်း အကျိုးအကြောင်း ရှင်းပြရသည်။ မိမိနှင့်မိတ်ဆွေဆရာ ဆရာမများကိုပြောပြပြီး အဝတ်အစား စသည့်အကူအညီတောင်းပေးခဲ့ရသည်။

မောင်တင်ထွန်း စတုတ္ထတန်းကို ခက်ရာခက်ဆစ် ဘဝရုန်းကန်သည့်ကြားကပင် အောင်မြင်သွားခဲ့ပါသည်။

အထက(၁)မြောက်ဥက္ကလာပ၌ ပဥ္စမတန်း ဆက်တက်ရပါမည်၊ မည်သို့တက်မည်နည်း၊ အထက(၁) ကလည်း (၂)ချိန်ကျောင်းဖြစ်၍ တစ်ချိန်ကျောင်းတက်၍ တစ်ချိန်ကြုံရာ ရရာအလုပ်ကို လုပ်မည်ဟု ဆိုပါသည်။

ထိုနှစ်မှာပင် ဆရာဦးကိုကိုမြိုင်က အမက(၁၈)ကနေ အထက(၁)လမ်းမတော်(စိန့်ဂျွန်း)သို့ပြောင်းရွှေ့ရသည်။

ပညာကိုလိုလားသော တပည့်လေးအတွက် ပညာသင်စရိတ်လေး အထောက်အကူရစေချင်သည်။ လုပ်ပေးခဲ့ချင်သည်။

သို့အတွက် ဆရာဦးကိုကိုမြိုင်သည် တံတားကလေး လမ်းဆုံရှိ သိန်းကားဝပ်ရှော့ပိုင်ရှင်သူ၏ပြောမနာဆိုမနာ

www.dhammaransi.com



မိတ်ဆွေဖြစ်သူ ကိုဝင်းသိန်းထံ မောင်တင်ထွန်းဘဝအခြေအနေကိုပြောပြပြီး ပညာပါရမီကူညီသည့်အနေနှင့် ကားပပ်ရှော့၌ လက်တိုလက်တောင့်ခိုင်းအလုပ်သမားအဖြစ် လက်ခံပေးရန် ကျောင်းတက်ချိန်လေးကို ခွင့်ပေးရန် မေတ္တာရပ်ခံအပ်ခဲ့ရပါသည်။ ဦးဝင်းသိန်းကလဲ ကူညီစောင့်ရှောက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

ဤသို့ဖြင့် ဆရာဦးကိုကိုမြိုင်သည် မောင်တင်ထွန်းကို ဦးဝင်းသိန်းထံအပ်ပြီး လမ်းမတော် အထက(၁)သို့ ပြောင်းခဲ့ရသည်။

မောင်တင်ထွန်းသည် ကျိုးနွံသည်၊ ကြိုးစားသည်၊ သို့အတွက် ဦးဝင်းသိန်းကလည်း နောက်ပိုင်းတွင် သားတပည့်ကဲ့သို့ ချစ်ခင်ရှာသည်။ ကားမောင်း၊ ကားပြင်ပညာစုံသင်ပေးသလို သူတို့မိသားစုကိုပါ ဟံတားကလေးရပ်ကွက်သို့ ခေါ်ထားပြီး ကျူးကျော်အိမ်လေးတစ်လုံးဝယ်ပေးထားပြီး နေစေသည်။ ၎မငယ်ကို စံပြဘုန်းတော်ကြီးသင်ပညာရေးကျောင်းထားပေးသည်။

ဦးဝင်းသိန်းကူညီမှုဖြင့် မောင်တင်ထွန်း တစ်တန်းပြီးတစ်တန်းအောင်ခဲ့သလို သူ့ကိုစတင်ကူညီစောင့်ရှောက်ခဲ့သော ဆရာဦးကိုကိုမြိုင်သည်လည်း လမ်းမတော်မှ လသာမှ အင်းစိန်၊ အင်းစိန်မှ ပန်းဘဲတန်းမြို့နယ်ကျောင်းအသီးသီးသို့

www.dhammaransi.com



ပြောင်းခဲ့ရသည်။ ထိုမှတစ်ဖန် သာသနာရေးဦးစီးဌာန၊ ထိုမှတစ်ဖန် ပါတီဌာနချုပ်၊ ထိုမှတစ်ဖန် ယခုသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ရောက်ခဲ့ရပြီး သံသရာလည်ခဲ့ရသည်။

ထိုသံသရာလည်ခဲ့သမျှ ဘဝတစ်လျှောက် မောင်တင်ထွန်းကို မတွေ့ရတော့(၁၀)တန်းအောင်သောအခါ စစ်ထဲဝင်သွားသည်ဟု ကြားသိခဲ့ရသည်။

မောင်တင်ထွန်း၏အတိတ်၏အရိပ်သည် ဆရာဦးကိုကိုမြိုင် မျက်စိထဲဝယ် တရေးရေးပြန်မြင်မိပါသည်။

ဆရာတစ်ယောက်အနေဖြင့် အညတရလူငယ်တစ်ဦး မိမိ၏စေတနာ၊ မေတ္တာဖြင့်ကူညီခဲ့သဖြင့် ယခုလိုလူတစ်လုံး သူတစ်လုံးအဖြစ် နိုင်ငံသားကောင်းတစ်ယောက်အဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရပြီးဖြစ်သည်ကို ဝမ်းသာကြည်နူးမဆုံး ဖြစ်မိရပါသည်။

တပည့်ဝမ်းသာ မျက်ရည်လည်သလို ဆရာလည်းဝမ်းသာမျက်ရည်လည်မိရပါတော့သည်။

# ဆရာမြတ်၏ အားမာန်

ကျွန်မဟာ ငယ်ငယ်ကထဲက အလိုလိုက်ခံရပြီး လက်မွေးမီးမလောင် ခြေမွေးမီးမလောင် နေခဲ့ရသူ တစ်ဦးပါ။

တက္ကသိုလ်က ဘွဲ့ရလာတော့ အခြားသူတွေ ရုံးတွေမှာလုပ်ဖို့ ကြိုးစားကြပါတယ်။

ကျွန်မ့်ဘဝကတော့ မိဘက ဤမြို့မှာဆီစက် အသေးစားကလေးပိုင်ရှင်ဆိုတော့ စားဝတ်နေရေးအတွက် သိပ်ပူစရာ မလိုသလို အပိုဝင်ငွေရှာဘို့လဲ မလိုတဲ့သူတစ်ဦးပါ။

ကျွန်မက ကုန်သည်လဲဝါသနာမပါ၊ ရုံးလုပ်ငန်းလဲ ဝါသနာမပါ၊ မိဘကလဲ ဘာမျှမလုပ်ခိုင်းပါဘူး၊ ဒါပေမဲ့ ကိုယ်ရထားတဲ့ ဘွဲ့ကလေးကို အားနာပြီးအလုပ်ကလေး တစ်ခုလုပ်ဘို့စဉ်းစားမိပါတယ်။

အများအကျိုးပြု အထူးသဖြင့် ကလေးအကျိုးပြု လုပ်ငန်းဖြစ်တဲ့ ကျောင်းဆရာမလုပ်ငန်းကို ကျွန်မလုပ်ဘို့ စိတ်ကူးမိပါတယ်၊ ကျွန်မတို့ဘွဲ့ရတဲ့ခေတ်က ဆိုရှယ်လစ်စီးပွားရေးစနစ်ခေတ်ဆိုတော့ အလုပ်အကိုင်ကလဲ အစိုးရရုံးနှင့် ကျောင်းဆရာအလုပ်မှတစ်ပါး အခြားကသိပ်မရှိပါဘူး။

www.dhammaransi.com



ကျွန်မဟာ ကျောင်းဆရာမအလုပ်ကို လုပ်ဖို့ ဆုံးဖြတ်ပြီး မိဘညီအကိုမောင်နှမတွေကိုလဲ ပြောပြပါတယ်။ မိဘတွေကတော့ ကုသိုလ်ရတယ်၊ ကောင်းတယ်လို့ ထောက်ခံကြပါတယ်။ ညီအကိုမောင်နှမနဲ့ အသိုင်းအဝိုင်းကတော့ လူပင်ပန်းပြီး တက်လမ်းမရှိ အလွန်ဟုံးတဲ့ ဒီကျောင်းဆရာမအလုပ်ကို မလုပ်ဖို့ကန့်ကွက်ကြပါတယ်။

ဒါပေမဲ့ ဆုံးဖြတ်ချက်အတိုင်း ကျွန်မကျောင်းဆရာမအလုပ်ကို လျှောက်ပါတယ်။ တကယ်လျှောက်တော့မှ ကျောင်းဆရာမအလုပ်ကလဲ မလွယ်လှပါဘူး၊ မြို့ပေါ်မှာရဖို့ နေသာသာ ကိုယ်ပတ်ဝန်းကျင်ရှိကျေးရွာတွေမှာရဖို့တောင် မလွယ်ပါဘူး၊ ပြည်နယ် တောင်တန်းသွားမှရမဲ့အခြေအနေတွေ ဖြစ်နေရပါတယ်။

ကျွန်မအနေနဲ့ကတော့ ဗဟုသုတရအောင် ဟိုရှာ ဒေသသို့သွားပြီး ဆရာမသွားလုပ်ချင်ပါတယ်၊ ဒါပေမဲ့ မိဘတွေက လုံးဝခွင့်မပြုကြပါဘူး။

အဲဒီလို ပြည်နယ်၊ တောင်တန်းသွားလုပ်မယ်ဆိုရင် ကျောင်းဆရာမတောင် လုပ်ခွင့်မပြုနိုင်ဘူး၊ အိမ်ထောင်ချပေးလိုက်မယ်လို့ အကြပ်ကိုင်လာပါတယ်။ အဲဒါနဲ့ ကျွန်မကလဲ အိမ်ထောင်ချပေးခံရမှာ ကြောက်ပြီးမိဘစကားကို

www.dhammaransi.com



နားထောင်လိုက်ရပါတယ်။

ဒါပေမဲ့ ကံအားလျော်စွာဘဲ အသစ်ရောက်လာတဲ့ ပါတီယူနစ်ဥက္ကဋ္ဌနှင့် ဖေဖေက ကျောင်းနေဘက်သူငယ်ချင်းတွေဖြစ်နေတော့ သူရဲ့အကူအညီနှင့်ကျောင်းဆရာမအလုပ်တစ်နေရာရပါတယ်။ မြို့ပေါ်မှာတော့ မရပါဘူး၊ ကျေးလက်တံငါးရွာကလေးတစ်ရွာမှာ ရပါတယ်။

ထိုရွာသို့သွားပြီးအလုပ်ဝင်တော့ အလွန်ပင် စိတ်ဓာတ်ကျသွားပါတယ်။ ကျောင်းအုပ်က ကရင်အမျိုးသားဆရာကြီးတစ်ဦးပါ လက်ထောက်က ကျွန်မနှင့် စောမူဒီအုန်းဆိုတဲ့ ဆရာတစ်ယောက်ပါ၊ တစ်ကျောင်းလုံးမှ ဆရာကြီးအပါအဝင် ဆရာ(၃)ဦး၊ အတန်းက သူငယ်တန်းကနေ စတုတ္ထတန်းအထိ ဤဆရာ(၃)ဦးနှင့် ဘဲလှည့်ပတ်ပြီး ဘာသာစုံ၊ အတန်းစုံသင်ပေးနေရတဲ့ အခြေအနေပါ။

မိုးတွင်းကာလ ငါးသလောက်ပိုက်ချချိန်ကျရင် ကလေး တွေက မိဘတွေနှင့်အတူပါသွားတော့ ကျောင်းမတက်ကြပါဘူး၊ ငါးသလောက်ပိုက်ချချိန် အခြားလုပ်ငန်းတွေမရှိချိန်ကျ မှသာ ကျောင်းတက်ကြပါတယ်။

ကလေးတွေကြည့်တော့လဲ စာအုပ်စာတမ်းမပြည့်စုံ အဝတ်အစားသပ်သပ်ရပ်ရပ်မရှိ၊ အိမ်မှာနေ အဝတ်အစား

www.dhammaransi.com



နှင့်ဘဲဖြစ်သလိုလာပြီး ကျောင်းပျက်နေလေတော့ သူတို့ တစ်ကိုယ်လုံးဟာ ငါးညှီးစော်နံနေပါတယ်။

ကျွန်မအတန်းဝင်စကဆိုလျှင် သူတို့ရဲ့အနံ့တွေ ကြောင့် အော့အံချင်သလို ခေါင်းမူးသလိုတောင် ခံစား ရပါတယ်။

ကျွန်မတစ်ပါတ်တစ်ခါမှ အိမ်ပြန်ရပါတယ်၊ ကျွန်မကို မြို့ကဆရာမလေးမို့ မိန်းမအဖော်လဲရှိတဲ့ကောင်စီဥက္ကဋ္ဌ လူကြီးအိမ်မှာနေရာချပေးထားပါတယ်။ ကျေးရွာကောင်စီ ဥက္ကဋ္ဌကြီးသမီးက သတ္တမတန်းအထိ ပညာသင်ဖူး၍ သူမထံ မှ အကူအညီများစွာရပါတယ်။

ဒီကျောင်း ဒီကလေးတွေအခြေအနေတွေကို ဒခစ အဆုံးသိရတော့ ကျွန်မက မိဘတွေပြောပြတယ်။ သူတို့က အလုပ်ထွက်လိုက်ဘို့ ပြောပြတယ်။

လူကြီးအကူအညီနှင့် ခဲရာခက်ဆစ်ရထားတဲ့ ဒီ အလုပ်ကို ကျွန်မရုတ်ခြည်းရက်ထွက်ရမှာ နှမြောတယ်၊ အလုပ် ရအောင်လုပ်ပေးတဲ့လူကြီးကိုလဲ အားလဲနာတယ်။

ဒါကြောင့် အလုပ်ကတော့ မထွက်ဖြစ်ဘူး၊ ဆရာကြီး က တစ်ပါတ်မှာ နှစ်ရက်လောက်ဘဲ ကျောင်းကပ်နိုင်ပါတယ်၊ မြို့တက်ပြီး ပညာရေးအစည်းအဝေး၊ ပါတီအစည်းအဝေးနှင့်

www.dhammaransi.com



လာကာနီး ရေချိုးခြင်း၊ သနပ်ခါးလိမ်းခြင်းကို ကြပ်မတ်ရပါ တယ်၊ ကိုယ်တိုင်ကလဲ သနပ်ခါးတွေပေးရပါတယ်။

စာအုပ် စာတမ်းတွေ အလှူခံရပါတယ်၊ ကိုယ်တိုင် ရသောလစာကို သူတို့အတွက် အသုံးပြုရပါတယ်၊ လစာနှင့် မလောက်တော့ မိဘထံအကူအညီတောင်းရပါတယ်။

ဒုတိယအဆင့်နှင့် စာအုပ်စာတမ်းပြည့်စုံအောင် လုပ် ပေးရပါတယ်၊ တတိယအဆင့်အနေက ကျောင်းတက်ဘုရား ရှိခိုးမှု၊ နိုင်ငံတော်အလံအလေးပြုမှု၊ စုပေါင်းကဗျာရွတ်ဆိုမှု များကိုပြုလုပ်ပေးရပါတယ်၊ ညနေ(၃)နာရီကျောင်းဆင်းက တစ်နာရီ အားကစား မကစားမနေရပြုလုပ်ရပါတယ်။

ကလေးများ ကျောင်းမှန်မှန်တက်အောင်လဲ မိဘတွေနှင့် ညှိနှိုင်းဆွေးနွေးရပါတယ်၊ ပထမတော့ သိပ် လက်မခံကြပါဘူး၊ နောက်တော့ ကျွန်မရဲ့ပေးကမ်းထောက်ပံ့ မှု၊ စည်းကမ်းကလနားသတ်မှတ်မှုတွေကို မိဘအတော်များ များက သဘောကျပြီး လက်ခံလာကြပါတယ်။

နောက်တစ်ဆင့် ကျွန်မက မြို့ပေါ်လာတိုင်း ရသမျှ ရုပ်ပြကာတွန်းတွေရှာကြံယူလာပြီး ကလေးတွေကို စာဖတ် ချိန် တစ်ချိန်ပေးပြီး စာဖတ်စေပါတယ်။

အိမ်က ဓာတ်ခဲရေဒီယိုကိုယူလာပြီး သူတို့ကို သီချင်း

www.dhammaransi.com



နားထောင်ခိုင်း၊ ဇာတ်လမ်းပမာနားထောင်ခိုင်းလုပ်ရပါတယ်၊ ညပိုင်းကျရင်လဲ ကျွန်မကကောင်စီဥက္ကဋ္ဌကြီး၏ အိမ်အောက် ထပ်ကွပ်ပျစ်မှာ ကလေးတွေစုပြီး ပုံပြောပြခြင်း၊ ရေဒီယို နားထောင်ခိုင်းခြင်းပြုလုပ်ခဲ့ပါတယ်။

ကျွန်မနှင့် သန့်သန့်နုဟာ စိတ်ရောကိုယ်ပါ ကြိုးစား ခဲ့တဲ့အတွက်ကြောင့် အတော်ကလေးအောင်မြင်ခဲ့ပါတယ်၊ ရပ်ရွာကလဲ ကျွန်မတို့ရဲ့ ဆောင်ရွက်ချက် သူတို့ကလေးတွေ ရဲ့ သဘောကျနှစ်မြို့ချက်ကို အသိအမှတ်ပြုလာရပါတယ်။

ဆရာကြီးကတောင် ကျွန်မကိုချီးကျူးပြီး ဆရာမ ဒီရွာက မပြောင်းပါနဲ့ဟု မေတ္တာရပ်ခံလာပါတယ်။

ဒီကျောင်းရောက်လို့ ကျွန်မ(၂)နှစ်မြောက်မှာ ကျွန်မရဲ့ ဆရာမစိတ်ဓာတ်က အပြည့်အဝရှန်ပင်နေပြီး ဖြစ်ပါတယ်။

ကျွန်မ ဒီဇင်ဘာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဝင်နိုင်ဘို့ ကျွန်မကလေးတွေကို လေ့ကျင့်ပေးခဲ့ပါတယ်၊ ကျွန်မကလေးတွေက လေ့လျော်၊ ရေကူးလုပ်နေကျကလေး တွေဆိုတော့ ကျန်းမာသန့်စွမ်းမှုကို အထူးလေ့ကျင့်နေစရာ မလိုပါဘူး၊ ကစားနည်းစနစ်တကျတတ်ဘို့သာ အဓိက လေ့ကျင့်သင်ကြားပေးရတာဘဲ ရှိပါတယ်။

www.dhammaransi.com



ပေးဘို့ မိဘများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။

ကျွန်မဆရာလုပ်သက်(၃)နှစ်ရတော့ ဘိုကလေး ဆရာအတတ်သင်မှာ ဆရာဖြစ်သင်တန်း တစ်နှစ်တက်ရပါတယ်။ ဆရာအတတ်သင်တက်ပြီးတော့လဲ ဤရွာကျောင်းမှာဘဲ ဆရာမပြန်လုပ်ရပါတယ်။

ယခုအချိန်မှာ ကျွန်မဆရာမစိတ်ဓာတ်တွေဝင်ပြီး ဤကျောင်း ဤကလေးတွေတိုးတက်ရေးကို တစိုက်မတ်မတ် စျာန်ဝင်ပြီးပြုလုပ်ဆောင်ရွက်ခဲ့ရာ အခက်ခဲမျိုးစုံ ပြဿနာမျိုးစုံ တွေ့ခဲ့ရသော်လည်း စိတ်ဓာတ်မကျဘဲ ဆောင်ရွက်ခဲ့ရာ ကျွန်မဘဝမှာ အိမ်ထောင်သားမွေးဆိုတဲ့ဘဝကိုတောင် မစဉ်းစားမိခဲ့တော့ပါဘူး၊ ကျောင်းဆရာမအလုပ်မှာတော့ ကျောင်းအုပ်ဆရာမကြီးအဖြစ်ကိုရခဲ့သလို ကျွန်မမွေးထုတ်တဲ့ ဤရွာကလေးမှ သူနာပြုဆရာမများ၊ ကျောင်းဆရာမများ စာရေးမများပေါ်ထွက်ခဲ့ပါသည်။ ယောကျ်ားလေးဘက်ကလည်း တိုင်းပြည်သားကောင်းစစ်သားကောင်းများ ကျောင်းဆရာများပေါ်ထွက်ခဲ့ပြီး ယနေ့ဤရွာကလေးမဟုတ်တော့ပါ။ စာကြည့်တိုက်တွေ တီဗွီတွေနှင့်အဆင့်အတန်း မြင့်ခဲ့သော စံပြရွာတစ်ရွာဖြစ်ခဲ့ပါပြီ။

ဤကဲ့သို့သော စံပြရွာများပေါ်ထွန်းလာရေးတွင်

www.dhammaransi.com



ရပ်ရွာမှ အသိပညာရှင် အတတ်ပညာရှင်များစွာပေါ် ထွန်း လာဘို့ အရေးကြီးပါသည်။ ဤသို့ပေါ် ထွန်းလာဘို့အတွက် လည်း ရှေ့ဆောင်လမ်းပြဖြစ်သော ကျွန်မတို့ ဆရာ-ဆရာမ များနှင့် ရပ်မိရပ်ဖများ ရပ်ရွာ၌သြဇာညောင်းကြသော ရွာဦး ဘုန်းကြီးများသည် ခေတ်နှင့်ညီသော ခေတ်အမြင်ရှိကြပြီး တက်ညီလက်ညီ စုပေါင်းဆောင်ရွက်တတ်ကြဘို့ လိုအပ်ပါ သည်။ ကျေးရွာများသည် ဆရာ-ဆရာမများနှင့် ရွာဦး ဘုန်းကြီးကျောင်းတို့၏ သြဇာကို အလွန်အလေးထားကြပါ သည်။

သို့အတွက် ကျေးလက်ဒေသတာဝန်ကျသော ဆရာ ဆရာမများသည် တိုင်းချစ်ပြည်ချစ်စိတ်ရှိသော ဆရာ-ဆရာမများဖြစ်ရန်လိုအပ်သလို ရွာဦးဘုန်းကြီးကျောင်း ကလည်း ခေတ်မှီသော အတွေးအခေါ်နှင့် မိမိရပ်ရွာရှိ ကလေးများဘဝ ဖွံ့ဖြိုးရေးအတွက် ဆရာ-ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်ဟု ကျွန်မယုံကြည်မိ ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)

www.dhammaransi.com

# ဆရာတို့ဆောင်ရမည့် "စ" ခြောက်ပါး

၁။ စ - စေတနာမှန်ရမည်။

၂။ စ - စာရိတ္တကောင်းခြင်းနှင့်စည်းကမ်း
လိုက်နာမှုရှိရမည်။

၃။ စ - စိတ်ဓာတ်မွန်မြတ်ခိုင်မာမှုရှိရမည်။

၄။ စ - စာပေကို မပြတ်လေ့လာ နေတတ်ရမည်။

၅။ စ - စိစစ်ဝေဖန် ပိုင်းခြားတတ်ရမည်။

၆။ စ - စေလိုရာစေ သွားနိုင်ရမည်။

DESIGN